# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၉)

Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့။


**ဒို့တာဝန် အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ရောက်ရှိ

**ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင်ကျင်းပမည့် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၅ မိနစ်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံး အမြဲတမ်းအတွင်းဝန် Haji Abdul Mumin၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံအမတ်ကြီး၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်နှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုမည့် အစိုးရဧည့်ဂေဟာသို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံး အမြဲတမ်းအတွင်းဝန် Haji Abdul Mumin၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံ သံအမတ်ကြီး၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်နှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများက ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# စီးပွားရေးမြို့တော်ရန်ကုန်၌ယာဉ်ကြောပိတ်ဆို့မှုအများဆုံးနေရာများ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် ယာဉ်ကြောရှင်းလင်းပေးလျက်ရှိ

သတင်းမှတ်စု - ဝေယံဦး
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် အောက်တိုဘာ ၈**

စီးပွားရေးမြို့တော် ရန်ကုန်တွင် ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိရာ ခရီးသွားပြည်သူများအနေဖြင့် ဘတ်စ်ကားများ၊ ကိုယ်ပိုင်မော်တော်ယာဉ်များနှင့် တက္ကစီများပေါ်တွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေကြရသည့်အဖြစ်များ ကြုံတွေ့ရလျက်ရှိသည်။ ယခုအခါ ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့သည့်နေရာ ၅၀ တွင် ယာဉ်ကြောရှင်းလင်းပေးမှုပြုလုပ်နေပြီဖြစ်သည်။



ရန်ကုန်ယာဉ်ကြောပိတ်ဆို့မှုအများဆုံးတွင် တစ်နေရာဖြစ်သည့် မင်္ဂလာဈေးအနီးရှိ မအူကုန်းလမ်းကျယ်နေရာကို တွေ့ရစဉ်။

ထိုသို့ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားမှုအများဆုံးနေရာများဖြစ်သည့် ဟံသာဝတီအဝိုင်း၊ ရွှေဂုံတိုင်၊ ဘုရင့်နောင်စသည့်နေရာများတွင် ဦးစားပေး၍ ယာဉ်ကြောရှင်းလင်းမှုများ ပြုလုပ်ပေးလျက်ရှိသည်။ ထို့အတူ အခြားယာဉ်ကြောပိတ်ဆို့သည့် နေရာများတွင်လည်း ယာဉ်ထိန်းတပ်ဖွဲ့ဝင်များချထားကာ ယာဉ်ကြောရှင်းလင်းပေးမှု ပြုလုပ်မည်ဖြစ်သည်။

ထိုသို့ ရန်ကုန်မြို့တော်တွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြေရှင်းရန် ယာဉ်ထိန်းတပ်ဖွဲ့ဝင် ၄၀၀ ကျော်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး မော်တော်ယာဉ်မောင်းသူများကလည်း

*စာမျက်နှာ ၈ ကော်လံ ၁* ▲

## သ တင်း မာ တိ ကာ


ကမ္ဘာ့ပထမဆုံး ငှက်ဖျားထိုးဆေး ဗြိတိသျှပညာရှင်များ ထုတ်လုပ်နိုင်တော့မည် — *စာမျက်နှာ - ၄*

ဘရိုက်တန်နည်းပြဟောင်းကို ဆန်းဒါးလန်းနည်းပြခန့် — *စာမျက်နှာ - ၅*

အိမ်တွင်းအကြမ်းဖက်မှုအကြောင်း သိကောင်းစရာ — *စာမျက်နှာ - ၁၀*

နဂါးမောက်သီးနှင့် ကြက်မောက်သီး — *စာမျက်နှာ - ၁၅*


**ကြော်ငြာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### မယ်မြန်မာများ

ကျွန်ုပ်တို့နိုင်ငံတွင် ယခုနှစ်အတွင်း မယ်မြန်မာပြိုင်ပွဲများမှ တစ်ဆင့် နိုင်ငံတကာအဆင့် မယ်များအထိ ပေါ်ထွက်လာသည်ကို တွေ့ရပါသည်။ တစ်ကမ္ဘာလုံးတွင် အမြင့်ဆုံးမယ်ပြိုင်ပွဲဖြစ်သည့် Miss Universe 2013 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မယ်မြန်မာကိုလည်း အဆင့်ဆင့်ရွေးချယ်ခဲ့ပြီး ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် Miss များ နိုင်ငံအလိုက် ရွေးချယ်ပြီး Miss Universe, Miss World, Miss International အစရှိသဖြင့် ကမ္ဘာ့အဆင့်မီ မယ်ပြိုင်ပွဲကြီးများသို့ စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိသည်။ ဤသို့ မယ်ပြိုင်ပွဲကြီးများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မယ်များကို ခန္ဓာကိုယ်ရုပ်ဆင်းရူပကာ တစ်မျိုးတည်းကိုသာကြည့်ပြီး ရွေးချယ်ပေးခြင်း မဟုတ်ပါ။ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်သွယ်လျ လှပမှုရှိခြင်း၊ ပင်ကိုအရည်အသွေး talent ရှိခြင်း၊ သွက်လက်ချက်ချာမှုရှိခြင်း၊ လိမ္မာပါးနပ်မှုရှိခြင်း စသော အချက်များပေါ်တွင် အခြေခံ၍ ရွေးချယ်လေ့ရှိပါသည်။ ဤကဲ့သို့ အရည်အချင်းများနှင့် ပြည့်စုံသူများကိုသာ မယ်အဖြစ်ရွေးချယ်ကြပါသည်။ ထိုသို့ရွေးချယ်ကြခြင်းမှာ ရည်ရွယ်ချက်များ ရှိပါသည်။

ခန္ဓာကိုယ်သွယ်လျလှပစေရေးအတွက် ကျန်းမာရေးလေ့လာလိုက်စားကြရန် အသိပညာ၊ အတတ်ပညာ ကြွယ်ဝလာရေးအတွက် ဗဟုသုတများရှာမှီးတတ်ရန်၊ သွက်လက်ချက်ချာသော အမျိုးသမီးများ ပေါ်ထွက်လာရန် စသည်တို့ပင် ဖြစ်ပါသည်။ အမျိုးသမီးထု တစ်ရပ်လုံးက မယ်များတွင်ရှိအပ်သော အရည်အသွေးများကို ဂုဏ်ယူအားကျ အတုယူတတ်လာစေရန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အမျိုးသမီးများ၏ ဂုဏ်ဒြပ်ကို မြှင့်တင်ပေးခြင်းလည်း ဖြစ်သည်။

အမျိုးသမီးထုအတွင်း အရည်အချင်း၊ အရည်အသွေး ပြည့်ဝသော အမျိုးသမီးများ ပေါ်ထွက်လာမည်ဆိုပါက အရာရာတွင် အမျိုးသားများနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်စွမ်းမှာလည်း မြင့်မားလာမည်ဖြစ်ပါသည်။ ထူးချွန်ထက်မြက်သော အမျိုးသမီးများလည်း ပေါ်ထွက်လာမည်ဖြစ်ပါသည်။

သတိပြုရမည့် အချက်တစ်ချက်မှာ ရုပ်အဆင်းရူပကာ လှပမှုတစ်ခုတည်းဖြင့် မယ်မဖြစ်နိုင်ဟူသော အချက်ဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်သော အမျိုးသမီးများဖြစ်စေရန် ကျန်းမာရေးလေ့လာလိုက်စားခြင်း၊ အသိပညာ၊ ဗဟုသုတများ ရှာမှီးတတ်ခြင်းတို့မှာ မလွဲမသွေလိုအပ်မည် ဖြစ်ပါသည်။ လူသိများ ထင်ပေါ်ကျော်ကြား မယ်အဖြစ် အရွေးမခံရစေကာမူ ကျန်းမာရေးလေ့လာလိုက်စားခြင်း၊ အလှအပကို ထိန်းသိမ်းတတ်ခြင်း၊ မြန်မာ့ခလေ့ မြန်မာ့စရိုက် မပျောက်စေရန် ဝတ်စားဆင်ယင်တတ်ခြင်း၊ မိမိ၏အရည်အချင်းကို မမြဲမပြတ် မြှင့်တင်နေထိုင်တတ်ခြင်းတို့ ရှိကြမည်ဆိုလျှင် အားလုံးသည် မယ်မြန်မာများပင် ဖြစ်ပါသည်။ အမျိုးသမီးတိုင်းသည် မယ်မြန်မာများဖြစ်အောင် လေ့ကျင့်နေထိုင် အပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

# လုပ်ငန်းများနှောင့်နှေးမှုမရှိစေဘဲ ဥပဒေနှင့်အညီဖြေရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၈**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်အစီရင်ခံစာပါ ဝန်ကြီးဌာနနှင့် သက်ဆိုင်သော မြေယာကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာ၌ ပြည်ထောင်စုလွှတ်တော်မှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်အစီရင်ခံစာနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန် လုပ်ငန်းများကို အဓိက ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ မြေပြင်လက်ရှိဆောင်ရွက်နေမှုများကို အမှုတစ်ခုချင်းစီအလိုက် ဒေသအလိုက် မှတ်တမ်းများ စနစ်တကျထားရှိပြီး နိုင်ငံတော်အစိုးရသို့ အစီရင်ခံစာများ ပြုစုတင်ပြရန်နှင့် အဆင့်ဆင့် ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီစွာ လုပ်ငန်းရပ်များအလိုက် တစ်ခုချင်းစီကို လိုအပ်သော ညှိနှိုင်းပေါင်းစပ်မှုများဖြင့် ပြီးစီးအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအသီးသီးက တိုက်ရိုက် ဖြေရှင်းဆောင်ရွက်ကြရမည့် လယ်ယာမြေဆိုင်ရာ ကိစ္စရပ်များအနက် မိမိတို့ လယ်ယာမြေစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တိုက်ရိုက်ပါဝင်ဆက်နွှယ်နေသော စုံစမ်းရေးကော်မရှင်အစီရင်ခံစာပါ ကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့က ယခုလအတွင်း ရာနှုန်းပြည့်ပြီးပြတ်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရနှင့် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များအနေဖြင့် အမှန်တကယ် လုပ်ပိုင်ခွင့်ခံစားရမည့် တောင်သူလယ်သမားများ လက်ဝယ်သို့ ဥပဒေ၊ နည်းဥပဒေတို့ဖြင့် ညီညွတ်စွာ လွှဲပြောင်းနိုင်ရေးအတွက် လုပ်ငန်းရပ်တစ်ခုချင်းစီအလိုက် အစီရင်ခံစာများကို ရှင်းလင်းတိကျခိုင်မာစွာ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအုန်းသန်း (ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ) က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တိုက်ရိုက်ပါဝင်ဆက်စပ်နေသော စုံစမ်းရေးကော်မရှင်အစီရင်ခံစာပါ စိုက်ပျိုးရေးဦးစီးဌာနမှ ဖြစ်စဉ် (၄)ရပ်၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖြစ်စဉ် (၁၁)ရပ်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဖြစ်စဉ် (၅)ရပ် စုစုပေါင်းဖြစ်စဉ် (၂၀) နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဦးခင်ဇော် (ဆည်မြောင်း)က လုပ်ငန်းရပ်များကို ဥပဒေ၊ နည်းဥပဒေတို့နှင့် ကိုက်ညီမှန်ကန်စွာ ပြီးပြတ်အောင်ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ စက်မှုသီးနှံဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသတိုးအောင်တို့က အသီးသီးဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လုပ်ငန်းများနှောင့်နှေးမှုမရှိစေဘဲ ဥပဒေနှင့်အညီဖြေရှင်းရေး၊ ပြီးစီးမှုအခြေအနေကို အစိုးရအဖွဲ့ထံ အစီရင်ခံတင်ပြရေးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံ ညှိနှိုင်းတင်ပြရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြို့တွင်းလမ်းများ ဒေသခံများက ပြုပြင်ပေးစေလို

**ထင်သာမြင်သာ ပြုပြင်စရာ**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များရှိ လူစည်ကားရာ အချက်အချာကျသော မြို့ကျက်သရေဆောင် သာသနာ ၂၅၀၀စေတီ ရေလယ်ဘုရား ရွှေဟောင်းကျုံးကြီးသို့ အဓိကသွားသည့်လမ်းနှင့် ကိုယ့်အားကိုယ့်ကိုး ကတ္တရာလမ်းများမှာ ယခင်အချိန်ကာလတွင် ကတ္တရာလမ်းများနှင့် မြေနီလမ်းများမှာ ကောင်းမွန်စွာ ရှိခဲ့သော်လည်း ယနေ့ အချိန်အခါတွင် မြို့တွင်းလမ်းများမှာ လူဦးရေများပြားလာပြီး ဖွံ့ဖြိုးလာသည်နှင့်အမျှ နေ့စဉ်လှုပ်ရှားသွားလာနေကြသော ကုန်တင်ယာဉ်ကြီးများနှင့် ယာဉ်ငယ်များ ဖြတ်သန်းသွားလာလျက်ရှိရာ လမ်းများသည် ကတ္တရာများပေါက်ပြဲခြင်း၊ ပျက်စီးယိုယွင်းခြင်း၊ ရေနုတ်မြောင်းများ ပိတ်ဆို့ခြင်းကြောင့် ပျက်စီးလျက်ရှိရာ ဒေသအတွင်း ပြည်တွင်း ပြည်ပ ခရီးသွားများ မကြာခင် ဝင်ရောက်လာတော့မည်ဖြစ်၍ ဒေသခံအများစုက အဆိုပါ လမ်းများကို ပြန်လည်ပြုပြင်နိုင်ရန်အတွက် ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား ပူးပေါင်းဆောင်ရွက်စေလိုကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**






## လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် သတိပြု

# မီးဘေးသင့်အိမ်များ အိမ်ပြန်လည်တည်ဆောက်ပေး

**ကန့်ဘလူ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာသည် တည်ငြိမ်အေးချမ်းလျက်ရှိပြီး အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်။ အဆိုပါကျောင်းတွင် မီးဘေးသင့် အိမ်ထောင်စုဝင်များ၏ သားသမီး၊ ကျောင်းသားကျောင်းသူ ၄၈ ဦးသည်လည်း သက်ဆိုင်ရာ အတန်းအသီးသီးတွင် တက်ရောက် ပညာသင်ယူနေကြပြီဖြစ်သည်။ ၎င်းကျောင်းသား ကျောင်းသူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြို့နယ်ပညာရေးမှူးတို့က ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၅ ရက်က တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီးဦးကျော်ဝင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ ကယ်ဆယ်ရေးစခန်းတွင် မီးဘေးသင့်အိမ်ထောင်စုဝင်များကို အားပေးစကားပြောကြားသည်။ ထို့နောက် မီးဘေးသင့်အိမ်ထောင်စုများအတွက် အသစ်ပြန်လည်တည်ဆောက်နေသော နေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး ကျန်ရှိနေသော နေအိမ်များဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။ စုစုပေါင်း နေအိမ် အလုံး ၅၀ ဆောက်လုပ်ပေးသွားမည်ဟု အလှူရှင်ထံမှ သိရသည်။ ယခုအခါ နေအိမ်ရှစ်လုံးမှာ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**







ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သောအဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Syamim Nabilah Daud နှင့်တာဝန်ရှိသူများက လေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးရဲထွဋ်၊ ဒေါ်သိန်းသိန်းဌေး၊ ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်ကြသူများနှင့်အတူ တွေ့ရစဉ်။**
(သတင်းစဉ်)

# ကျောက်ဆည်ခရိုင် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

ကျောက်ဆည်အသင်း(ရန်ကုန်)က နှစ်စဉ် ဦးစီးကျင်းပသော ကျောက်ဆည်ခရိုင် လေးမြို့နယ် (ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး) ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၈ နာရီတွင် ကျောက်ဆည်မြို့တော် ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

**ကျင်းပမည်**

ထိုနေ့ မွန်းတည့် ၁၂ နာရီတွင် စဉ့်ကိုင်မြို့ အရဏ်တော်ဆွမ်းလောင်းအသင်း ဓမ္မာရုံ၌ ဆဋ္ဌမအကြိမ်မြောက် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်၍ ကျောက်ဆည်အသင်း (ရန်ကုန်)အမှုဆောင်နှင့် အသင်းဝင်များ၊ စဉ့်ကိုင်မြို့နယ်မှ ကန်တော့ခံဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများကို ရန်ကုန်မြို့မှ ကျောက်ဆည်မြို့သို့ အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီတွင် ရွှေမန်းသူ အမြန်ယာဉ်ဖြင့် ပို့ဆောင်ပေးမည်ဖြစ်သည်။

**မျိုးမြင့်**

❒ **ကျောဖုံးမှ**

ဖလှယ်နိုင်ခြင်းဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများနှိမ်နင်းမှုနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စများဖြေရှင်းရာတွင် များစွာအထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားပြီး အာဆီယံနိုင်ငံများ၏ ထောက်လှမ်းရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေး၊ သတင်းအချက်အလက်ဖလှယ်နိုင်ရေးနှင့် ဒေသတွင်းဖြစ်ပေါ်လာသည့် ခြိမ်းခြောက်မှုများထိရောက်စွာဖြေရှင်းနိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်အသုံးပြုသူ မိဘပြည်သူများသို့ အသိပေးတင်ပြခြင်း

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အင်တာနက်အသုံးပြုသူမိဘပြည်သူများ၏ အင်တာနက်ချိတ်ဆက်အသုံးပြုမှု မြန်ဆန်တည်ငြိမ်မှုရရှိစေရေးအတွက် ဆက်သွယ်မှုကွန်ရက် တိုးတက်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ စီမံကိန်းအရ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များတွင် ISP နှင့် National Gateway များ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တပ်ဆင်ခြင်းလုပ်ငန်းများကို သတင်းအချက်အလက်နှင့် နည်းပညာဌာနနှင့် NTT Communications တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နေပြည်တော်တွင် လက်ရှိ ရန်ကုန် ဟံသာဝတီ ISP Network နှင့် ချိတ်ဆက်ထားသော နေပြည်တော် POP အား အသစ်တပ်ဆင်ပြီးဖြစ်သော နေပြည်တော် New ISP Network အသစ်ပေါ်သို့ အောက်ဖော်ပြပါအချိန်တွင် ပြောင်းရွှေ့ချိတ်ဆက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါအချိန်တွင် ပြောင်းရွှေ့ချိတ်ဆက်မည့် နေပြည်တော် POP ဧရိယာအတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်အသုံးပြုနိုင်မှုများ ခေတ္တပြတ်တောက်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

| စဉ် | ရက်စွဲ | အချိန် | POP အမည် | ပြတ်တောက်ချိန် |
|---|---|---|---|---|
| ၁ | ၁၁-၁၀-၂၀၁၃ | နံနက် ၀၂:၀၀ နာရီမှ ၀၂:၁၅ နာရီအထိ | နေပြည်တော် POP | ၁၅ မိနစ် |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အပြည်ပြည်ဆိုင်ရာပါလီမန်များညီလာခံအစည်းအဝေး ပထမနေ့သို့တက်ရောက်



**ဂျီနီဗာ အောက်တိုတာ ၈**

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပလျက်ရှိသည့် (၁၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပါလီမန်များညီလာခံ ပထမနေ့အစည်းအဝေးသို့ တက်ရောက်သည်။**

(၁၂၉)ကြိမ်မြောက် IPU ညီလာခံအစည်းအဝေးတွင် IPU ဥက္ကဋ္ဌ H.E.Mr. Abdelwahad Radiက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

**တက်ရောက်**

အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ (Inter- Parliamentary Union- IPU)သည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပါလီမန်(လွှတ်တော်)များ စုပေါင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းကြီးဖြစ်သည်။ IPU ကို ၁၈၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးအတွက် ကမ္ဘာ့နိုင်ငံများ၊ ပြည်သူများအကြား ဆွေးနွေးရေးအဖွဲ့အစည်းအဖြစ် ရပ်တည်ခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် IPU အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ယင်းနောက် ၁၉၆၃ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံသည် အာဆီယံပါလီမန်များ ညီလာခံ (AIPA)တင်းပြည့်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာပြီးနောက် IPU အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ရေး အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဧပြီ ၅ ရက်တွင် မြန်မာနိုင်ငံအား IPU အဖွဲ့ဝင်နိုင်ငံအဖြစ် (Governing Council) က လက်ခံဆုံးဖြတ်ခဲ့သည်။ ၂၀၁၃ခုနှစ် (၁၂၉) ကြိမ်မြောက် IPU အစည်းအဝေးသို့ အဖွဲ့ဝင် ၁၆၂ နိုင်ငံနှင့် တွဲဖက်အဖွဲ့ဝင် ကိုးနိုင်ငံမှ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိသည်။

**တွေ့ဆုံဆွေးနွေး**

IPU အစည်းအဝေး တက်ရောက်လျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်နာယကသည် စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီတွင် မော်ရိုကိုနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ(President of House of Councillors) ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့် IPU ညီလာခံ Salle(11)ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနောက် ညနေပိုင်းတွင် IPU ဥက္ကဋ္ဌ H.E.Mr. Abdelwahad Radi နှင့်လည်းကောင်း၊ အိုင်ယာလန်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. William Hay ဦးဆောင်သောအဖွဲ့နှင့်လည်းကောင်း၊ IPU, Secretary-General Mr. Arders B. Johnsson နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**




နိုင်ငံတကာသတင်း

# ကမ္ဘာ့ပထမဆုံး ငှက်ဖျားထိုးဆေး ဗြိတိသျှပညာရှင်များ ထုတ်လုပ်နိုင်တော့မည်

**လန်ဒန် အောက်တိုဘာ ၈**

ကမ္ဘာ့ပထမဆုံးသော ငှက်ဖျားရောဂါ ထိုးဆေးကို အောင်မြင်စွာ ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း ဗြိတိသျှဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ဂလာဆိုစမစ်ကလင်းက ပြောကြားလိုက်သည်။

အဆိုပါ ငှက်ဖျားထိုးဆေးထုတ်လုပ်လာနိုင်သည်နှင့်အမျှ အာဖရိကကလေးများတွင် ဖြစ်ပွားနေသော ငှက်ဖျားရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်လိမ့်မည်ဟု ဆိုသည်။ စမ်းသပ်သုတေသနပြုချက်များအရ ကမ္ဘာ့ပထမဆုံး ငှက်ဖျားရောဂါထိုးဆေးဖြစ်လာဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ပြောသည်။

ငှက်ဖျားရောဂါသည် ခြင်တွင်ဖြစ်ပွားသော ကပ်ပါးပိုးကြောင့်ဖြစ်ပြီး နှစ်စဉ်ကမ္ဘာတစ်ဝန်း ယင်းရောဂါကြောင့် လူထောင်ပေါင်းများစွာ သေဆုံးလျက်ရှိသည်။ ထိရောက်သော ထိုးဆေးသည် အဆိုပါရောဂါကို အမြစ်ပြတ်ဖယ်ရှားပစ်ရန် ကြိုးစားနိုင်သည့် အဓိကအချက်ပင်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောသည်။

RTS,S ဟု လူသိများသည့် အဆိုပါထိုးဆေးသည် ကလေးများတွင် ဖြစ်ပွားသော ငှက်ဖျားရောဂါကို ထက်ဝက်နီးပါးလျှော့ချနိုင်မည်ဟု ဆိုသည်။

၎င်းထိုးဆေးကို ဘီလ်နှင့်မလင်ဒါဂိတ်ဖောင်ဒေးရှင်း၏ ရန်ပုံငွေဖြင့် အကျိုးအမြတ်မယူဘဲ ထုတ်လုပ်လျက်ရှိသည်။ **(ဘီဘီစီ)**



အင်ဂိုလာသမ္မတ၏ သမီး အစ္စဘယ် ဒေါ့ဆန်တို့စ်

# အာဖရိကတွင် ဘီလျံနာ ၅၅ ဦးရှိ အင်ဂိုလာသမ္မတ၏ သမီးလည်းပါဝင်

**နိုင်ရိုဘီ အောက်တိုဘာ ၈**

အာဖရိကတိုက်တွင်ဘီလျံနာ ၅၅ ဦးရှိရာ ယခင်ခန့်မှန်းထားသည်ထက်များပြားလာသည်ကို တွေ့ရကြောင်း နိုင်ဂျီးရီးယားအခြေစိုက် ငွေကြေးဆိုင်ရာ မဂ္ဂဇင်းတွင်ဖော်ပြသည်။

အဆိုပါ သန်းကြွယ်သူဋ္ဌေးကြီးများစာရင်းတွင် အမျိုးသမီးသုံးဦးပါဝင်သည်။ ၎င်းတို့မှာ ကင်ညာသမ္မတ၏ မိခင်၊ အင်ဂိုလာ သမ္မတ၏ သမီးနှင့် နိုင်ဂျီးရီးယားရေနံသူဋ္ဌေးနှင့် ဖက်ရှင်ဒီဇိုင်နာတို့ဖြစ်ကြသည်။

အမျိုးသားများတွင် အချမ်းသာဆုံးမှာ နိုင်ဂျီးရီးယားနိုင်ငံသား အလီကို ဒန်ကိုတေးဆိုသူ ဖြစ်သည်။ သူသည် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂ ဘီလီယံချမ်းသာသည်ဟု ဗင်းချားမဂ္ဂဇင်းက ဖော်ပြသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခုအတွင်း အာဖရိက၌အလွန် ဆင်းရဲနွမ်းပါးသူ အရေအတွက်သည် ၂၀၅ သန်းမှ ၄၁၄ သန်းအထိ မြင့်တက်လာကြောင်း ကမ္ဘာ့ဘဏ်က ဧပြီလတွင် ပြောကြားခဲ့သည်။ သို့ရာတွင် ယခုအခါ အာဖရိက၌ ချမ်းသာသူများ ရှိနေပြီဟု ဆိုသည်။

အဆိုပါချမ်းသာသူ ၅၅ ဦးတွင် နိုင်ဂျီးရီးယားမှ ၂၀၊ တောင်အာဖရိကမှ ကိုးဦးနှင့်အီဂျစ်မှ ရှစ်ဦး ပါဝင်ကြောင်း ဗင်းချားမဂ္ဂဇင်းက ဖော်ပြသည်။ ၎င်းအချမ်းသာဆုံး ၅၅ ဦးနှင့် နှိုင်းစာလျှင် ပြီးခဲ့သည့်နှစ်က အမေရိကန်ငွေကြေးဆိုင်ရာ မဂ္ဂဇင်းဖောဘက်က ထုတ်ပြန်ခဲ့သည့် ၁၆ ဦးစာရင်းထက်ပိုမိုများပြားနေသည်ဟု ဆိုသည်။

အာဖရိက သန်းကြွယ်သူဋ္ဌေး ၅၅ ဦးပိုင်ဆိုင်မှုအားလုံးကို တွက်ကြည့်လျှင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၈၈ ဘီလီယံရှိသည်။ တစ်ဦးလျှင် ပျမ်းမျှ ၂ ဒသမ ၆ ဘီလီယံ ပိုင်ဆိုင်သည်။ **(ဘီဘီစီ)**

# မူးယစ်ထိန်းချုပ်ရေးအကြီးအကဲ ကိုကာရွက်ရောင်းစား၍ အဖမ်းခံရ

**ဘိုလီးဗီးယား အောက်တိုဘာ ၈**

ဘိုလီးဗီးယားမူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် စက်မှုအေဂျင်စီအကြီးအကဲအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းချမှုနှင့်ရာဇဝတ်မှုများ ကျူးလွန်သည်ဟု စွဲချက်များဖြင့် ဖမ်းဆီးလိုက်သည်။ လူးအစ်ကူပီတာအမည်ရှိ အဆိုပါ တာဝန်ရှိသူသည် ကိုကာရွက် ၄၅ တန်ကို ၎င်း၏ဆွေမျိုးတော်စပ်သူများမှတစ်ဆင့် မူးယစ်ဆေးဝါးရောင်းဝယ်သူများကို ရောင်းချခဲ့ကြောင်း အစိုးရရှေ့နေများက ပြောသည်။ မစ္စတာကူပီတာသည် ကိုကာရွက်ရောင်းချခွင့်လိုင်စင်ကြေးကိုလည်း တိုးမြှင့်ကောက်ခံသည်ဟု စွပ်စွဲခံရသည်။ ၎င်းအား အာဏာအလွဲသုံးစားလုပ်မှုဖြင့် အရေးယူသွားမည်ဟု အစိုးရရှေ့နေများက ပြောသည်။ **(ဘီဘီစီ)**

# ဂျပန်ကျည်ဆန်ရထားနည်းပညာ အိန္ဒိယကိုပေးရန်လေ့လာမည်

**ကျိုတို အောက်တိုဘာ ၈**

ဂျပန်နိုင်ငံ၏ ကျည်ဆန်ရထား နည်းပညာကို အိန္ဒိယနိုင်ငံသို့ နည်းပညာမိတ်ဆက်အနေဖြင့် ပေးအပ်ရေး ဂျပန်နှင့်အိန္ဒိယတို့ပူးပေါင်းကာ စမ်းသပ်လေ့လာမှုတစ်ခု ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း အောက်တိုဘာ ၈ ရက် အင်န်အိတ်ချ်ကေ သတင်း၌ ဖော်ပြထားသည်။

ဂျပန်အစိုးရ၏ ထောက်ပံ့ဘဏ္ဍာတစ်စိတ်တစ်ပိုင်းပါဝင်ကာ ရပ်တည်နေသော ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံ မီးရထားဝန်ကြီးဌာနတို့သည် ပြီးခဲ့သည့် အောက်တိုဘာ ၇ ရက်က ဒေလီမြို့၌ သဘောတူစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

အဆိုပါစမ်းသပ်လေ့လာမှုသည် အကြမ်းအားဖြင့် အိန္ဒိယနိုင်ငံ၏စီးပွားရေးမြို့တော် မွမ်ဘိုင်းမြို့နှင့် အနောက်ပိုင်းဒေသ စက်မှုမြို့တော် အမရာဘတ်မြို့နှစ်မြို့ကြားရှိ ကီလိုမီတာ ၅၀၀ ခရီးကို လေ့လာမှုပြုလုပ်မည်ဖြစ်သည်။ အိန္ဒိယအစိုးရသည် အဆိုပါခရီးအကွာအဝေး၌ တည်ဆောက်မည့် အမြန်ရထားလမ်းတည်ဆောက်မှုအတွက် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံလျာထားသည်။ ဂျပန်နိုင်ငံ၏ ရှင်ကန်ဆင် ကျည်ဆန်ရထားများ၏ ရထားလမ်းတည်ဆောက်မှုနှင့် အဆိုပါစီမံကိန်း၏ အကျိုးအမြတ်တို့ကိုပါ လေ့လာမှုပြုမည်ဖြစ်သည်။ စီမံကိန်းကာလကို ၁၈ လကြာမည်ဟု ရေးဆွဲထားသည်။

၎င်းလေ့လာမှုရလဒ်ကို အခြေခံကာ အိန္ဒိယအစိုးရအနေဖြင့် ရှင်ကန်ဆင်နည်းပညာကို အသုံးပြု မပြုဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

ပြင်သစ်အပါအဝင် အခြားနိုင်ငံများသည်လည်း အိန္ဒိယနိုင်ငံသို့ အမြန်ရထားနည်းပညာကို ရောင်းချရန်ကြိုးစားနေကြပြီး ဂျပန်နိုင်ငံသည် အိန္ဒိယက လက်ခံလိုက်သော စမ်းသပ်လေ့လာမှုစီမံကိန်းပြုလုပ်ခွင့်ရသည့် ပထမဆုံးနိုင်ငံဖြစ်သည်။ မီးရထားနည်းပညာရောင်းချမှုနှင့် အခြားသောအခြေခံအဆောက်အအုံ ပုံစံဆိုင်ရာနည်းပညာများ ရောင်းချမှုသည် ဂျပန်နိုင်ငံစီးပွားရေး၏ အဓိက ပင်မကျောရိုးတစ်ခုပင်ဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**



# ဆူမတြားကြံ့များ ဗီဒီယိုမှတ်တမ်း၌တွေ့ရှိ

**ဂျကာတာ အောက်တိုဘာ ၈**

ရှားပါးပျောက်ကွယ်မျိုးသုဉ်းခဲ့ပြီဟုယူဆခဲ့သော ဆူမတြားကြံ့များကို ဆယ်စုနှစ် နှစ်ခုကြာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းရှိ ကာလီမင်တန်အပိုင်းတွင် ဗွီဒီယိုမှတ်တမ်း၌ တွေ့ရှိရကြောင်း အောက်တိုဘာ ၈ ရက် သတင်းတွင် ရေးသားထားသည်။

ဆူမတြားကြံ့များ**(ယာပုံ)**သည်ဆူမတြားကျွန်းနှင့်ဘော်နီယိုကျွန်းများပေါ်၌ နေထိုင်ကျက်စားကြသည်။ သစ်တောပြုန်းတီးလာခြင်းနှင့် တရုတ်ဆေးဝါးဖော်စပ်ရာတွင် ကြံ့များအသုံးပြုကြခြင်းကြောင့် ခိုးယူဖမ်းဆီးခံကြရသဖြင့် ကြံ့ကောင်ရေ သိသိသာသာဖြင့် စိုးရိမ်ဖွယ်အနေအထားအထိ ကျဆင်းခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ်ကတည်းကပင် ကာလီမင်တန်၌ အဆိုပါကြံ့များ မျိုးသုဉ်းလုနီးပါးရှိနေ ပြီဟုယူဆထားခဲ့ကြသည်။ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့(WWF) နှင့်ဒေသဆိုင်ရာ တာဝန်ရှိသူများပူးပေါင်းကာ ကာလီမင်တန်ဒေသနေရာ ၁၆ခု၌ ဗီဒီယိုကင်မရာများတပ်ဆင်စောင့်ကြည့်ခဲ့ရာမှ ဇွန်လနှင့် ဩဂုတ်လအတွင်း မှတ်တမ်းသုံးခုမျှရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါကြံ့များသည် တောထဲ၌ အစာရှာစဉ်၊ အအေးခံတ်ရရန် အိုင်လူးနေစဉ် အချိန်၌ တွေ့ရခြင်းဖြစ်သည်။ တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရန် ကာကွယ်ရန်နှင့် ခိုးယူဖမ်းဆီးခြင်းမှ ကာကွယ်ရန်အတွက်(WWF)အနေဖြင့်အင်ဒိုနီးရှားအစိုးရနှင့်ဒေသဆိုင်ရာ အာဏာပိုင်များနှင့်ပူးပေါင်းပြီး ခိုင်မာသည့်စီမံချက်များ အတူလုပ်ဆောင်ရန် မျှော်လင့်ကြောင်း(WWF)မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(အင်န်အိတ်ချ်ကေ)**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်/မြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု ပြည်နယ်လမ်း-တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** **အမှတ်(၂)**

၁။ **လိုအပ်သောကျောက်မျိုးစုံ** - (၁၉၆၇.၆၄၆)ကျင်း

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၂-၁၀-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၄-၁၀-၂၀၁၃ရက်၊ ၉နာရီ

၄။ **တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၁၄၂

၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**






# ဟော်လန်တို့ရှင်ပွဲစရာမလိုတဲ့ ဥရောပဇုန်ခြေစစ်ပွဲ

မိုးမြင့်လင်းလက်

ဥရောပဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့အုပ်စု(D)နဲ့ အုပ်စု(E)တို့ ပွဲစဉ်တွေကို အောက်တိုဘာ ၁၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ဟော်လန်နဲ့ဟန်ဂေရီ၊ အယ်လ်ဘေးနီးယားနဲ့ဆွစ်ဇာလန်တို့ပွဲတွေက ပရိသတ်တွေအတွက် ရသကောင်းတွေ ပေးစွမ်းကြပါဦးမယ်။ ဘယ်လိုပဲဖြစ်ဖြစ် စိတ်အေးလက်အေးနဲ့ အားပေးကြမှာကတော့ ဟော်လန်ပရိသတ်တွေပဲဖြစ်ပါတယ်။

### ဟော်လန်နှင့် ဟန်ဂေရီ

အုပ်စု(D)မှာတော့ ဟော်လန်တို့ ရှစ်ပွဲကစား၊ ရှုံးပွဲမရှိနဲ့ခြေစစ်ပွဲအောင်သွားခဲ့ပြီဖြစ်ပါတယ်။ ဟန်ဂေရီကတော့ ဒုတိယနေရာမှာ ရပ်တည်နေပြီး အဲဒီဒုတိယနေရာမြဲဖို့ဆိုတာ ခက်ခဲနေပါတယ်။

တူရကီနဲ့ရိုမေးနီးယားတို့က ဟန်ဂေရီထက် ပွဲတူ တစ်မှတ်သာ လျော့နည်းနေတာမို့ ဒီပွဲမှာ ဟန်ဂေရီအမှတ်ရယူရေး တိုက်စစ်ဖွင့် ကစားပါလိမ့်မယ်။ ဟော်လန်မှာ အဓိကပွဲထွက်ကစားသမားတွေက အပြည့်အဝ စုစည်းပြီး ပွဲထွက်နိုင်ဖို့ မသေချာပေမယ့် ဟန်ဂေရီကို အလျှော့ပေးမှာတော့ မဟုတ်ပါဘူး။ ဟန်ဂေရီအတွက် ဒီပွဲရလဒ်ကတော့ ပရိသတ်တွေအဖို့ ရင်လေးစရာပါပဲ။

### အက်စ်တိုးနီးယားနှင့် တူရကီ

တူရကီတို့အနိုင်ရမှဖြစ်မယ့် စိတ်ဓာတ်နဲ့ကစားပါလိမ့်မယ်။ အုပ်စုဒုတိယနေရာကို ယူဖို့အတွက် ဟန်ဂေရီ ပွဲကျပ်တွေ့နေချိန်မှာ တူရကီတို့ အက်စ်တိုးနီးယားကို အနိုင်ကစားဖို့ ဆုံးဖြတ်ပါလိမ့်မယ်။ တူရကီဟာ ခြေစစ်ပွဲ အောင်ဖို့အတွက် အဝေးကွင်းဆိုပေမယ့် ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်ကုန်ဆုံးနေတဲ့ အက်စ်တိုးနီးယားကို တူရကီတို့ အနိုင်ယူပြီးကျော်ဖြတ်မှာ သေချာပါတယ်။

### ဆလိုဗေးနီးယားနှင့် နော်ဝေ

နော်ဝေဟာ ဆလိုဗေးနီးယားကို ခက်ခဲစွာ ဖြတ်ကျော်ရမှာဖြစ်ပါတယ်။ ဆလိုဗေးနီးယားဟာ ခြေစွမ်းမာကျောတဲ့အပြင် တိုက်ပွဲဝင်စိတ်ဓာတ်လည်း မြင့်မားနေပါတယ်။

အစဉ်အလာအရ နော်ဝေဟာ ဆလိုဗေးနီးယားကို ငယ်နိုင်ဖြစ်ပေမယ့် ဒီပွဲမှာအကြိတ်အနယ်နွှဲရမယ့် အနေအထားပါပဲ။ ဒီနှစ်မှာ ခြေစွမ်းအရတော့ နော်ဝေဘက်ကို စိတ်ယိုင်မိတာအမှန်ဖြစ်ပါတယ်။

### အယ်လ်ဘေးနီးယားနှင့် ဆွစ်ဇာလန်

ဆွစ်ဇာလန်အတွက် အခုပွဲအနိုင်ရရင် ခြေစစ်ပွဲအောင်မြင်ပြီဖြစ်လို့ ဖောင်ဖျက်ပြီး တိုက်စစ်ဆင်ဖို့ ပြင်ဆင်မှာအသေအချာပါပဲ။ အယ်လ်ဘေးနီးယားအတွက်ကတော့ ရလဒ်ပိုင်းတွေကောင်းအောင် ပြင်ဆင်ရဦးမှာဖြစ်ပြီး ဆွစ်ဇာလန်ကို အိမ်ကွင်းမှာ အနိုင်မရနိုင်ပါဘူး။ ဒီပွဲမှာ ဆွစ်ဇာလန်အတွက်ပဲ စဉ်းစားရင်ကောင်းပါလိမ့်မယ်။

### လူဇင်ဘတ်နှင့် ရုရှား

ရုရှားဟာ လူဇင်ဘတ်အတွက် ခက်ခဲမယ့် ပုစ္ဆာတစ်ပုဒ်ပါပဲ။ ရုရှားနဲ့ဆုံတိုင်း ဂိုးပြတ်သွင်းခံရမှုတွေအပေါ် မကျေမနပ်ဖြစ်နေတဲ့ လူဇင်ဘတ်တို့ ဂိုးမရဘဲ ရုရှားရဲ့ခြေစွမ်းကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။



# ဘရိုက်တန်နည်းပြဟောင်းကို ဆန်းဒါးလန်းနည်းပြခန့်

ဆန်းဒါးလန်းအသင်းက ဘရိုက်တန်နည်းပြဟောင်း ဂုစ်ပိုရက်ကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။ ကြောင်နက်များဟု တင်စားထားသည့် ဆန်းဒါးလန်းအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အောက်ဆုံးသို့ ရောက်ရှိနေသည်။ နည်းပြပေါ်လိုဒီကာနီယိုသည် ၁၃ ပွဲသာ ကိုင်တွယ်ပြီး နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သည်။ အသက် ၄၅ နှစ်ရှိ ပိုရက်အား ဇွန်လတွင် ဘရိုက်တန်အသင်းက အလုပ်ဖြုတ်ခဲ့သည်။ ၎င်းအား ဆန်းဒါးလန်းက နှစ်နှစ်စာချုပ်ဖြင့် ချုပ်ဆိုထားသည်။

ပိုရက်သည် ဥရုဂွေးလက်ရွေးစင် ဘောလုံးသမားဟောင်းဖြစ်ပြီး ငါးနှစ်အတွင်း ဆန်းဒါးလန်းအသင်း၏ ခြောက်ဦးမြောက် နည်းပြဖြစ်လာသည်။ ဆန်းဒါးလန်းအသင်းတွင် စိန်ခေါ်မှုများစွာ ရှိနေသော်လည်း ပရီမီယာလိဂ်တွင် နည်းပြလုပ်ရမည်ကို ဂုဏ်ယူမိကြောင်း ပိုရက်က ပြောကြားသည်။

# ချန်ပီယံများတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာလွဲ

ကမ္ဘာ့နံပါတ်-၃ တင်းနစ်အားကစားမယ်ရှာရာပိုဗာသည် ယခုလကုန်ပိုင်းတွင် အစ္စတန်ဘူလ်၌ကစားမည့် ရာသီကုန်ဒဗလျူတီအေ တင်းနစ်ချန်ပီယံများ ပြိုင်ပွဲမှ နုတ်ထွက်သွားသည်။ သူသည် ညာဘက်ပခုံးဒဏ်ရာရရှိ ထား၍ ပြိုင်ပွဲမှထွက်ခဲ့ရခြင်းဖြစ်သည်။

ရှာရာပိုဗာသည် အမေရိကန်အိုးပင်းနှင့်လည်း လွဲချော်ခဲ့ရသည်။ "ကျွန်မဒီပွဲမကစားနိုင်တဲ့အတွက် အတော်လေးစိတ်ပျက်မိပါတယ်"ဟု ရှာရာပိုဗာက ပြောသည်။ အသက် ၂၆ နှစ်ရှိ ရုရှားတင်းနစ်မယ်ရှာရာပိုဗာသည် ဩဂုတ်လက စင်စင်နာတီပြိုင်ပွဲကစားပြီးနောက် ဒဏ်ရာကြောင့် မကစားနိုင်ဘဲရှိသည်။

# အင်္ဂလန်ခြေစစ်ပွဲ အက်ရှ်လေကိုးလ်လွဲ

အင်္ဂလန်ဝဲနောက်တန်း ကစားသမား အက်ရှ်လေကိုးလ်သည် နံရိုးထိခိုက်အနာတရဖြစ်နေ၍ အောက်တိုဘာ ၁၁ ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မွန်တီနီဂရိုးနှင့်ပွဲတွင် လွဲချော်မည်ဖြစ်သည်။ အသက် ၃၂ နှစ်ရှိ အက်ရှ်လေကိုးလ်သည် ချယ်လ်ဆီးက နော့ဝှစ်ကိုသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားစဉ်အတွင်း ဒဏ်ရာရရှိသွားခဲ့သည်။ နည်းပြရှိုင်းဟော့ဆင်က ၎င်းနေရာတွင် အာဆင်နယ်မှ ကီယာရန်ဂစ်ဘ်ကို အစားထိုးခေါ်ယူထားသည်။ နိုင်ငံ့လက်ရွေးစင် အဖြစ်ပွဲပေါင်း ၁၀၅ ပွဲ ပါဝင်ကစားခဲ့သော အက်ရှ်လေကိုးလ်သည် ချယ်လ်ဆီးတွင် ဆေးကုသမှုခံယူလျက်ရှိသည်။ အောက်တိုဘာ ၁၅ ရက် အင်္ဂလန်နောက်ဆုံးအုပ်စုပွဲစဉ်တွင် ပါဝင်မည်၊ မပါဝင်မည်ကို မသိနိုင်သေးဟု ဆိုသည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန် လက်ကျန်ခြေစစ်ပွဲ နှစ်ပွဲစလုံး အနိုင်ရရန် လိုအပ်မည်ဖြစ်သည်။ ကိုးလ်သည် ပြီးခဲ့သည့် အင်္ဂလန်အသင်းခြေစစ်ပွဲ နှစ်ပွဲစလုံးတွင် ပါဝင်ကစားခဲ့သည်။ ၎င်းသည် စက်တင်ဘာ ၁၉ ရက်က ယူကရိန်းနှင့် ဂိုးမရှိသရေကျသည့်ပွဲနှင့် မော်ဒိုဗာကို လေးဂိုးပြတ်ဖြင့် အနိုင်ရသည့်ပွဲများတွင် ပါဝင် ကစားခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာအားကစားသတင်း

## လာလီဂါ၊ စီးရီးအေ ရပ်တည်မှု နှင့် ဂိုးအများဆုံးသွင်းသူများ

### စပိန်လာလီဂါ ပွဲစဉ်-၈ အပြီး ရပ်တည်မှု

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ဘာစီလိုနာ | ၈ | ၈ | ၀ | ၀ | ၂၈ | ၆ | ၂၄ |
| ၂ | အက်သလက်တီကို | ၈ | ၈ | ၀ | ၀ | ၂၀ | ၆ | ၂၄ |
| ၃ | ရီးရဲမက်ဒရစ် | ၈ | ၆ | ၁ | ၁ | ၁၇ | ၉ | ၁၉ |
| ၄ | ဗီလာရီးရဲ | ၈ | ၅ | ၂ | ၁ | ၁၅ | ၇ | ၁၇ |
| ၅ | ဂီတာဖေး | ၈ | ၄ | ၁ | ၃ | ၁၂ | ၁၁ | ၁၃ |
| ၆ | ဘီလ်ဘာအို | ၈ | ၄ | ၁ | ၃ | ၁၃ | ၁၃ | ၁၃ |
| ၇ | ဗလင်စီယာ | ၈ | ၄ | ၁ | ၃ | ၁၁ | ၁၁ | ၁၃ |
| ၈ | အက်စ်ပန်ညို | ၈ | ၃ | ၂ | ၃ | ၁၁ | ၁၁ | ၁၁ |
| ၉ | လီဗန်တေး | ၈ | ၂ | ၄ | ၂ | ၈ | ၁၄ | ၁၀ |
| ၁၀ | မာလာဂါ | ၈ | ၂ | ၃ | ၃ | ၁၁ | ၇ | ၉ |
| ၁၁ | ဆီဗီလာ | ၈ | ၂ | ၃ | ၃ | ၁၃ | ၁၄ | ၉ |
| ၁၂ | အဲလ်ချီ | ၈ | ၂ | ၃ | ၃ | ၈ | ၁၁ | ၉ |
| ၁၃ | ဘက်တစ် | ၈ | ၂ | ၂ | ၄ | ၈ | ၁၀ | ၈ |
| ၁၄ | ဂရန်နာဒါ | ၈ | ၂ | ၂ | ၄ | ၅ | ၈ | ၈ |
| ၁၅ | ဆိုစီဒက် | ၈ | ၁ | ၄ | ၃ | ၆ | ၉ | ၇ |
| ၁၆ | ဆဲလ်တာဗီဂို | ၈ | ၁ | ၃ | ၄ | ၈ | ၁၂ | ၆ |
| ၁၇ | ဗယ်လာဒိုလစ် | ၈ | ၁ | ၃ | ၄ | ၇ | ၁၃ | ၆ |
| ၁၈ | အိုဆာဆူနာ | ၈ | ၂ | ၀ | ၆ | ၆ | ၁၃ | ၆ |
| ၁၉ | ဗယ်လက်ကာနို | ၈ | ၂ | ၀ | ၆ | ၆ | ၂၀ | ၆ |
| ၂၀ | အဲလ်မာရီးယား | ၈ | ၀ | ၃ | ၅ | ၁၁ | ၁၉ | ၃ |

ကော်စတာ (အက်သလက်တီကို) ၁၀ ဂိုး
မက်ဆီ (ဘာစီလိုနာ) ၈ ဂိုး
စီရော်နယ်ဒို (ရီးရဲမက်ဒရစ်) ၇ ဂိုး

### အီတလီစီးရီးအေ ပွဲစဉ်-၇ အပြီး ရပ်တည်မှု

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ရိုးမား | ၇ | ၇ | ၀ | ၀ | ၂၀ | ၁ | ၂၁ |
| ၂ | နာပိုလီ | ၇ | ၆ | ၁ | ၀ | ၁၈ | ၄ | ၁၉ |
| ၃ | ဂျူဗင်တပ်စ် | ၇ | ၆ | ၁ | ၀ | ၁၄ | ၆ | ၁၉ |
| ၄ | အင်တာ | ၇ | ၄ | ၂ | ၁ | ၁၆ | ၆ | ၁၄ |
| ၅ | ဗီရိုနာ | ၇ | ၄ | ၁ | ၂ | ၁၃ | ၁၀ | ၁၃ |
| ၆ | ဖီအိုရင်တီးနား | ၇ | ၃ | ၃ | ၁ | ၁၃ | ၈ | ၁၂ |
| ၇ | လာဇီယို | ၇ | ၃ | ၂ | ၂ | ၁၁ | ၁၀ | ၁၁ |
| ၈ | အူဒီးနိစ် | ၇ | ၃ | ၁ | ၃ | ၉ | ၈ | ၁၀ |
| ၉ | တိုရီနို | ၇ | ၂ | ၃ | ၂ | ၁၀ | ၁၀ | ၉ |
| ၁၀ | ပါးမား | ၇ | ၂ | ၃ | ၂ | ၁၁ | ၁၂ | ၉ |
| ၁၁ | အတ္တလန္တာ | ၇ | ၃ | ၀ | ၄ | ၉ | ၁၀ | ၉ |
| ၁၂ | အေစီမီလန် | ၇ | ၂ | ၂ | ၃ | ၁၃ | ၁၃ | ၈ |
| ၁၃ | လီဗော်နို | ၇ | ၂ | ၂ | ၃ | ၈ | ၁၀ | ၈ |
| ၁၄ | ကက်ဂလီယာရီ | ၇ | ၁ | ၄ | ၂ | ၈ | ၁၁ | ၇ |
| ၁၅ | ဂျီနိုအာ | ၇ | ၁ | ၂ | ၄ | ၆ | ၁၁ | ၅ |
| ၁၆ | ကာတာနီးယား | ၇ | ၁ | ၂ | ၄ | ၅ | ၁၁ | ၅ |
| ၁၇ | ချီယေဗို | ၇ | ၁ | ၁ | ၅ | ၅ | ၁၃ | ၄ |
| ၁၈ | ဆမ်ဒိုးရီးယား | ၇ | ၀ | ၃ | ၄ | ၆ | ၁၃ | ၃ |
| ၁၉ | ဘိုလော့ဂ်နာ | ၇ | ၀ | ၃ | ၄ | ၈ | ၂၀ | ၃ |
| ၂၀ | ဆက်ဆူအိုလို | ၇ | ၀ | ၂ | ၅ | ၅ | ၂၁ | ၂ |

ဆာစီ (တိုရီနို) ၆ဂိုး
ဟမ်ဆစ်ခ် (နာပိုလီ) ၅ဂိုး
ရော့ဆီ (ဖီအိုရင်တီးနား) ၅ဂိုး

သီဟ




ပြည်တွင်းသတင်း

# ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀။)**

**၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်**

**(၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဂ) တရားသူကြီးအဖြစ်ရွေးချယ်ခန့်ထားခြင်းခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်းမဆောင်ရွက်ရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန် စီစဉ်ဆောင်ရွက်ရမည်။"

၃။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၇ ပါ"ရဲတပ်ဖွဲ့ အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်သည်" ဆိုသည့် စကားရပ်အား "ရဲတပ်ဖွဲ့အချုပ်စခန်းများကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်စစ်ဆေးကြည့်ရှုရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၈ ပါ"ရဲတပ်ဖွဲ့ အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်သည်" ဆိုသည့် စကားရပ်အား "ရဲတပ်ဖွဲ့ အချုပ်စခန်းများကို အနည်းဆုံး ခြောက်လလျှင်တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



အောက်တိုဘာ ၇ ရက်က ရန်ကုန်မြို့ **Strand Hotel** ၌ ကျင်းပသော ဂျာမန်အမျိုးသားပေါင်းစည်းညီညွတ်ရေးနေ့ အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့အား မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး **Mr.Christian-Ludwig Weber- Lortsch** နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

ဆေးပေးခန်း၊ ပြည်သူ့ဆောက်လုပ်ရေး၊ သစ်ထုတ်လုပ်ရေးရုံးနှင့် ဝန်ထမ်းအိမ်ရာ ရှစ်လုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် ရုံးပင်ကုန်းရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်နှင့် ရတနာဦးရပ်ကွက်တို့မှ အိမ်ခြေ ၅၀၀ ခန့် မိုးရေဝင်ရောက်နစ်မြုပ်ခဲ့ကြောင်းနှင့် အချို့အိမ်များမှာ ယခင်မိုးရေအခံဖြင့် ခြောက်ပေအထိ နစ်မြုပ်ခဲ့ကြောင်း သိရသည်။ ရေနစ်မြုပ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုတန်ဖိုးများ မသိရှိရသေးကြောင်းနှင့် ရေများနစ်မြုပ်နေ၍ ရှင်းလင်းဆောင်ရွက်ခြင်းများ မပြုလုပ်ရသေးကြောင်း သိရသည်။

"ဒီလက်ပန်လှဈေးဟာ လွန်ခဲ့တဲ့ သုံးနှစ်ခန့်က ဈေးဘက်ကိုစီးဝင်တယ်ဆိုတဲ့ ဆင်သေချောင်းနဲ့ သဲဖြူချောင်းတို့ဟာ သူသွားရာလမ်းကြောင်းအတိုင်း ပုံမှန်စီးဆင်းခဲ့ပြီး ဈေးနဲ့အိမ်များကို ဒုက္ခမပေးခဲ့ဘူး။ ဒီနောက်ပိုင်းမှာမှ ဒီဆင်သေချောင်းနဲ့ သဲဖြူချောင်းတို့ဟာ တဖြည်းဖြည်းသဲနုန်းပို့တိမ်ကောလာခြင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ငါးကန်များတူးဖော်ပြီး မိုးရေသွားရာလမ်းကို တာဖို့ပိတ်ဆို့ကန်များတူးဖော်လာခြင်းနှင့် နီးရာအိမ်များက မိုးရေများမဝင်ရန် မြေဖို့တားဆီးခြင်းများ ပြုလုပ်လာခြင်းတို့ကြောင့် ယခင်ရေစီးလမ်းကြောင်းပြောင်းပြီး ယခုကဲ့သို့ ဈေး၊ ရုံးနှင့် လူနေရပ်ကွက်များတွင် ရေနစ်မြုပ်ရခြင်းဖြစ်ကြောင်း" ရပ်ကွက်နေဒေသခံပြည်သူတစ်ဦးက ပြောပြ၍ သိရသည်။

အဆိုပါ မိုးရွာတိုင်း ရေနစ်မြုပ်ဆုံးရှုံး ဒုက္ခရောက်မှုများ၊ နှစ်စဉ်ကြုံတွေ့နေရမှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူတို့မှ စီမံဆောင်ရွက်ပေးရန် ရပ်ကွက်နေပြည်သူများနှင့် ဈေးသူဈေးသားတို့က လိုလားလျက်ရှိကြောင်း သိရသည်။ အဆိုပါ ရေနစ်မြုပ်မှုဖြစ်ပေါ်လာသော ကျေးရွာများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့် တာဝန်ရှိသူများ သွားရောက်ကာ လိုအပ်သည့် အားပေးဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၃၃)

## အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း (Debate) အခမ်းအနားပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate)ကို ၂၀၀၆ ခုနှစ် အမျိုးသားဘာသာပြန်စာပေ(သုတ)ဆုရ ဆရာဦးကျော်ဝင်း၏ "ကမ္ဘာပြားပြီ (The World Is Flat)" ခေါင်းစဉ်ဖြင့် ကျင်းပရာ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ စာရေးသူဆရာဦးကျော်ဝင်းက ကမ္ဘာပြားပြီစာအုပ်နှင့်ပတ်သက်သော အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေတို့က "ကမ္ဘာပြားပြီ" ခေါင်းစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော် မဟာဗျူဟာ လေ့လာရေးနှင့် သုတေသနကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တောင်ကုတ်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ပုံမှန်အတိုင်းပြန်လည်ထုတ်လွှင့်ပေးနေ

**နေပြည်တော် အောက်တိုဘာ ၈**

စစ်တွေဇုန်နယ်အတွင်းရှိ 50 W လွှင့်အားဖြင့် ထုတ်လွှင့်ပေးနေသော တောင်ကုတ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသည် စက်တင်ဘာ ၂၉ ရက် ညနေပိုင်းအစီအစဉ်ထုတ်လွှင့်ချိန်တွင် လွှင့်စက်ချွတ်ယွင်းမှုကြောင့် ထုတ်လွှင့်မှုပြတ်တောက်ခဲ့ပြီး ယင်းလွှင့်စက်ကို MRTV (ရန်ကုန်)သို့ ပို့ဆောင်ပြုပြင်ခဲ့ပါသည်။ ယခုအခါ ပြုပြင်ပြီးစီးပြီဖြစ်ပါသဖြင့် တောင်ကုတ်စက်ရုံသို့ ပြန်လည်ပေးပို့ခဲ့ပြီး အောက်တိုဘာ ၅ ရက်ညနေပိုင်းမှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို ပုံမှန်အတိုင်း ပြန်လည်ထုတ်လွှင့်ပေးနေပြီဖြစ်ပါကြောင်း မိဘပြည်သူများအား အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

**လူကုန်ကူးမှု**
**တိုက်ဖျက်ရေး**
**လူတိုင်းကိုယ်စီ**
**သတင်းပေး**

## မိတ္ထီလာကန်ပေါင် လူသွားစင်္ကြံလမ်းပြိုကျမှု ရန်ကုန်-မန္တလေးကားလမ်းနှင့် တာပေါင်ထိခိုက်မှု မရှိ



**မိတ္ထီလာ အောက်တိုဘာ ၈**

မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက်နယ်မြေရှိ ရန်ကုန်-မန္တလေးကားလမ်းမအနီး အောက်တိုဘာ ၇ ရက် ည ၈ နာရီခန့်က မိတ္ထီလာတောင်ကန် ကန်ပေါင်လူသွားစင်္ကြံလမ်းပြိုကျခြင်းမှာ အဆိုပါစင်္ကြံလမ်းသည် လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်ကာလကြာမြင့်လာသဖြင့် ကြံ့ခိုင်မှုအားနည်း၍ ပြိုကျခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါလူသွားစင်္ကြံနှင့်ကပ်လျက် ရန်ကုန်-မန္တလေးကားလမ်းမှာ ပျက်စီးမှုတစ်စုံတစ်ရာမရှိဘဲ ကန်ပေါင်မျက်နှာပြင် နိမ့်ကျခြင်းလည်း မရှိကြောင်း၊ ကန်ပေါင်၏ တောင့်တင်းခိုင်မာမှုမှာ စိတ်ချရသည့်အနေအထားတွင်ရှိပြီး လူသွားစင်္ကြံလမ်းပြိုကျမှုကို အမြန်ဆုံးပြီးစီးအောင် ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ခရိုင်အဆင့် တာဝန်ရှိသူတစ်ဦးက ပြောကြားချက်အရ သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ကွာလာလမ်ပူရှိ ဗန်ကောက်ဘဏ်အနီးတွင် မီးလောင်မှုဖြစ်ပွား



**ကွာလာလမ်ပူ အောက်တိုဘာ ၈**

ယနေ့ နေ့လယ်ပိုင်းက မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူရှိ ဗန်ကောက်ဘဏ်အနီးတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ဖြစ်စဉ်မှာ အောက်တိုဘာ ၈ ရက် နေ့လယ်ပိုင်း မလေးရှားနိုင်ငံ စံတော်ချိန် ၃ နာရီ မိနစ် ၂၀ က မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူ JALAN Tun H S Lee လမ်းရှိ ဗန်ကောက်ဘဏ်၏ဝဲဘက်ခြမ်း မျက်စိကောလိပ်ဘေး သုံးထပ်အဆောက်အအုံတိုက်အိုအပေါ်ထပ်အခန်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မလေးရှားရောက် မြန်မာနိုင်ငံသားများက ဆက်သွယ်ပြောကြားခဲ့သည်။

မီးလောင်သည့် အဆောက်အအုံမှာ အဆောက်အအုံဟောင်းဖြစ်သဖြင့် လျှပ်စစ်ဝိုင်ယာကြိုးဟောင်းများမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး မီးလောင်ရာနေရာသို့ မီးသတ်ယာဉ် ငါးစီးက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြကြောင်းနှင့် မလေးရှားနိုင်ငံ စံတော်ချိန် ၄ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း လူထိခိုက်ဒဏ်ရာမရရှိကြောင်းလည်း ၎င်းတို့၏ ပြောပြချက်အရ သိရသည်။

**စိုးဝင်း(SP)**

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်း အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး ပဉ္စမနေ့ကို အစီအစဉ် ရှစ်ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၏ **စားအုန်းဆီများ ဖြန့်ဖြူးရောင်းချရာတွင် အလေးချိန်လျော့နေခြင်း၊ အရည်အသွေး ပြောင်းနေခြင်းတို့ကို အရေးယူရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ကိုယ်စားမေးမြန်းရာ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက အရည်အသွေး ပြည့်ဝသော စားသုံးဆီများတင်သွင်းနိုင်ရေး၊ စားသုံးဆီတင်သွင်းမှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာကိစ္စများ စနစ်တကျဖြစ်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သောစားသုံးဆီများ ပြည်သူလူထုထံသို့ စနစ်တကျ ဖြန့်ဖြူးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဆီတင်သွင်းသည့် ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဆီသိုလှောင်ကန်ပိုင်ရှင်များနှင့်တွေ့ဆုံ၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြည်ပမှ စားအုန်းဆီတင်သွင်းသူများ၊ ဆီသိုလှောင်ကန်ပိုင်ရှင်များ၊ ပြည်တွင်းလက်ကား ဖြန့်ဖြူးရောင်းချသူများ၊ လက်လီဖြန့်ဖြူးရောင်းချသူများအားလုံးသည် မိမိအပိုင်းအလိုက် ဆီအရည်အသွေးနှင့် ပတ်သက်၍ တာဝန်ခံသည့်စနစ်တစ်ခုကို မဖြစ်မနေဖော်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ သတ်မှတ်ချက်နှင့်အညီ တင်သွင်းမှုမရှိသည့် ကုမ္ပဏီကို စိစစ်ဖော်ထုတ်ပြီး တာဝန်ရှိပါက အမည်ပျက်ကြေညာမည် ဖြစ်ပါကြောင်း၊ ကုမ္ပဏီ၏ဒါရိုက်တာများအပါအဝင် ကုမ္ပဏီ တာဝန်ရှိသူများကိုလည်း အမည်ပျက်ကြေညာမည်ဖြစ်ကြောင်းကိုလည်း အသိပေးထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကိုလည်း ရေးဆွဲလျက်ရှိရာ ဥပဒေအတည်ပြုပြီးပါက ပိုမိုထိရောက်သည့် အရေးယူမှုများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

အရည်အသွေး မှန်ကန်သော စားအုန်းဆီ တင်သွင်းဖြန့်ဖြူးသည့် ကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းများ ကွင်းဆက်မိမိ ဆောင်ရွက်နိုင်ရန်၊ ဆီတင်သွင်းသူများ၊ ဆီသိုလှောင်ကန်လုပ်ငန်းရှင်များ၊ လက်ကားရောင်းချသူများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာများ ပါဝင်သည့် Working Group ကို အမြန်ဆုံး ဖွဲ့စည်းဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ပါကြောင်း၊ စားသုံးသူများလက်ဝယ်သို့ အရည်အသွေး မှန်ကန်စွာ ဖြန့်ဖြူးနိုင်ရေးနှင့်ပတ်သက်၍ ပိုမိုထိရောက်သည့် အစီအမံများ ပြုလုပ်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို UMFCCI တွင် အမြန်ဆုံးကျင်းပသွားရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စားအုန်းဆီများ ပြည်ပမှတင်သွင်းဖြန့်ဖြူးရောင်းချရာတွင် အရည်အသွေးစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ဆီများတင်သွင်းဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေးမမီ တင်သွင်းလာသည်များ တွေ့ရှိပါက ပြည်သူကိုဖြန့်ဖြူးခွင့်မပြုဘဲ စားသုံးရန် သင့်သည်အထိ ပြုပြင်ပြီးမှသာ ဖြန့်ဖြူးခွင့်ပြုပါကြောင်း၊ ဖြန့်ဖြူးရာတွင်လည်း ပိုမိုစနစ်ကျသည့် အစီအမံများကိုကဏ္ဍအလိုက် သက်ဆိုင်သူများနှင့် ညှိနှိုင်းရေးဆွဲ၍ အရေးယူမှုများကို ပြုလုပ်သွားရန်ရှိပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက အများပြည်သူအတွက် ပိုမိုထိရောက်သည့် အကာအကွယ်ပေးမှုနှင့် တားဆီးကာကွယ်မှုများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ပြုလုပ်ရာတွင် မိုးပွင့်စီမံချက်များအတိုင်း မြန်ဆန်စွာနှင့် သတ်မှတ်နှုန်းထားအတိုင်းဖြစ်ရေး ကြပ်မတ်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။ (သတင်းစဉ်)



သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက သနပ်ပင်မြို့နယ်အတွင်း မိုးပွင့်အဆင့်(၁) မှ(၅)အထိ ဆောင်ရွက်ပြီးစီးခဲ့သော အိမ်ထောင်စုလူဦးရေစာရင်းပေါင်းမှာ ၁၁၈၇ ခုဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်းမှာ ၆၄၇၂ ခုဖြစ်ပါကြောင်း၊ မိုးပွင့်စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားခြင်းအတွက် လိုအပ်သောအထောက်အထားများ ပြည့်စုံမှန်ကန်စွာပါရှိပါက အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးပြီး ကွင်းဆင်းဆောင်ရွက်သည့် အခါတွင်သာမကဘဲ သက်ဆိုင်ရာ မြို့နယ်ရုံးများတွင် သွားရောက်ဆောင်ရွက်ပါကလည်း နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားခြင်းအတွက် နိုင်ငံတော်က သတ်မှတ်သည့် အခနှုန်းထားအတိုင်း ဆောင်ရွက်ပေးရန် ညွှန်ကြားထားပါကြောင်း။

လုပ်ငန်းဆောင်ရွက်မှုတွင် အဆင်မပြေမှုများရှိပါကလည်း နေပြည်တော်ဦးစီး(ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်တိုင်ကြားပေးနိုင်ကြောင်းကို ပြည်သူလူထုထံ အသိပေးပြီး ဖြစ်ပါကြောင်း၊ ကြန့်ကြာမှုများအတွက် မကျေနပ်၍ တိုင်ကြားမှု ၆၃ မှုအနက် ၄၅ မှုအား ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန် ၁၈ မှုအား ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်ပါကြောင်း၊ ပြည်သူများ လွယ်ကူအဆင်ပြေစေရေးအတွက် ရည်ရွယ်လျက် တိုင်းရင်းသားများအား ဖြေလျှော့ရေးနည်းလမ်းဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းအား နောင်တွင်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပြီး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ ဖြေကြားမှုအပေါ် **မေးခွန်းရှင် ဦးမြင့်ဦး** က "ဝန်ကြီးဌာနပိုင်းက ထိရောက်အောင် တက်တက်ကြွကြွနဲ့ ဆောင်ရွက်ဖို့ တိုက်တွန်းနေပေမယ့် လက်ရှိကျွန်တော်တို့ သနပ်ပင်မှာဆိုရင် လိုအပ်ချက်တွေအများကြီးရှိပါတယ်။ အဲဒီတော့ မြို့ပေါ်မှာပဲ မိုးပွင့်ကပွင့်နေပြီး ကျေးလက်မှာမိုးပွင့်က မပွင့်ဘူးဖြစ်နေတာပါ။ One Stop Service လို့ဆိုတဲ့နေရာမှာလည်း မြို့ပေါ်မှာသာ ဆောင်ရွက်နိုင်တယ်။ ရွာတွေမှာ အသက်ပြည့်နေတဲ့ လူ ၃၀၀ လောက်မှာ စိစစ်ရေးကတ်ပြားအများဆုံးရှိမှ ဆယ်ဂဏန်းလောက်ပဲရှိတယ်။၁၈ နှစ်ပြည့်မှတ်ပုံတင်ရှိရင်တောင် ၁၀ နှစ်ပြည့်မှတ်ပုံတင်မရှိတာတွေက ကလေးအများစုမှာဖြစ်နေတယ်။ အဲဒီတော့ သန်းခေါင်စာရင်း ကောက်ခံတာဖြစ်ဖြစ်၊ လယ်ယာမြေလက်မှတ်ထုတ်ပေးတာပဲဖြစ်ဖြစ် မှတ်ပုံတင်မရှိလို့ခက်ခဲရတယ်။ တချို့ဆို အသက်လေးဆယ်အထိ မှတ်ပုံတင်မရှိဘူး။ အဓိကအကြောင်းက မှတ်ပုံတင်အတွက်ကုန်ကျစရိတ် မလုံလောက်တဲ့အတွက်ဖြစ်ပါတယ်။

ဒီပုံစံနဲ့သာ ဆက်သွားနေမယ်ဆိုရင် ၂၀၁၄ ခုနှစ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သန်းခေါင်စာရင်းကောက်ခံမှုမှာ မျှော်မှန်းထားတဲ့ အောင်မြင်မှုမရနိုင်ပါဘူး။ ကျွန်တော်တို့ကိုယ်တိုင် မြင်တွေ့နေရတဲ့အခြေအနေအရ ကျေးရွာမှာ မှတ်ပုံတင်မရှိတဲ့သူတွေ စာရင်းနဲ့တကွ မြို့နယ်ရုံးကိုတင်တယ်။ ကျေးရွာတွေက အကျွေး၊ အမွေး၊ သွားလာရေးစီစဉ်ပေးပါမယ်။ လူငယ်ထုကလည်း ဝိုင်းကူပေးမယ်ဆိုတာတောင် အဆင်ပြေဖို့ခက်ပါတယ်။ ဝန်ထမ်းအင်အားနည်းလို့လား၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းတာလားဆိုတာမသိပါဘူး။ ကျွန်တော်ကတော့ ဝန်ထမ်းတွေရဲ့အခြေအနေကို အထက်အဆင့်ဆင့်ကသိအောင် တင်ပြချင်တာဖြစ်ပါတယ်။ ဒုတိယဝန်ကြီးရဲ့အဖြေကို ကျွန်တော့်အနေနဲ့ ကျေနပ်မှုရှိပါတယ်။ သို့သော် ကျွန်တော်တို့ရဲ့နိုင်ငံမှာ အဖြေကောင်းတွေကြားရပေမယ့် လက်တွေ့မလုပ်နိုင်ခဲ့တဲ့ ဆယ်စုနှစ်ကာလတွေက အကြောင်းအရာတွေရှိနေခဲ့ဖူးတော့ လာဘ်ပေးလာဘ်ယူကင်းကင်းရှင်းရှင်းနဲ့ မိုးပွင့်စီမံချက် မြန်ဆန်စွာ ဖော်ဆောင်နိုင်ဖို့အရေးကို ကြိုဆိုစောင့်မျှော်နေပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က **နေ့စဉ်အသစ်ထွက်ပေါ်သုံးစွဲနေသော ဝေါဟာရစကားလုံးစာသားများ ဆေးဘက်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ အသုံးအနှုန်းများနှင့် နိုင်ငံခြားဘာသာ အသုံးအနှုန်းများ မြန်မာသံဖလှယ်သုံးစွဲရာတွင် လည်းကောင်း၊ မြန်မာစာ၊ မြန်မာစကား အသုံးအနှုန်းများ စနစ်တကျခိုင်မာစွာ တည်တံ့နိုင်ရေးနှင့် စံပြုမြန်မာစာ၊ မြန်မာစကား၊ မြန်မာဝေါဟာရတို့ကို သုံးစွဲရာတွင်လည်းကောင်း၊ တစ်ပြေးညီ သတ်မှတ်နိုင်ရေးနှင့် သုံးစွဲသူအားလုံးက တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရေးအတွက် အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း** အဆိုကိုတင်သွင်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေခဲ့သည့် မြန်မာအဘိဓာန်ကျမ်း၊ မြန်မာ-အင်္ဂလိပ် အဘိဓာန်ကျမ်းများတွင် ကွန်ပျူတာ၊ အော်ပရေတာ၊ အီလက်ထရွန်နစ် စသည့် အင်္ဂလိပ်စကားလုံးများကို တည်ပုဒ်အဖြစ်ယူပြီး အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း၊ လူအများအသုံးတွင်ကျယ်လာသည့် ဝေါဟာရများကိုလည်း မြန်မာစာအဖွဲ့အနေဖြင့် စိစစ်တည်းဖြတ်ပြီး အဘိဓာန်အကြီးပြုစုရာတွင် ထည့်သွင်းနိုင်အောင် စီစဉ်ဆောင်ရွက်နေသည့်အတွက် အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင်ရပ်နားခဲ့ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို အောက်တိုဘာ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဝေးလံခေါင်သီဒေသသတ်မှတ်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ ထောက်ခံတင်ပြလာမှုအပေါ်အခြေခံသတ်မှတ်

**နေပြည်တော် အောက်တိုဘာ ၈**

မလိကျွန်း ကျေးရွာအုပ်စုအား ဝေးလံခေါင်သီဒေသအဖြစ် သတ်မှတ်ပြီး လစာ(၂)ဆ ခံစားခွင့်ပြုရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ဝေးလံခေါင်သီသော ဒေသသတ်မှတ်ခြင်းအား မြို့နယ်ကို အခြေခံ သတ်မှတ်ခြင်းအစား ကျေးရွာအုပ်စု/ ဒေသကို အခြေခံ စဉ်းစားသတ်မှတ်ဆောင်ရွက်နိုင်ရန်သင့်/မသင့် ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းသုံးသပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးလှစိုး၏ **"တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အနောက်ဘက် (၂၄)မိုင်အကွာကပ္ပလီပင်လယ်ပြင်အတွင်းတွင်ရှိသော မလိကျွန်းရှိ မလိကျေးရွာအုပ်စုတွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများကို ဝေးလံခေါင်ဖျားဒေသအဖြစ် သတ်မှတ်ပြီး ဝန်ထမ်းလစာတိုးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားခဲ့သည်။



ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးလှစိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ထို့ပြင် ဒုတိယဝန်ကြီးက ပုလောမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ခလစာ (၂)ဆ တိုးမြှင့်ခံစားခွင့်ပြုရေးနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းခဲ့ရာ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ ထောက်ခံတင်ပြလာမှုအပေါ် အခြေခံသတ်မှတ်ထားခြင်းဖြစ်ရာ ပုလောမြို့နယ်သည် ဒေသစရိတ် ခံစားခွင့်ရှိသော ဒေသ(၁၁၀)တွင် ပါဝင်ခြင်းမရှိခြင်း၊ ဝေးလံခေါင်သီသော ဒေသသတ်မှတ်ခြင်းသည် ကျေးရွာအုပ်စုကို အခြေခံခြင်းမဟုတ်ဘဲ မြို့နယ်ကို အခြေခံ၍ သတ်မှတ်ခြင်းဖြစ်ကြောင်း ဖြေကြားခဲ့သည်။

မေးခွန်းရှင် ဦးလှစိုးက "အစိုးရအဖွဲ့ကတော့ မြို့နယ်ကို အခြေခံပြီး ပေးတယ်လို့ပြောပါတယ်။ ကျေးရွာကို အခြေခံပြီး ပေးသင့်တာပေ့ါ။ လွှတ်တော်ဥက္ကဋ္ဌကြီးကလည်း ကျေးရွာကိုအခြေခံပြီးပေးဖို့ကိစ္စ စဉ်းစားပေးဖို့ ပြောသွားပါတယ်။ ကျွန်းတွေပေါ်မှာရှိတဲ့ ကျေးရွာတွေအထဲမှာ မလိကျွန်းက ပိုပြီးသွားရေး လာရေးခက်ပါတယ်။ မိုးရာသီ ဇူလိုင်လမှာဆိုရင် လှိုင်းတွေထပြီး ရာသီဥတုဆိုးရွားတဲ့အတွက် (၃)(၄)လလောက်ကို မြို့ပေါ်တက်လစာထုတ်ဖို့တောင် မသွားနိုင်ကြပါဘူး။ နေရေးထိုင်ရေး အခက်အခဲတွေ အများကြီးရှိပါတယ်။ အဲဒီကျွန်းမှာဆိုရင် သဘာဝငှက်သိုက်စခန်းကြီး တစ်ခုနဲ့ ဝန်ထမ်း (၂၀၀)ကျော်လောက်ရှိပါတယ်။ အဲဒီဝန်ထမ်းတွေ နေရေးထိုင်ရေး တော်တော်ခက်ခဲပါတယ်။ တစ်နှစ်မှာ (၅)လလောက်က သွားလာလို့မရပါဘူး။ အဲဒီမှာရှိတဲ့ ဝန်ထမ်းတွေကလည်း ကျွန်တော့်ကိုလာပြီး တင်ပြတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒုတိယဝန်ကြီးကတော့ တိုင်းဒေသကြီးကနေ တစ်ဆင့် တင်ပြရမယ်လို့ပြောပါတယ်။ ကျွန်တော်ဒီကပြန်ရင်တော့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကို တင်ပြပြီး အတတ်နိုင်ဆုံး လစာ (၂) ဆရအောင်လည်း ဆောင်ရွက်သွားမှာပါ" ဟု ပြောပြခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **"မြစ်သာမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဂန့်ဂေါမြို့သည် မိုင်တိုင် ၁၄၀/၀ တွင်ရှိပြီး ဂန့်ဂေါမြို့မှ ထွက်လျှင် မိုင်တိုင် ၁၃၇/၀ နှင့် ၁၃၇/၁ ကြား အရှေ့ဘက်ကမ်း ပျားရွာနှင့် အနောက်ဘက်ကမ်း အောင်မြင်ကျေးရွာတို့ရှိသည့် နေရာတွင် မြစ်သာမြစ်ကို နွေရာသီတွင် ဖြတ်သန်းသွားလာနိုင်ရန် ရေနိမ့်တံတားငယ် ဆောက်လုပ်ထားပါကြောင်း၊ မိုးရာသီတွင် ဖြတ်သန်းသွားလာနိုင်ခြင်းမရှိသဖြင့် ရာသီမရွေး သွားလာနိုင်ရန်အတွက် တံတားတစ်စင်းတည်ဆောက်ရန် လိုအပ်နေပါကြောင်း။

တံတားအုကြောင်းနေရာရွေးချယ်ခြင်းနှင့် ပဏာမတိုင်းတာမှုများကို ရုံးချုပ်မှအဖွဲ့တစ်ဖွဲ့ စေလွှတ်ပြီး ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာ ၁၅ ရက်မှစတင်၍ ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်းနှင့် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါ လမ်းပေါ်ရှိ မြစ်သာမြစ်ကူးတံတား အရှည်ပေ ၆၀၀ အား သံကူကွန်ကရစ်ကမ်းကပ်ခုံရေလယ်တိုင်နှင့် အပေါ်ထည် ဘေလီတံတား တည်ဆောက်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ပုံငွေလျာထားပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သိပ္ပံပြခန်း ခင်းကျင်းရန် လျာထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၈**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသော (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံ ကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (14th ACA-MM) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အောက်တိုဘာ ၇ ရက် နံနက် ပိုင်းတွင် နယ်မြေခံတပ်ရင်း၌ ကြည့်ရှုစစ်ဆေးသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် စစ်တက္ကသိုလ် အနော်ရထာတပ်ရင်းရှိ ဗိုလ်လောင်းများ၏အားကစားခန်းမ၊ အိပ်ဆောင်နှင့်တပ်ခွဲစာကြည့်တိုက်တို့ကို လည်းကောင်း၊ စစ်တက္ကသိုလ်ပြတိုက်၊ စစ်တက္ကသိုလ်စာကြည့်တိုက်၊ နက္ခတ်တာရာပြခန်းနှင့် Language Lab အခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် တပ်မတော် နည်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပြုလုပ်သော (၂၃) ကြိမ်မြောက် အာဆီယံ ကြည်းတပ် သေနတ်ပစ်ပြိုင်ပွဲ ကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် အာဆီယံသေနတ်ပစ်အသင်းများထားရှိမည့်အဆောက်အအုံများသို့ရောက်ရှိပြီး သိပ္ပံပြခန်း ခင်းကျင်းရန်လျာထားမှုများ၊ နိုင်ငံအလိုက် အလံတင်အခမ်းအနား သရုပ်ပြမှုများ၊ အိပ်ဆောင်အတွင်း ခင်းကျင်းထားမှုများ၊ လက်မှုပြခန်းနှင့် အရောင်းဆိုင်နေရာများ၊ အာဆီယံ ကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး သရုပ်ပြခင်းကျင်းထားရှိမှုများ၊ နိုင်ငံအလိုက် ဆက်ဆံရေးအရာရှိများ လေ့ကျင့်နေမှု အခြေအနေများ၊ Farewell Dinner ဆောင်ရွက်မည့်အခြေအနေများနှင့် ကျွေးမွေးမည့် အစီအစဉ်များအား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်စက်ပစ်ကွင်း (ပြင်ဦးလွင်) ၌ VIP Lounge ခင်းကျင်းထားရှိမှု၊ Novelty Shoot သရုပ်ပြပစ်ခတ်မှုနှင့် ဆုချီးမြှင့်မည့် အစီအစဉ်များ၊ မီတာ ၁၀၀ ပစ္စတိုစက်ပစ်ကွင်း၊ မီတာ ၂၀၀ ကာဘိုင်စက်ပစ်ကွင်းနှင့် မီတာ၆၀၀ ရိုင်ဖယ်စက်ပစ်ကွင်းများတွင် သရုပ်ပြပစ်ခတ်မှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**နေပြည်တော် အောက်တိုဘာ ၈**

# နောင်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် အစဉ်အလာများချထားပေးနိုင်ရန် အားလုံးကလိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကိုရရှိအောင် ဆောင်ရွက်



ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် မြစ်ကြီးနားမြို့ မနောကွင်းအနီးရှိ မဏ္ဍပ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း **(ယာပုံ)** က တွေ့ဆုံဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရာမှ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုများ အဆင့်ဆင့် တည်ဆောက်လာနိုင်ပြီး ကောင်းမွန်သည့်ရလဒ်များ ဆင့်ကဲဆင့်ကဲရရှိလာပါကြောင်း၊ ပြီးခဲ့သည့် ဆွေးနွေးပွဲများမှ အောင်မြင်သည့်ရလဒ်ကောင်းများနှင့် အခြေအနေကောင်းများ တစ်ခုပြီးတစ်ခု ရရှိခဲ့သလို ယခုဆွေးနွေးပွဲတွင်လည်း ရလဒ်ကောင်းများ တိုးတက်ရရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

အခြေအနေကောင်းများနှင့် ရလဒ်ကောင်းများ တိုးတက်ရရှိအောင်လည်း နှစ်ဖက်အဖွဲ့များနှင့် ပါဝင်ပတ်သက်သူအားလုံးက ဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း၊ အနာဂတ်တွင် နောင်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့်အစဉ်အလာများကို ချထားပေးနိုင်ရန်နှင့် အားလုံးက လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကိုရရှိအောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ကာကွယ်ရေး စစ်ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် ဗိုလ်ချုပ်အောင်စိုး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြပြီး UNFC အဖွဲ့ဝင်များဖြစ်ကြသည့် KNU၊ RCSS/ SSA၊ UWSA၊ ABSDF၊ MNSP၊ PLNO၊ SSPP၊ PSLF/TNLA၊ CNF နှင့် NDAA အဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဘီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထူးသံအဖွဲ့၊ မြစ်ကြီးနားမြို့ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရှမ်းယဉ်ကျေးမှုနှင့် ကချင်ယဉ်ကျေးမှုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ လေ့လာသူများအဖြစ် တက်ရောက်ကြသည်။

ကာကွယ်ရေး စစ်ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက ယခုကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲမှ အကောင်းဆုံးရလဒ်များကို ရရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ပြီးခဲ့သည့်တွေ့ဆုံဆွေးနွေးပွဲများတွင် နှစ်ဦးနှစ်ဖက်ထားရှိသည့်ကတိများကို စောင့်ထိန်းနိုင်ခဲ့သောကြောင့် နားလည်မှုနှင့် ယုံကြည်မှုများ အပြန်အလှန် ပိုမိုတည်ဆောက်နိုင်ခဲ့ပါကြောင်း။

ပြည်သူအားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို တပ်မတော်ကလည်း အမှန်တကယ်လိုလားပါကြောင်း၊ ထို့ကြောင့် ယနေ့တွေ့ဆုံဆွေးနွေးမှုများမှ ရလဒ်ကောင်းများတိုးတက်ရရှိပြီး မိမိတို့ ပန်းတိုင်ဖြစ်သည့် ငြိမ်းချမ်းရေးရရှိအောင် နှစ်ဖက်အဖွဲ့များ၊ ပါဝင်ပတ်သက်သူများနှင့် ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကေအိုင်အိုအဖွဲ့ ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်က တိုင်းရင်းသားအားလုံး ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူအားလုံးက အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် ပါဝင်ဆွေးနွေးကြရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နှစ်ဖက်အဖွဲ့ကိုယ်စားလှယ်များက မေ ၃၀ ရက် သဘောတူညီချက် နောက်ပိုင်း နှစ်ဖက်ဖြစ်ပေါ်တိုးတက်မှု အခြေအနေကောင်းများကို အသီးသီး ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို စတင်ကျင်းပပြီး ပူးတွဲစောင့်ကြည့်ရေးကော်မတီကိစ္စရပ်များကို နှစ်ဦးနှစ်ဖက် အကျေအလည် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**သုံးဆောင်**

ညပိုင်းတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အဖွဲ့ဝင်များသည် ဦးဆွမ်လွတ်ဂမ်ဦးဆောင်သော ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့များ၊ ဆွေးနွေးပွဲသို့ လေ့လာသူများအဖြစ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့်အတူ မဏ္ဍပ်ခန်းမ၌ ညစာကို အတူတကွ သုံးဆောင်ကြသည်။

**(သတင်းစဉ်)**

---

▲ ရှေ့ဖုံးမှ

စည်းကမ်းတကျမောင်းနှင်ကြရန် လိုအပ်ပေသည်။ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ရခြင်းမှာ ယာဉ်မောင်းများက မဆင်မခြင်မောင်းနှင်ခြင်းမှာ အများဆုံးဖြစ်သည်။

**လမ်းတိုးချဲ့**

အထူးသဖြင့် မှတ်တိုင်များတွင် ဘတ်စ်ကားများ စည်းကမ်းတကျ ရပ်ခြင်းမရှိမှု၊ မှတ်တိုင်များအနီး လမ်းဘေးဈေးသည်များက ဆိုင်ခင်းရောင်းချမှု၊ ကိုယ်ပိုင်ယာဉ်နှင့် အငှားယာဉ်များက မဆင်မခြင် မောင်းနှင်ရပ်နားထားမှုများက ယာဉ်ကြောပိတ်ဆို့မှုများကို ဖြစ်ပွားစေခြင်းဖြစ်သည်။ အချို့လမ်းများမှာလည်း ကျဉ်းမြောင်းနေသော်လည်း အကန့်အသတ်ဖြင့်သာ လမ်းတိုးချဲ့နေရသည်။

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းပေါ်ရှိ မှတ်တိုင်တွင် နေ့စဉ် ရန်ကုန်မြို့တွင်းမှလာသော ဘတ်စ်ကား မှတ်တိုင်၌ ဘတ်စ်ကားများ မဆင်မခြင်ရပ်မှု၊ အချိန်ကြာမြင့်စွာရပ်ထားပြီး ခရီးသည်ခေါ်တင်မှု၊ လမ်းဘေးဈေးသည်များ တည်ခင်းရောင်းချမှုများက ညနေပိုင်း ရုံးဆင်းချိန်၊ အလုပ်ပြန်ချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်။

"ကမ္ဘာအေးစေတီရှေ့မှာရှိတဲ့ မှတ်တိုင်မှာ ဘတ်စ်ကားတွေက နှစ်ထပ်ရပ်ပြီး ခရီးသည်တွေခေါ်တင်တယ်။ အချိန်တော်တော်ကြာတဲ့အထိ မထွက်ဘူး။ နောက်ကားတွေ ဟွန်းတီးလည်းမထွက်ကြဘူး။ အဲဒီတော့ ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်ကုန်ရော။ အဲဒီယာဉ်ကြောပိတ်ဆို့မှုက နေ့တိုင်း ညနေပိုင်းရုံးဆင်း၊ အလုပ်ဆင်းချိန်တွေဆိုရင် ချော်တွင်းကုန်းမီးပွိုင့်အထိ ကားတွေ မလှုပ်နိုင်အောင်ဖြစ်နေတော့ ကားပေါ်မှာတင် အချိန်တွေကုန် လူတွေပင်ပန်းပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြရတယ်။

အဲဒီနေရာမှာ ညနေပိုင်း ရုံးဆင်းချိန်၊ အလုပ်ဆင်းချိန် ညနေ ၄ နာရီခွဲနဲ့ ၆ နာရီအကြားမှာ ယာဉ်ထိန်းရဲထားပြီး စနစ်တကျကြပ်မတ်သင့်ပါတယ်"ဟု မြောက်ဥက္ကလာတွင်နေထိုင်သူ ဆက်သွယ်ရေးဝန်ထမ်း ကိုမြတ်သာက ပြောပြသည်။

**ရှင်းလင်းပေး**

ရန်ကုန်မြို့တော်အတွင်း ယခုနှစ်၌ ယာဉ်ကြောပိတ်ဆို့မှုများ ပိုမိုဖြစ်ပွားလျက်ရှိရာ အဓိကမှာ ယာဉ်မောင်းသူများ စည်းကမ်းမလိုက်နာမှု၊ မဆင်မခြင်မောင်းနှင်မှုများကြောင့်လည်းပါဝင်လျက်ရှိရာ ယခုအခါ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်ကြောပိတ်ဆို့မှုအများဆုံးဖြစ်ပွားသည့်နေရာများတွင် ယာဉ်ကြောရှင်းလင်းပေးမှုများပြုလုပ်နေပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

---

# ကလေးမြို့ အကျဉ်းထောင်မှ ပြစ်ဒဏ်ကျသူလေးဦး လွတ်ငြိမ်းခွင့်ရ

**ကလေး အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အကျဉ်းထောင်မှ အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ဥပဒေအရ ပြစ်ဒဏ်ကျခံနေသူ လေးဦး လွတ်ငြိမ်းခွင့်ရခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**လွတ်ငြိမ်းခွင့်ရ**

အဆိုပါ အကျဉ်းသားလေးဦးမှာ ဦးရောင်ချိုင်းထောင် (၃၈ နှစ်) စုစုပေါင်းပြစ်ဒဏ် ၂၀ နှစ် ကျနေသူ၊ ဦးမာတူး (၂၄ နှစ်) ပြစ်ဒဏ်သုံးနှစ်ကျနေသူ၊ ဦးဘရမ်ဆိုင်း(ဂမ်ဆိုင်း) (၃၅ နှစ်) စုစုပေါင်းပြစ်ဒဏ် ၁၂ နှစ် ကျခံနေရသူ၊ ဦးလှဆိုင်း(ခ) မိုးဆွေ (၄၇ နှစ်) စုစုပေါင်း ပြစ်ဒဏ် ၁၂ နှစ် ကျခံနေရ သူတို့ လွတ်ငြိမ်းခွင့်ရကြောင်း သိရသည်။

**သျှင်နေမင်း**



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# လားရှိုးအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရသူတို့၏ ရင်တွင်းစကားသံများ

လားရှိုး အောက်တိုဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၇-၁၀-၂၀၁၂ ရက်စွဲပါ စာအမှတ် ၁၂၇/(၁)၈-၂၀၁၂ အရ အကျဉ်းထောင်အသီးသီးမှ လွတ်ငြိမ်းခွင့်ပြုသူ ၅၆ဦးအနက် လားရှိုးအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေဆဲမှ လွတ်ငြိမ်းခွင့်ရသူများအနက် တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါသည်-

**ဦးဆန်လူ အသက် (၃၅ နှစ်)**

**မေး။ ။ ဦးဆန်လူ ဒီနေ့လွတ်ငြိမ်းခွင့်ရတော့ စိတ်ထဲမှာ ဘယ်လိုခံစားရပါသလဲရှင့်။**

ဖြေ။ ။ ဒီနေ့လွတ်ငြိမ်းခွင့်ရလို့ လွတ်ပြီဆိုတာဒီနံနက် သိရတော့ အလွန်ဝမ်းသာပါတယ်။ အိမ်ပြန်ရောက်ရင် တောင်ယာစိုက်မယ်၊ စပါးတွေ၊ ပြောင်းတွေ၊ နှမ်းတွေပေါ့၊ အိမ်ပြန်ရတော့မယ်ဆိုတော့ အလွန်ပျော်တယ်၊ အိမ်ပြန်ချင်တယ်လေ။

**မေး။ ။ ဦးဆန်လူပြောစရာ ရှိပါသလားရှင့်။**

ဖြေ။ ။ ကျွန်တော်တို့ကို ဒီလိုလွတ်ငြိမ်းခွင့်ပြုလိုက်တဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး။

**မေး။ ။ ဦးဆန်လူကို ထောင်အပြင်မှာ လာကြိုတဲ့သူများ ရှိပါသလားရှင့်။**

ဖြေ။ ။ လာကြိုမယ့်သူတွေက မသိကြသေးဘူး၊ ကျွန်တော် ကိုယ်တိုင် ဒီနံနက်မှသိတာလေ၊ ဘယ်သူမှ လာမကြိုပေမယ့်လည်း အိမ်ပြန်ဖို့အတွက် စီစဉ်ပေးတဲ့ ထောင်မှူးကြီးနဲ့ ထောင်ကတာဝန်ရှိသူတွေက ပြန်နိုင်အောင် စီစဉ်ပေးမယ်လို့ ပြောထားပါတယ်။ ဒီက ထောင်မှူးကြီးနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။



လားရှိုးအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများကို တွေ့ရစဉ်။

**လောက်လီ(ခ)မာဂမ် အသက် (၂၃ နှစ်) နမ္မတူမြို့**

**မေး။ ။ ဒီနေ့ လွတ်ငြိမ်းခွင့်ရတော့ ဦးလောက်လီ ဘာများပြောစရာရှိပါသလဲရှင့်။**

ဖြေ။ ။ အရင်ဆုံး ပြောရမှာက သမ္မတကြီး ဦးသိန်းစိန်ကို ကျေးဇူးအထူးတင်ပါကြောင်း ပြောချင်ပါတယ်။ နိုင်ငံတော်က လူကြီးတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီကျေးဇူးကိုမှတ်ထားပါမယ်။

**မေး။ ။ ထောင်ဒဏ်ကျခံရက် ဘယ်လောက်ကျန်ပါသေးသလဲရှင့်။**

ဖြေ။ ။ ကျန်သေးတာပေါ့။ နောက်ထပ် တစ်နှစ်နီးပါးကျန်တယ်။ ဒီနေ့လွတ်မယ်လို့ ထင်မထားပါဘူး၊ ထောင်က တာဝန်ရှိသူတွေက နိုင်ငံတော်သမ္မတအမိန့်နဲ့ လွတ်ငြိမ်းခွင့်ရပြီဆိုတော့ ပျော်တာပေါ့။

**မေး။ ။ အိမ်ပြန်ရောက်ရင် ဘာလုပ်မလဲ၊ ဘယ်လိုနေထိုင်သွားပါမလဲရှင့်။**

ဖြေ။ ။ အိမ်ပြန်ရောက်ရင် တောင်ယာစိုက်မယ်၊ လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး မှာကြားခဲ့သလိုပါပဲ၊ အေးအေးချမ်းချမ်းနေပါမယ်။ ရပ်ရွာအကျိုးလုပ်မယ်၊ ဒေသဖွံ့ဖြိုးအောင်လုပ်မယ်၊ ကျွန်တော့်ရဲ့မိဘတွေကို လုပ်ကျွေးရဦးမယ်။

**ဦးဘရန်နန် အသက် (၂၄ နှစ်) မိုးညှင်းမြို့**

**မေး။ ။ ဦးဘရန်နန် ဒီနေ့သမ္မတကြီးရဲ့အမိန့်နဲ့ လွတ်ငြိမ်းခွင့်ရပြီဆိုတော့ ဘယ်လိုများခံစားရပါသလဲ။ ဘာများပြောချင်ပါသလဲရှင့်။**

ဖြေ။ ။ ပျော်တယ်လေ၊ အလွန်ပျော်တာပေါ့၊ အိမ်ပြန်ရတော့မယ်၊ မိသားစုတွေနဲ့တွေ့ရမယ်၊ မိဘတွေနဲ့တွေ့ရမယ်ဆိုတော့ ပျော်တာပေါ့။ အလွန်ဝမ်းသာတယ်။ သမ္မတကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ သမ္မတကြီးနဲ့ တာဝန်ရှိသူတွေအားလုံး ဘုရားသခင်စောင့်ရှောက်ပါစေလို့ ဆုတောင်းပါတယ်။

**မေး။ ။ အိမ်ပြန်ရောက်ရင်ကော ဘယ်လိုများနေထိုင်သွားပါမလဲရှင့်။**

ဖြေ။ ။ အိမ်ပြန် ရောက်ရင် ဥပဒေဘောင်ထဲကပဲ အေးအေးချမ်းချမ်းနေမယ်လေ။ လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည် မှာသလိုအေးအေးချမ်းချမ်းနဲ့နေမယ်။ ပြည်သူတွေနဲ့အတူ ရပ်ရွာကောင်းကျိုးလုပ်မယ်။ တိုးတက်အောင်လုပ်မယ်။ ဒါ့အပြင် သမ္မတကြီးက စေတနာထားသလို ကျွန်တော်တို့ကလည်း သမ္မတကြီးကျေးဇူးကိုဆပ်သောအားဖြင့် တိုင်းရင်းသားတွေအားလုံး လက်တွဲပြီး ပြည်ထောင်စုကြီးကို စောင့်ရှောက်မယ်။ **မမ(လားရှိုး)**

# မိတ္ထီလာအကျဉ်းဦးစီးဌာနမှ လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများနှင့် တွေ့ဆုံမေးမြန်း

မိတ္ထီလာ အောက်တိုဘာ ၈

**အောက်တိုဘာ ၈ နံနက်ခင်းသည် မင်္ဂလာနံနက်ခင်းဖြစ်သည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ လွတ်ငြိမ်းခွင့်အမိန့်ကြော်ငြာချက်ဖြင့် နိုင်ငံတစ်ဝန်းရှိ ပြစ်ဒဏ်ကျခံဆဲ အကျဉ်းသား ၅၆ ဦးအား ပြစ်ဒဏ်များမှ လွတ်ငြိမ်းခွင့်ပြုလိုက်ပြီဆိုသည့် မင်္ဂလာသတင်းအား နံနက်ခင်းအချိန်တွင် သိလိုက်ရသည်။ ထို့ကြောင့် မိတ္ထီလာအကျဉ်းဦးစီးဌာနမှ လွတ်ငြိမ်းခွင့်ရအကျဉ်းသားများ၏ ရင်တွင်းစကားများနှင့် အကျဉ်းဦးစီးဌာန ဦးစီးအရာရှိ (ထောင်မှူး)၏ မုဒိတာစကားများ အများပြည်သူကြားသိစေရန်အလို့ငှာ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ပါသည်-**

**မေး ။ ။ ဦးအမည်နဲ့ ရာထူးတာဝန်ကို သိပါရစေ။**

ဖြေ ။ ။ ဦးခင်မောင်ထွန်း ဦးစီးအရာရှိ (ထောင်မှူးတာဝန်) မိတ္ထီလာ အကျဉ်းဦးစီးဌာန ဖြစ်ပါတယ်။

**မေး ။ ။ မိတ္ထီလာအကျဉ်းဦးစီးဌာနကနေ လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူ ဘယ်နှဦးရှိပါသလဲခင်ဗျာ။**

ဖြေ ။ ။ အကျဉ်းသားချည်းလေးဦးဖြစ်ပါတယ်။

**မေး ။ ။ နိုင်ငံတော် သမ္မတရဲ့ အကျဉ်းသားများ လွတ်ငြိမ်းခွင့်အမိန့် ကြော်ငြာချက်ကြောင့် လွတ်ငြိမ်းခွင့် အကျဉ်းသားများနဲ့ ပတ်သက်ပြီး သဘောထားအမြင်လေး ပြောပြပေးပါဦး။**

ဖြေ ။ ။ အဖေ၊ အမေ၊ ဇနီး၊ သားသမီးတွေနဲ့ ပြစ်ဒဏ်ကျခံတဲ့အချိန်မပြည့်မီ လွတ်ငြိမ်းခွင့်ပြုပေးလိုက်တာဆိုတော့ ကောင်းတာပေါ့။ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွေမှာလည်း သူတို့အနေနဲ့ တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ခွင့်ရတာပေါ့ဗျာ။ သူတို့ကို အခုနံနက်ပိုင်း ၈ နာရီနဲ့ ၉ နာရီ အချိန်ကြားမှာ အကျဉ်းဦးစီးဌာနနဲ့ တာဝန်ရှိသူများက လိုအပ်တဲ့ပံ့ပိုးကူညီမှုများပေးပြီး ကင်းလွတ်ခွင့်ပြုမှာပါ။



ဦးခင်မောင်ထွန်း ဦးစီးအရာရှိ
(ထောင်မှူးတာဝန်)
မိတ္ထီလာအကျဉ်းဦးစီးဌာန

**မေး။ ။အစ်ကို့နာမည်၊ အသက်နဲ့ ဇာတိကိုပြောပြပေးပါဦး။**

ဖြေ။ ။ အိုက်စံ အသက် (၂၀ နှစ်) ပန်စလော့ကျေးရွာ မန်လုံမြို့နယ်ခွဲ မန်တုံမြို့ ဖြစ်ပါတယ်။

**မေး ။ ။ ပြစ်ဒဏ် ဘယ်နှနှစ်ကျပြီးဖြစ်ပါသလဲ။ ဘယ်အမှုနဲ့ ထောင်ဒဏ်ဘယ်လောက် ကျခံခဲ့ရပါသလဲ။**

ဖြေ။ ။ နှစ်နှစ်နဲ့ နှစ်လခန့်ကျခံပြီးပါပြီ။ မတရားအသင်း ၁၇ (၁) အမှုပါ။ ထောင်ဒဏ်သုံးနှစ် ကျခံရပါတယ်။

**မေး။ ။ လွတ်ငြိမ်းခွင့်နဲ့ ကျန်ရှိနေတဲ့ ပြစ်ဒဏ်တွေ ကင်းလွတ်ခွင့်ရတဲ့အပေါ် ဘယ်လိုခံစားမိပါသလဲ။**

ဖြေ။ ။ ကျွန်တော် ဝမ်းလည်းဝမ်းသာပါတယ်။ မမျှော်လင့်ဘဲနဲ့ လွတ်ငြိမ်းခွင့်ရလို့ ဝမ်းသာပါတယ်။



ထောင်းခေါင်

လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကိုယ့်မိသားစု အိမ်သူအိမ်သားတွေနဲ့ ပြန်တွေ့ရမှာမို့လို့ ပျော်ရွှင်မိပါတယ်။

**မေး။ ။ အစ်ကို့ အမည်၊ အသက်နဲ့ ဇာတိကို ပြောပြပေးပါဦး။**

ဖြေ။ ။ ထောင်းခေါင်(၂၇ နှစ်) မန်ကလောင်းကျေးရွာ ကွတ်ခိုင်မြို့ ဖြစ်ပါတယ်။

**မေး။ ။ ဘယ်အမှုနဲ့ ထောင်ဒဏ်ကျခံခဲ့ရပါသလဲ။ ပြစ်ဒဏ်ဘယ်လောက်ကျခံပြီးပါပြီလဲ။**

ဖြေ။ ။ မတရားအသင်း ၁၇ (၁)အမှုနဲ့ ထောင်ဒဏ်သုံးနှစ်ကျခံခဲ့ရပါတယ်။ ပြစ်ဒဏ်နှစ်နှစ်နဲ့ နှစ်လခန့် ကျခံပြီးပါပြီ။



အိုက်စံ

**မေး။ ။ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ကျန်ရှိနေတဲ့ပြစ်ဒဏ်တွေ ကင်းလွတ်ခွင့်ရတဲ့အပေါ် ဘယ်လိုခံစားမိပါသလဲ။**

ဖြေ။ ။ ဝမ်းသာ မိပါတယ်။ သမ္မတကြီး ဦးသိန်းစိန်နဲ့ လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကိုယ့်မိသားစုဆီ ပြန်ရတော့မှာမို့ ပျော်ရွှင်နေပါတယ်။

လွတ်ငြိမ်းခွင့်ရရှိသူ အခြားနှစ်ဦးမှာ ဂန်ရှောင် အသက် (၂၈ နှစ်) နားမွန်းကျေးရွာ တွန်ဆွေအုပ်စု မန်တုံမြို့နယ်တွင် နေထိုင်သူနှင့် ပန်းအောင် အသက် (၂၈ နှစ်) လွယ်ငွန်ကျေးရွာ ဟိုကျန့်အုပ်စု ကွတ်ခိုင်မြို့တွင် နေထိုင်သူတို့ ဖြစ်ကာ ၎င်းတို့နှစ်ဦးသည်လည်း ပုဒ်မ ၁၇(၁) ဖြင့် ထောင်ဒဏ်သုံးနှစ်စီ ကျခံရသူများဖြစ်ပြီး ပြစ်ဒဏ်ကာလ နှစ်နှစ်နှစ်လခန့်ကျခံပြီးသူများ ဖြစ်သည်။ မိတ္ထီလာအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများအား ၎င်းတို့၏ ဇာတိရပ်ရွာမြေသို့ အပြန်ခရီး ချောမွေ့စေရန်အတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး စဝ်နေလင်း၊ အကျဉ်းဦးစီးမှူး ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများက လမ်းခရီးစရိတ်နှင့် လိုအပ်သည်များကို ပံ့ပိုးကူညီ ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## မော်လမြိုင်အကျဉ်းထောင်မှတစ်ဦး ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရ

မော်လမြိုင် အောက်တိုဘာ ၈

မော်လမြိုင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေသူတစ်ဦးအား နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ယနေ့ နံနက် ၁၁ နာရီတွင် လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

အဆိုပါ လွတ်ငြိမ်းခွင့်ရသူမှာ ရှမ်းပြည်နယ် နမ့်ခမ်းမြို့ ဗန်းမော် ကွက်သစ်ရပ်ကွက်၌ နေထိုင်သူ ရန်ရိုးချွန်(ခ) လောအိုက် (၆၈ နှစ်) လီရှောလူမျိုးဆိုသူဖြစ်ပြီး မော်လမြိုင်အကျဉ်းထောင်၌ ၁၂ နှစ်နှင့်သုံးလကျခံခဲ့ပြီး ယခုလွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

လွတ်မြောက်လာသူ ရန်ရိုးချွန်(ခ)လောအိုက်တွင် ဇနီးနှင့် သားသမီးလေးဦးရှိကာ မိသားစုဝင်များက ရန်ကုန်တွင် စောင့်ကြိုနေမည် ဖြစ်ကြောင်း၊ မိမိအနေဖြင့် နေရပ်ဇာတိသို့ပြန်ကာ မိသားစုနှင့်အတူလယ်ယာလုပ်ငန်းကိုပဲ ပြန်လည်လုပ်ကိုင်မှာဖြစ်ကြောင်းပြောကြားသည်။ **(၆၄)**

## မြန်မာ့ရုပ်မြင်သံကြား

၉-၁၀-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၆း၂၀ ကျန်းမာဖို့အတူကစားစို့
၇း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၇း၂၀ **သွေးသစ္စာ**
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၁၀း၀၀ ပြည်တွင်းသတင်း

**နေ့လယ်ပိုင်း**

၁၁း၁၀ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၁၁း၄၀ အတီးပြိုင်ပွဲ
၁၃း၅၀ ဂီတသံစဉ်အလှဆင်(မေမီလင်း)

**ညပိုင်း**

၁၅း၀၀ ပြည်တွင်းသတင်း
၁၆း၀၀ ပြည်တွင်းသတင်း
၁၆း၁၅ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၁၇း၀၀ ပြည်တွင်းသတင်း
၁၇း၁၅ အကယ်ဒမီဖက်ရှင်(မြန်မာ)
၁၇း၄၀ မြန်မာ့ရိုးရာအစားအစာ အညာဒေသကထန်းသီးမုန့်
၁၈း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၂၀း၀၀ ပြည်တွင်းသတင်း

## ပြည်တွင်းသတင်း

# လားရှိုးအကျဉ်းထောင်မှ ၁၄ ဦး လွတ်ငြိမ်းခွင့်ရ



**လားရှိုး အောက်တိုဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အရ လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေရသူ ၁၄ ဦးကို ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အပိုဒ်ခွဲ(၁)အရ ယနေ့နံနက်ပိုင်းက လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်သမ္မတရုံး၏ ၇-၁၀-၂၀၁၂ နေ့စွဲပါ စာအမှတ် ၁၂၇/(၁)၈-၂၀၁၂အရ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံဆဲ အကျဉ်းသားများအနက် မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇/(၁)(၂)ဖြင့် ပြစ်ဒဏ်ကျခံဆဲ အကျဉ်းသား ၅၆ ဦးကို စည်းကမ်းသတ်မှတ်ချက်မထား လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ နံနက် ၉ နာရီက လားရှိုးအကျဉ်းထောင်တွင် လွတ်ငြိမ်းခွင့်ရသူ ၁၄ ဦးကို လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က အမှာစကားပြောကြားခဲ့ရာ နိုင်ငံတော်သမ္မတကြီး၏ စေတနာကို နားလည်သဘောပေါက်စွာဖြင့် မိမိတို့ဒေသအသီးသီး ပြန်ရောက်ချိန်တွင် နိုင်ငံတော်အကျိုး၊ မိမိဒေသအကျိုးကို ပြည်သူတို့နှင့်အတူ လက်တွဲဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏စေတနာကို ကျေးဇူးတင်စွာဖြင့် အေးအေးချမ်းချမ်း ဥပဒေဘောင်အတွင်း နေထိုင်သွားရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

လားရှိုးအကျဉ်းဦးစီးဌာနတာဝန်ခံထောင်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ အမိန့်အရ လားရှိုးအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ပြုရန် ၁၅ ဦး ဖြစ်သော်လည်း တစ်ဦးမှာ ယခင်နှစ်က မကျန်းမာသဖြင့် သေဆုံးခဲ့ကြောင်း၊ ယနေ့ လွတ်ငြိမ်းခွင့်ရသူ ၁၄ ဦးဖြစ်ကြောင်း၊ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အပိုဒ်ခွဲ(၁)အရ စည်းကမ်းသတ်မှတ်ချက်မရှိဘဲ လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း၊ မိမိတို့ဒေသအသီးသီး ပြန်ရောက်ချိန်တွင် ဥပဒေဘောင်အတွင်း နေထိုင်ကြကာ မိမိတို့ဒေသအကျိုး၊ နိုင်ငံအကျိုးဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယနေ့ လားရှိုးအကျဉ်းထောင်တွင် မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇ (၁) (၂)အရ ပြစ်ဒဏ်ကျခံရသူ ၁၄ ဦးကို လွတ်ငြိမ်းခွင့်စာများ ထုတ်ပေး၍ မိဘဆွေမျိုးများ ရှိရာနေရပ်ဒေသအသီးသီးသို့ ပြန်နိုင်ရန်စီစဉ်ပေးကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။ **မမ(လားရှိုး)**

# ဗန်းမော်အကျဉ်းထောင်မှ ခုနစ်ဦးလွတ်ငြိမ်းခွင့်ရ



**ဗန်းမော် အောက်တိုဘာ ၈**

ကချင်ပြည်နယ် ဗန်းမော်မြို့ အကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံဆဲ အကျဉ်းသားခုနစ်ဦးကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီခွဲတွင် လွတ်ငြိမ်းခွင့်ပြုခဲ့ရာ **(အပေါ်ပုံ)** အကျဉ်းဦးစီးဌာနရုံးခန်း၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်းတို့က တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ စီနှင့်အကျဉ်းဦးစီးဌာနမှ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ စီ ထောက်ပံ့ပေးကြသည်။ နံနက် ၁၁ နာရီခွဲတွင် မိမိဒေသသို့ပြန်နိုင်ရန်အတွက် အကျဉ်းဦးစီးဌာနမှ ကားလေးဝင်းကားဂိတ်သို့ ပို့ဆောင်ပေးသည်။

"ကျွန်တော့်မှာ မိသားစုခုနစ်ဦးရှိတယ်။ မန်စီမြို့နယ် ကုန်းတိမ်ကျေးရွာမှာနေတယ်။ လွတ်ငြိမ်းခွင့်ရမယ်လို့ မကြားမိဘူး။ ဒီနေ့နံနက်မှ လွတ်ငြိမ်းခွင့်ရမယ် သိရလို့ များစွာဝမ်းသာမိတယ်။ ကျွန်တော့်မိသားစုတွေသိရင် ဘယ်လောက်ဝမ်းသာကြမလဲ၊ အိမ်ရောက်ရင် မိသားစုနဲ့အတူ လယ်ယာစိုက်ပျိုးလုပ်ကိုင်စားသောက်မယ်" ဟု ဦးနောင်ဆိုင်း (၅၃ နှစ်)က ပြောကြားသည်။ ကျန်အဖွဲ့များကလည်း မမျှော်လင့်ဘဲ လွတ်ငြိမ်းခွင့်ရကြ၍ အတိုင်းမသိ ဝမ်းသာကြကြောင်း၊ နိုင်ငံတော်အစိုးရကို ကျေးဇူးများစွာတင်ကြောင်း ပြောပြနှုတ်ဆက်ကြပြီး ဆိုင်ကယ်ဖြင့်တစ်မျိုး၊ ကားဖြင့်တစ်ဖုံ အပြုံးကိုယ်စီနှင့် နေရပ်သို့ပြန်သွားကြကြောင်း သိရသည်။

**ဆီမီးခုံ -နန်းရီ**

ပြည်တွင်းသတင်း

# ကျိုက်လတ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် မြွေဆိပ်ဖြေဆေးနှင့် ကျန်းမာရေးဆိုင်ရာအရေးပေါ်သုံး ဆေးဝါးသေတ္တာများ ပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၈

**ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် မြွေဆိပ်ဖြေဆေးနှင့် ကျန်းမာရေးဆိုင်ရာအရေးပေါ်သုံး ဆေးဝါးသေတ္တာများအပါအဝင် ဆေးပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကျိုက်လတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မြဆန္ဒီကျောင်းခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်ဇနီး ဒေါ်ခင်မလေးတို့က မြွေဆိပ်ဖြေဆေးအလုံး ၃၀ နှင့် ကျန်းမာရေးစောင့်ရှောက်မှုဆေးပဒေသာပင် အလှူငွေကျပ် ၅၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျိုက်လတ်မြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းဝင်းက လက်ခံရယူခဲ့သည်။ ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဝင်းနိုင်က မြွေဆိပ်ဖြေဆေးအလုံး ၅၀ နှင့် ကျန်းမာရေးဆိုင်ရာအရေးပေါ်သုံး ဆေးသေတ္တာသုံးပုံးတို့ကို ပေးအပ်လှူဒါန်းရာ ကျိုက်လတ်မြို့နယ် ကျန်းမာရေးမှူး ဦးနိုင်ဦးက လက်ခံရယူသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်ကြသော ဧည့်သည်တော်များက ဆေးပဒေသာပင်စိုက်ထူရန် အလှူငွေများပေးအပ်ရာ ကျိုက်လတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က လက်ခံရယူသည်။

**မှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က မြေအန္တရာယ်တားဆီးကာကွယ်ရေးနှင့် မြွေဆိပ်ဖြေဆေးများ ပေးအပ်လှူဒါန်းရခြင်းအကြောင်း အပါအဝင် သာသနာရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်နှင့်မူဝါဒများ၊ သာသနာရေးဆိုင်ရာ ဥပဒေများ၊ လွှတ်တော်ဆိုင်ရာဥပဒေများ၊ ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်းနှင့် ရင်ပြင်တော်ရှိ ပြတိုက်တို့ ဆက်သွယ်မည့် စောင်းတန်းတည်ဆောက်ခြင်း၊ ရေစက်ချလှူဒါန်းခြင်း၊ ထေရဝါဒစာပေကျမ်းဂန်နှင့် ညီအောင်ဆက်ကပ်လှူဒါန်းခြင်း၊ ဓမ္မစာပေများထုတ်ဝေခြင်း၊ ဂေါပကစည်းမျဉ်းရေးဆွဲခြင်း၊ ဗုဒ္ဓအစဉ်အလာများနှင့်အညီ ပညာရပ်ပိုင်းဆိုင်ရာ စောင့်ရှောက်မည့်အဖွဲ့ဖွဲ့စည်းခြင်းနှင့် ပတ်သက်ပြီး ဆရာတော်ကြီးများ၏ ဩဝါဒများ၊ မှတ်တမ်းဓာတ်ပုံများ၊ ကျမ်းဂန်အထောက်အထားများဖြင့် ရှင်းလင်းပြသခြင်း၊ ကျိုက်လတ်ဒေသရှိ ပြည်သူများ လယ်ယာမြေများကို ချစ်မြတ်နိုးကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ထန်းကုန်းတိုက်နယ်ဝန်းကျင်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ကန့်ဘလူ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာတွင် အောက်တိုဘာ ၂ ရက်က မြို့နယ်စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးမျိုးလွင်သည် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခွေးများအား ခွေးရူးပြန်ကာကွယ်ဆေး အခမဲ့ထိုးပေးခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကော်မတီ၊ မြို့နယ်သစ်တောတို့နှင့်အတူ မီးဘေးသင့်အိမ်များ ပြန်လည်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ကျန်းမာရေး၊ မြို့နယ်ပညာရေး၊ မြို့နယ်စိုက်ပျိုးရေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့နှင့်အတူ ဇီးဖြူကုန်းကျေးရွာအုပ်စု မင်းကုန်းကျေးရွာသို့သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာအထောက် အကူပြုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဌာနက အဆိုပါကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် တစ်နှစ်အောက်ကလေးများကို ပုံမှန်ကာကွယ်ဆေးထိုးပေးခဲ့သည်။ ဆက်လက်ပြီး ဇီးကုန်း(တ)ကျေးရွာအုပ်စု နဂါးပေါ်ကျေးရွာတွင်လည်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## တရားမဝင်ပို့ဆောင်သော ပွဲစားအမျိုးသမီးနှင့်အတူ မြန်မာနိုင်ငံသားများ ထိုင်းစစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိ

**ဗန်ကောက် အောက်တိုဘာ ၈**

ယမန်နေ့ ထိုင်းနိုင်ငံစံတော်ချိန် နံနက် ၅ နာရီအချိန်ခန့်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့အနီး ဖက်ချဖူစစ်ဆေးရေးဂိတ်အရောက်တွင် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာကြသည့် မြန်မာနိုင်ငံသားအလုပ်သမား ၃၄ ဦးနှင့် မြန်မာနိုင်ငံသားပွဲစားအမျိုးသမီးတစ်ဦးအား ထိုင်းနိုင်ငံ အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်းကို ထိုင်းရပ် အွန်လိုင်းသတင်းစာတွင် ရေးသားဖော်ပြချက်အရ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့က ဆက်သွယ်ပြောကြားသည်။

ဗန်ကောက်မြို့ မြောက်ဘက် ၃၅၈ ကီလိုမီတာကွာဝေးသော ကမ်ဖယ်ဖက်မြို့အရောက် ဖိုလိုယိုတင်း အဝေးပြေးလမ်းတွင် ပေါင်မုန့်ကား TOWN ACE ဗန်ကောက်လိုင်စင်နံပါတ် ဟောဖော ၆၉၈၇ ကို စန်ဖိနခေါ်ပိုင်းရှားနယ်မြေ အမှတ်(၅)အဝင် ဖက်ချန်ဖူ စစ်ဆေးရေးဂိတ်အရောက်တွင် သက်ဆိုင်ရာမှ သတင်းအရ တာဝန်ရှိရဲများက ဖမ်းဆီးစစ်ဆေးခဲ့ကြရာ တရားမဝင်မြန်မာနိုင်ငံသားအလုပ်သမား ၃၄ ဦး(အမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး ၁၅ ဦး)နှင့်အတူ မြန်မာနိုင်ငံသားပွဲစား အမျိုးသမီး မမော်မော် အသက် (၂၇ နှစ်) အားဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံသားပွဲစားအမျိုးသမီး မမော်မော်၏ ထွက်ဆိုချက်အရ ထိုင်းနိုင်ငံ မဲဆောက်မြို့တစ်ဖက်ကမ်းရှိ မြန်မာနိုင်ငံ မြဝတီမြို့ဘက်မှ ပွဲစားများနှင့် ချိတ်ဆက်လုပ်ပြီး အယုဒ္ဓယနှင့် ဗန်ကောက်နယ်မြေများသို့ ပို့ဆောင်ခ လူတစ်ဦးလျှင် ထိုင်းနိုင်ငံသုံးဘတ်ငွေ ၁၄၀၀၀ဖြင့် ပို့ဆောင်ပေးသည်ဟု ထွက်ဆိုခဲ့ကာ ယာဉ်မောင်းဒရိုင်ဘာ ထိုင်းနိုင်ငံသား နိုင်ချာနားဖုန်မာ၏ ထွက်ဆိုချက်အရလည်း ၎င်းမှာ တစ်ခေါက်လျှင် ထိုင်းနိုင်ငံဘတ်ငွေ ၃၀၀၀နှုန်းဖြင့် ယခုတစ်ခေါက်အပါအဝင် ငါးခေါက်ရှိပြီဟု ထွက်ဆိုခဲ့သည်။

ရဲအရာရှိက စစ်ဆေးရေးဂိတ်များမှ လွတ်မြောက်အောင် မည်သူများက ကြံစည်ဆောင်ရွက်ခဲ့သည်ကို ဖော်ထုတ်စစ်ဆေးမည်ဖြစ်ကြောင်းနှင့် အမှုနှင့်မသက်ဆိုင်သည့် အလုပ်သမားများကို စစ်ဆေးမေးမြန်းပြီးဖြစ်ကြောင်း ထိုင်းရပ်အွန်လိုင်းသတင်းစာတွင် ရေးသားထားချက်အရ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့မှ သိရသည်။ **စိုးဝင်း(SP)**

# အိမ်တွင်းအကြမ်းဖက်မှုအကြောင်း သိကောင်းစရာ

**စိုးဝင်း(SP)**

"အိမ်တွင်းအကြမ်းဖက်မှု" ဆိုသည့် စကားလုံးသည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော Domestic Violence ကို တိုက်ရိုက်ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။

အိမ်တွင်းအကြမ်းဖက်မှုသည် မိသားစုတစ်ခုတွင် အတူနေထိုင်ကြသော မိသားစုအဖွဲ့ဝင်တစ်ဦးမှ အခြားတစ်ဦးကို စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာအရ နိုင်ထက်စီးနင်းကျင့်ကြံပြုမူခြင်းကို အိမ်တွင်းအကြမ်းဖက်မှုဟု ခေါ်ဆိုနိုင်သည်။ အိမ်တွင်းအကြမ်းဖက်မှုသည် လူတို့ လက်ခံယုံကြည်ကျင့်သုံးနေသော အခြေအနေများ အရလည်း ကွဲပြားမှုရှိသည့်အတွက် အခြားသောအဓိပ္ပာယ်ဖွင့်ဆိုမှုများကိုလည်း ဖော်ပြလိုသည်။

**အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ**

မိမိ၏ဇနီးမယားကို ပြင်းထန်စွာ ကိုယ်ထိလက်ရောက် စော်ကားခြင်း၊ ကျူးလွန်ခြင်း၊ ရိုက်နှက်ခြင်း၊ အဆက်မပြတ်ရိုက်နှက်ခြင်း၊ ဆိုးဆိုးရွားရွား နှောင့်ယှက်ခြင်း၊ ဆိုးရွားစွာ ထုနှက်ခြင်း၊ လိင်ပိုင်းအရ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ကြောက်မက်ဖွယ်ရန်ပြုခြင်း၊ ဆိုးရွားစွာကြောက်မက်ဖွယ်ရန်ပြုခြင်း၊ ချုပ်နှောင်ထားခြင်း၊ ပြန်ပေးဆွဲခြင်း သို့မဟုတ် တစ်မိုးအောက်တွင် နေထိုင်သူထဲမှ မိသားစုတစ်ဦးဦးကို ရုပ်ပိုင်းဆိုင်ရာအရ ဒုက္ခရောက်အောင် ပြစ်မှုမြောက်သည်အထိ ကျူးလွန်မှုကို ခေါ်ဆိုသည်။

**(မှတ်ချက်။** ။ ဆိုးရွားစွာနှောင့်ယှက်ခြင်း၊ ကျူးလွန်ခြင်း၊ ရိုက်နှက်ခြင်း၊ ဆိုးဆိုးရွားရွားကြောက်မက်ဖွယ်ရန်ပြုမှု ပြုလုပ်ခြင်းများသည် ကြီးလေးသော ပြစ်မှုများဖြစ်သည်။ ကိုယ်ဝန်ဆောင်သော အမျိုးသမီးတစ်ဦးကို ကိုယ်ဝန်ရှိမှန်းသိလျက်နှင့် ကိုယ်ထိလက်ရောက် အနိုင်ကျင့်မှုသည် ကြီးလေးသော ပြစ်မှုဖြစ်သည်။ ခြိမ်းခြောက်မှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုတို့သည် အသက် ၆၅ နှစ်နှင့် ယင်းအထက်ရှိသူများကို ကြီးလေးသောပြစ်မှုမျိုးဖြစ်သည်။)

အိမ်ထောင်စု တစ်ခုအတွင်းရှိ အခြားတစ်ဦးဦးကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နာကျင်မှုဖြစ် အောင်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သည့်အပြုအမူကို အိမ်တွင်းအကြမ်းဖက်မှုဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဤနေရာတွင် အိမ်ထောင်စုဝင်တစ်ဦးဦးကို အန္တရာယ် ဖြစ်စေနိုင်သည့်မည်သို့သော အပြုအမူမျိုးဖြစ်စေ၊ အိမ်ထောင်စုဝင်တစ်ဦးဦးကို ၎င်း၏ အလိုဆန္ဒမပါဘဲနှင့် တစ်စုံတစ်ခုပြုလုပ်ရန် မတရားခိုင်းစေသည့် အပြုအမူမျိုးဖြစ်စေ အကျုံးဝင်သည်။ **(မှတ်ချက်။** မိဘများက သားသမီးဖြစ်သူကို ကျောင်းသွားရန်ဖြစ်စေ၊ ကျန်းမာရေးအတွက် ဆေးဝါးကုသရန် ၎င်းတို့၏အလိုကို ဆန့်ကျင်ကာ အတင်းအကျပ်ခိုင်းစေရသည့် အခြေအနေမျိုးကိုမူ အိမ်တွင်းအကြမ်းဖက်မှုဟု အဓိပ္ပာယ်မဖွင့်နိုင်ပါ)

အိမ်တွင်းအကြမ်းဖက်မှုသည် ဇနီးအပေါ် အကြမ်းဖက်ခြင်း သို့မဟုတ် ဇနီးသည်အား ရိုက်နှက်ခြင်းဟု အများအားဖြင့် သိကြပြီး ၎င်းအပြင် လင်ယောကျ်ား သို့မဟုတ် အတူတူနေထိုင်သူက ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရ သို့မဟုတ် ခံစားမှုဖြစ်ပေါ်သည်အထိ ပြုမူခြင်းကို အကြမ်းဖက်ခြင်းဟုခေါ်သည်။ ၎င်းအပြင် အိမ်တွင်းအကြမ်းဖက်မှုသည် မိသားစုအတွင်း ဖြစ်ပျက်နေသော အကြမ်းဖက်မှုပုံစံအားလုံး ခေါ်ဆိုနိုင်သေးသည်။

အိမ်တွင်း အကြမ်းဖက်မှုဆိုသည်မှာ မိသားစုတစ်ခုအတွင်း ဖြစ်ပွားရသည့် အကြမ်းဖက်မှုများကိုဆိုလိုသည်။ တစ်နည်းဆိုရသော် သွေးသားတော်စပ်မှုအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ၊ သွေးသားရင်းနှီးမှုအရဖြစ်စေ၊ တည်ရှိနေသူများ တစ်ဦးနှင့်တစ်ဦးအကြားတွင် ဖြစ်ပွားသော အကြမ်းဖက်မှုကို အိမ်တွင်းအကြမ်းဖက်မှုဟုခေါ်သည်။ အိမ်တွင်းအကြမ်းဖက်မှုဆိုသော အသုံးအနှုန်းမှာ ဘက်လိုက်မှုမရှိသော အမျိုးသမီးများအပေါ် အမျိုးသားများမှ ကျူးလွန်သော ရာဇဝတ်မှုလည်း ဖြစ်သည်။

အမျိုးသမီးများက အမျိုးသားများအပေါ် အကြမ်းဖက်ပါကလည်း အမျိုးသားများကျူးလွန်သော အချိုးနှင့်နှိုင်းယှဉ်ပါက ရှိသည်ဆိုရုံမျှလောက်သာဖြစ်ပွားသည်။ ၎င်းမှာလည်း အမျိုးသမီးများကို ကိုယ်ထိလက်ရောက် ကျူးလွန်လာမှုကြောင့် မိမိကိုယ်မိမိခုခံကာကွယ်ရင်း ဖြစ်ပေါ်ခြင်းသာဖြစ်သည်။ အမေရိကန်တရားရေးဌာန၏ အဆိုအရ အမျိုးသမီးများသည် အမျိုးသားများထက် (၁၁)၁ ပိုမိုခံစားရဖွယ်ရှိသည်ဟု ဆိုပါသည်။

**အိမ်တွင်းအကြမ်းဖက်မှုပုံစံများ**

အိမ်တွင်းအကြမ်းဖက်မှုပုံစံများကို အပိုင်းသုံးပိုင်းခွဲ၍ တင်ပြသွားမည် ဖြစ်သည်။

(၁) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊
(၂) ကိုယ်ထိလက်ရောက်အကြမ်းဖက်မှုကျူးလွန်ခြင်း၊
(၃) လိင်ပိုင်းဆိုင်ရာအရ စော်ကားခြင်းတို့ ဖြစ်သည်။

**(၁)စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း**

သံသယဖြင့်စွပ်စွဲခြင်း၊ အငယ်အနှောင်းထားပြခြင်း၊ လုပ်ချင်သော လုပ်ငန်းများကို လုပ်ခွင့်မပြုခြင်း၊ မိသားစု၊ သူငယ်ချင်းဆွေမျိုးများနှင့် ဆက်သွယ်ခွင့်မပြုခြင်း၊ မောက်မာစွာပြောဆိုခြင်း၊ ဟန့်တားခြိမ်းခြောက်ခြင်း၊ ပြစ်တင်ရှုတ်ချခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ အပျော်သဘောအရ စနောက်၍သော်လည်းကောင်း၊ တစ်ဖက်သားကို ခံစားချက်ဖြစ်ပေါ်စေသည်အထိပြုမူခြင်းကို စိတ်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခြင်းဟု ခေါ်သည်။ တစ်ခါတစ်ရံ ထိုမှတစ်ဆင့် အချေအတင်စကားများခြင်း၊ အော်ဟစ်ခြင်း၊ ငယ်ကျိုးငယ်နာအပြစ်ဖော်ထုတ်၍ နာကြည်းစွာပြောဆိုကြခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းတို့သည်လည်း စိတ်ပိုင်းဆိုင်ရာထိခိုက်စေခြင်းတွင် အကျုံးဝင်ပေသည်။ (အထက်တွင် ဖော်ပြခဲ့သော အပြုအမူများသည် ပြဿနာဖြစ်သည်ဟု လက်ဆုပ်လက်ကိုင်ပြရန် ခဲယဉ်းသည်။)

**(၂)ကိုယ်ထိလက်ရောက်အကြမ်းဖက်မှုကျူးလွန်ခြင်း**

အိမ်ထောင်ဖက်ကို ပါးရိုက်ခြင်း၊ ဆံပင်ဆောင့်ဆွဲခြင်း၊ ကန်ကျောက်ထိုးကြိတ်ခြင်း၊ တွန်းလှဲခြင်း၊ ရေနွေးပူဖြင့် လောင်းခြင်း၊ ထုနှက်ခြင်း၊ လည်ပင်းညှစ်ခြင်း၊ ရိုက်နှက်ခြင်းအမျိုးမျိုးတို့အပြင် တစ်ခါတစ်ရံရန်ဖြစ်စဉ်အတွင်း သေနတ်၊ တုတ်၊ ဓား၊ ကတ်ကြေး၊ ကြိမ်လုံး၊ တံမြက်စည်း၊ ဖန်ခွက်၊ ပန်းကန်လုံးစသည့် နီးစပ်ရာတို့ကို အသုံးပြုကာ ကိုယ်ထိလက်ရောက်(တစ်နည်းအားဖြင့် ခွန်အားကို အသုံးပြု၍)နှိပ်စက်ခြင်းဖြစ်သည်။ ထို့ပြင် အခြားနီးစပ်ရာ အရာဝတ္ထုများကို အသုံးပြုခြင်းဖြင့် ပြင်းထန်သော ရန်ပွဲဖြစ်သည်အဆင့်ထိ အခြေအနေဆိုးများဖြစ်ပေါ်စေပြီး အိမ်ထောင်ဖက်ကို ပြင်းထန်သောဒဏ်ရာများရရှိစေနိုင်သလို၊ တစ်ခါတစ်ရံတွင် အကြမ်းဖက်ခံရသူမှာ ပွဲချင်းပြီး သေဆုံးရသည်အထိ ဖြစ်ပေါ်စေခြင်းကို ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်းဟု ခေါ်သည်။

(ဤပြဿနာဖြစ်ပုံသည် မြင်သာထင်သာရှိ၍ ပြဿနာဖြစ်ကြသည်ဟု ပြောရန်လွယ်ကူသည်။)

**(၃) လိင်ပိုင်းဆိုင်ရာအရ စော်ကားခြင်း**

အိမ်ထောင်ဖက်၏ သဘောတူညီမှုမရရှိဘဲ၊ တစ်နည်းအားဖြင့် ဆန္ဒရှိ မရှိ မေးမြန်းခြင်းမပြုဘဲ တစ်ဖက်အလိုဆန္ဒဖြင့် အတင်းအဓမ္မပြုမူဆက်ဆံခြင်းကို လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်မှုဟု ခေါ်သည်။ တစ်နည်းအားဖြင့် လင်မယားအကြား မုဒိမ်းကျင့်မှုဖြစ်သည်ဟုလည်း ခေါ်ဆိုနိုင်သည်။ (လင်နှင့်မယားအကြား မုဒိမ်းမှုဆိုသည့် စကားလုံးသည် ဥပဒေအရပြဋ္ဌာန်းထားပြီး ဖြစ်သော်လည်း မြန်မာအသိုင်းအဝိုင်းတွင် ပြောဆိုမှုမရှိသေးပေ။)

**အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ မိသားစုတစ်ခုအတွင်း ဖြစ်ပွားရသည့် အကြမ်းဖက်မှုများကို ဆိုလိုသည်။ တစ်နည်းဆိုရသော် သွေးသားတော်စပ်မှုအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ၊ သွေးသားရင်းနှီးမှုအရဖြစ်စေ၊ တည်ရှိနေသူများ တစ်ဦးနှင့်တစ်ဦးအကြားတွင် ဖြစ်ပွားသော အကြမ်းဖက်မှုကို အိမ်တွင်းအကြမ်းဖက်မှုဟုခေါ်သည်။**

# ငှက်ဖျားရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အသိပညာပေး ဆွေးနွေး

**လှိုင်ကော် အောက်တိုဘာ ၈**

အာတီမီစီနင်းဆေးယဉ်ပါးသည့် ငှက်ဖျားရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အသိပညာပေး ဆွေးနွေးခြင်းကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက ကယားပြည်နယ် ပြည်နယ်ကျန်းမာရေးခန်းမ၌ကျင်းပရာ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အစိုးရအဖွဲ့အစည်းမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ ဆရာမများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ဦးက အမှာစကားပြောကြားပြီး (MARC)စီမံချက် ညှိနှိုင်းရေးမှူး ဒေါက်တာ လူမော်အောင်က အသိပညာပေးဆွေးနွေးရာတွင် ငှက်ဖျားရောဂါကို ဆေးတစ်မျိုးတည်းသောက်သုံးခဲ့ခြင်း၊ ရက်ပြည့်၊ အကြိမ်ပြည့် မသောက်သုံးခဲ့ခြင်းတို့ကြောင့် ဆေးယဉ်ပါးမှု ပြဿနာများ ကြုံတွေ့လာရကြောင်း၊ ယခုအခါ ဆေးပေါင်းခါသော ငှက်ဖျားဆေး အစားထိုးသုံးစွဲခြင်းဖြင့် ဆေးယဉ်ပါးမှုမဖြစ်ဘဲ ထိရောက်စွာကာကွယ် ကုသနိုင်မည်ဖြစ်ကြောင်း၊ ဆေးစိမ်ခြင်ထောင်များ အသုံးပြုခြင်းဖြင့်လည်း ငှက်ဖျားရောဂါကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားများသည် ငှက်ဖျားရောဂါပိုးကို သယ်ဆောင်သူများဖြစ်၍ အဓိကထား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်တွင် ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ရှားတောနှင့် ဖရူဆိုမြို့နယ်တို့သည် ငှက်ဖျားရောဂါဖြစ်ပွားနှုန်းများသောဒေသဖြစ်၍ ဤစီမံချက်ကိုလုပ်ဆောင်နေကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပြီဖြစ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဒေါက်တာလူမော်အောင်က ပြန်လည်ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ကလေးမြို့ ရေကြီးခြင်းကြောင့် ဆက်သွယ်ရေးပြတ်တောက်သော်လည်း နယ်စပ်ကုန်သွယ်ရေးထိခိုက်မှုမရှိဟုဆို

**ကလေး အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လေးရက်ခန့် ရေကြီးခဲ့သော်လည်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး ထိခိုက်မှုမရှိကြောင်း နယ်စပ်ကုန်သွယ်ရေး ဝန်ထမ်းတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**အချက်အချာကျ**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နန့်ဖာလုံဈေးသည် နှစ်နိုင်ငံနယ်စပ်လမ်းကြောင်းပေါ်တွင် တည်ရှိပြီး ကလေးမြို့မှတစ်ဆင့်ဖြတ်သန်းသွားလာရသည့် ကုန်သွယ်ရေးအချက်အချာကျသည့် မြို့တစ်မြို့လည်းဖြစ်သည်။

“တမူးမှ ကုန်သည်တွေက ဂိုဒေါင်နဲ့ထားတော့ ကုန်သွယ်ရေးမှာ အရောင်းအဝယ်ပြတ်တောက်သွားတာမျိုးမရှိဘူး။ ကုန်အဝင်နည်းသွားတာပဲရှိတယ်။ အိန္ဒိယဘက်က လမ်းခဏခဏပိတ်တော့ အရောင်းအဝယ်ပါးသွားတယ်။ ကလေးမြို့ ရေကြီးတာကြောင့်တော့ အရောင်းအဝယ်မထိခိုက်ပါဘူး။ ငွေလဲနှုန်းလည်းပုံမှန်ပါပဲ။ ပြီးတော့ တမူးကနေ ကလေးကို ကားနဲ့ပဲလာခဲ့တယ်။ စက်လှေမစီးရပါဘူး။ ကလေးကနေ ကလေး-ဂန့်ဂေါ-မုံရွာ-မန္တလေး ကားတွေထွက်တယ်” ဟု ကလေးမြို့သို့ရောက်ရှိနေသည့် ခရီးသည်တစ်ဦးက ဆိုသည်။

**အကူအညီပေး**

ကလေးမြို့ရေကြီးခြင်းမှာ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိဖြစ်ကာ ယခုအခါ မိုးဆက်လက်ရွာသွန်းမှုရှိသော်လည်း တမူး-ကလေးကားလမ်း သွားလာနိုင်ကြောင်း၊ ကလေး-ဂန့်ဂေါကားလမ်းနှင့် ရန်ကုန်- မန္တလေး-မုံရွာ-ကလေး ဆက်သွယ်ရေးလမ်းများ ခေတ္တယာယီပြတ်တောက်လျက်ရှိပြီး ယခုအခါ ရေပြန်လည် ကျဆင်းပြီဖြစ်သဖြင့် ခရီးသည်တင်ကားများ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ဆုံးရှုံးမှုစာရင်း အသေးစိတ်မထုတ်ပြန်နိုင်သေးသော်လည်း ရေဘေးဒုက္ခသည်ဦးရေ ၆၀၀၀ ကျော်နှင့် သိရှိရသမျှ စာရင်းများအရ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် ၁၀၇ ကောင်၊ လယ်ယာမြေဧက ၂၀၀၀ ကျော် ပျက်စီးဆုံးရှုံးကြောင်း၊ ၁၉၆၆ ခုနှစ်က တစ်ကြိမ် ထိုကဲ့သို့သော ရေကြီးမှုမျိုး ကြုံဖူးခဲ့ပြီး ယခုအကြိမ်သည် ထိုစဉ်ကထက် ဆိုးရွားကြောင်း ရေဘေးဒုက္ခသည်များအား အကူအညီပေးသည့် မြို့ခံတစ်ဦးထံမှ သိရသည်။

**နေစု(ချင်းရိုးမ)**



# ကမ္ဘာ့ဆရာများနေ့ ပန်းတောင်းမြို့၌ကျင်းပ

**ပန်းတောင်း အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ အခြေခံပညာ အထက်တန်းကျောင်း ရွှေပင်ရတနာခန်းမ၌ စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဥသျှစ်ပင်မြို့ ပတ်ဝန်းကျင်ရှိ ဆရာ ဆရာမကြီးများအား ကန်တော့ခြင်း၊ ပန်းတောင်းမြို့နယ်အတွင်းရှိ အသက် ၇၃ နှစ်အထက် ဆရာ ဆရာမကြီး ၃၀ ကျော်ကို လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးရုံးမှ ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၀၀၈)**

# စစ်တွေတိုင်းရင်းဆေးရုံမှ အခမဲ့ကွင်းဆင်းဆေးကုသ

**စစ်တွေ အောက်တိုဘာ ၈**

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်သည့်လုပ်ငန်းတစ်ရပ်အနေဖြင့် ရခိုင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန စစ်တွေတိုင်းရင်းဆေးရုံမှ ခေတ္တဆေးရုံအုပ် ဦးသိန်းဌေးအောင်၊ ဒုတိယတိုင်းရင်းဆေးမှူး ဦးသန်းဝင်းနှင့် ဆရာ ဆရာမလေးဦးပါဝင်သော ဆေးကုအဖွဲ့သည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ စစ်တွေမြို့နယ် ကြို့တဲကျေးရွာစာကြည့်တိုက်၌ အခြေစိုက်ကာ ကြို့တဲကျေးရွာနှင့် ၄င်းပတ်ဝန်းကျင်ရှိ ကျေးလက်နေပြည်သူများအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကွင်းဆင်းဆေးကုသမှုပေးခဲ့သည်။

ကွင်းဆင်းဆေးကုသရာတွင် လူနာများအား ရောဂါအလိုက် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် နေထိုင်စားသောက်ရမည့်ပုံစံတို့ကို ကျေးလက်ဒေသအောက်ခြေအထိ သိရှိစေရန် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ပြီး လူနာများကို အခမဲ့ဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။

**(လ/၀၀၃)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝါးရုံကုန်းကျေးရွာအုပ်စု မိုးစပါးစိုက်ဧက ၃၀၀ ကျော် ပျက်စီးဆုံးရှုံး

**စဥ့်ကူး အောက်တိုဘာ ၈**

စဥ့်ကူးမြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စုတွင် အောက်တိုဘာ ၅ ရက်ညက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအနိမ့်ပိုင်းရှိအိမ်များ မိုးရေလျှံဝင်ရောက်ပြီး စဥ့်ကူး-လက်ပန်လှသွားကားလမ်းပေါ်ရေများကျော်ကာ စိုက်ပြီးမိုးစပါးဧက ၃၀၀ ကျော် ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

“ယခင်နှစ်များက အခုလိုမိုးရွာသွန်းမှုများရှိခဲ့သော်လည်း ယခုကဲ့သို့ ပျက်စီးဆုံးရှုံးမှုမများခဲ့ဘူး၊ ယခုနှစ်အခုလိုဖြစ်ရခြင်းဟာ ကြို့ပင်-လက်ပန်လှကားလမ်းပိုင်းမှာ ယခင် ကားလမ်းဖောက်စဉ်က ပြွန်ငါးလုံးရှိပြီး ရေစီးလမ်းကြောင်း မှန်ခဲ့ပေမယ့် နောက်ထပ်ကားလမ်းသစ် တိုးချဲ့ဖောက်လုပ်ရာမှာ အဆိုပါ ပြွန်များမရှိတော့ခြင်း၊ ဆည်မြောင်းဌာနမှ တပ်ဆင်ထားသော ရေထုတ်ပြွန်များမှာလည်း ရေနိုင်နင်းအောင် ထုတ်မပေးနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ ဆုံးရှုံးမှုများရခြင်းဖြစ်ကြောင်း”ဒေသခံတောင်သူတစ်ဦးက ပြောပြ၍ သိရသည်။

သတိပြုရန်မှာ လမ်းခင်းခြင်း၊ တံတားဆောက်ခြင်း၊ ရေမြောင်းဖောက်လုပ်ခြင်းများ ဆောင်ရွက်ရာတွင် ရေရှည်မျှော်တွေးပြီး ဝန်နှင့်အားမျှတမှုရှိစေရန်အတွက် ရေစီးရေလာအနည်းအများကို ချိန်ပြီး ရေပြွန်ကြီး/ငယ်များ လိုအပ်သလို တပ်ဆင်သုံးစွဲခြင်းတို့ ပြုလုပ်ဆောင်ရွက်သွားရန်နှင့် ကြိုတင်တွက်ဆ စီမံဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**(၄၃၃)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကောလင်းမြို့နယ် စာရေးဆရာအသင်း အသိအမှတ်ကတ်ပြားပေးအပ်

**ကောလင်း အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စာရေးဆရာအသင်းကကြီးမှူး၍ စာရေးဆရာအသိအမှတ်ပြုကတ်ပြားပေးအပ်ပွဲကို အောက်တိုဘာ ၁ ရက် မြို့နယ်အသင်းခန်းမဆောင်၌ ကျင်းပရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်မြင့် (မြင့်မြင့်ထွေး-ကောလင်း)က စာရေးဆရာအသင်း အသိအမှတ်ပြုကတ်များကို အဖွဲ့ကိုယ်စား စာရေးဆရာ ဦးဝေဇင်ဖြိုး (ဖြိုးဟန်ငြိမ်း)သို့ လွှဲပြောင်းပေးအပ်သည်။

**(၀၉၂)**

## ပြည်တွင်းသတင်း

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ဧရုတ်သီးညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် ခေမာသီလမ်းသွယ်ရှိ ဧရုတ်သီးမှုန့်လုပ်ငန်းမှထွက်ရှိသည့် ဧရုတ်သီးညှော်နံ့များ နေ့စဉ် ရှူရှိုက်နေရသဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ ကျန်းမာရေး ဆိုးရွားစွာ ထိခိုက်လျက်ရှိသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးစိုးရိမ်သူ**

### မုန့်ဖိုဖယ်ရှားပေးစေလို

ကျိုင်းတုံမြို့ ရပ်ကွက်(၁) ဝမ်ပွေ့ရပ်တွင် မုန့်တီလုပ်ငန်းများလုပ်ကိုင်နေခြင်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ မီးစက်ဆူညံသံများနှင့် မီးဘေးအန္တရာယ် စိုးရိမ်နေရသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ လူနေရပ်ကွက်နှင့် ဝေးလံသောနေရာသို့ ပြောင်းရွှေ့ပေးစေလိုပါကြောင်း တင်ပြလိုက်ရပါသည်။ **မီးဘေးစိုးရိမ်သူ**

### မအူပင်ဆေးရုံ အခပေးအိမ်သာ သန့်ရှင်းမှုမရှိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ဆောင်ရှိ ရေအိမ်သာကို တစ်လလျှင်ငွေကျပ် ၄၅၀၀၀ ဖြင့် ကန်ထရိုက်ကိုပေးထားသည်။ အိမ်သာကန်ထရိုက်ရထားသူသည် လူတစ်ဦး အိမ်သာတစ်ခါဝင်လျှင် ငွေကျပ် ၅၀ နှုန်းဖြင့် အခကြေးငွေယူသည်။ ထိုဆေးရုံသို့တက်ရောက်သူလိုက်ပါလာသူများသည် တောပိုင်းမှ အများဆုံးဖြစ်သည်။ တစ်နေ့လျှင် လူနာစောင့်တစ်ဦး အိမ်သာတက်ခ ငွေကျပ်၂၅၀ နှင့် ၅၀၀ အကြားတွင်ရှိသည်။

သို့အတွက် အချိန်ကြာလာသည်နှင့်အမျှ လူနာစောင့်များသည် ပိုက်ဆံမရှိကြသောကြောင့် ဆေးရုံးရှေ့ ကားလမ်းဝဲယာအပေါ့သွားကြကာ ထိုနေရာမှ ထွက်လာသောအနံ့ဆိုးများသည် မြို့နှင့် ဆေးရုံကြီး၏ ဂုဏ်သိက္ခာကို ထိပါးစေသည်။ဆေးရုံအိမ်သာမှာ အခပေးရပြီး သန့်ရှင်းမှုမရှိ ရေကိုလည်းလုံလောက်စွာမရှိခြင်းကြောင့် အများပြည်သူသန့်ရှင်းစွာ သန့်စင်ခန်းသွားနိုင်ရန်နှင့် မလိုအပ်ဘဲ ငွေကြေးမကုန်ကျစေရန် ဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။ **လူနာစောင့်တစ်ဦး**

### မြစ်ကူးတံတား ပျက်စီး၍ သွားလာရေး အခက်ကြုံ

မြောင်းမြခရိုင် မော်လမြိုင်ကျွန်းမြို့နယ် မြတ်သာဦးတိုကျေးရွာအုပ်စု မြစ်ကလေးကျေးရွာနှင့် ဘိုကလေးမြို့နယ် ပိုက်စလကျေးရွာအုပ်စု ပိုက်စလကျေးရွာသို့ ဆက်သွယ်သွားလာနေသော မြစ်ကလေး-ပိုက်စလချောင်းကူးတံတား ပျက်စီးသွားသဖြင့် ဒေသခံပြည်သူများ အခက်အခဲများစွာကြုံနေရသည်။ ၄င်းတံတားတွင်ကျေးရွာရှစ်ရွာမှ ဒေသခံကျောင်းသား ကျောင်းသူများ၊ သံဃာတော်များ၊ ကျေးရွာသူ ကျေးရွာသားများ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စားဝတ်နေရေးတို့အတွက် နေ့စဉ်နေ့တိုင်း လူဦးရေ ၂၀၀ ခန့် သွားလာနေသောတံတားဖြစ်သည်။ ၄င်းတံတားကို အသစ်ဆောက်လုပ်ပေးရန် လွန်ခဲ့သောနှစ်နှစ်ခန့်ကပင် လာရောက်တိုင်းတာမှုအချို့သာရှိခဲ့ပြီး ယနေ့တိုင် လုံးဝဆောင်ရွက်ပေးခြင်းမရှိသဖြင့် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **ကျေးရွာသား**

### တိုးဂိတ်ပြောင်းရွှေ့ပေးစေလို

ရန်ကုန်မြို့မှ ကျိုက်ထိုသို့ကားဖြင့် ခရီးသွားရာ ထောက်ကြံ့တိုးဂိတ်တွင် ဘုရားကြီးအထိ လမ်းအသုံးပြုခ ပေးဆောင်ခဲ့ပြီး ဘုရားကြီး တိုးဂိတ်တွင် ကျိုက်ထိုအထိ လမ်းအသုံးပြုခ ပေးဆောင်ရသည်။ ဘုရားကြီး တိုးဂိတ်ကပေးသော ပြေစာပေါ်တွင် ကျိုက်ထိုအထိဟု ထင်ထင်ရှားရှား ရိုက်နှိပ်ထားသည်။ ကျိုက်ထိုမရောက်မီ နှစ်မိုင်ခန့်အလို လက်ပြကျေးရွာတွင် တိုးဂိတ်တစ်ခုထားရှိပြီး လမ်းအသုံးပြုခ ထပ်မံကောက်ခံသည်။ ဘုရားဖူးကားအလာများသော ကျိုက်ထိုသို့ မရောက်မီ၊ သတ်မှတ်မိုင် မပြည့်မီ တိုးဂိတ်တစ်ခု ဆောက်လုပ်ပြီး ဘုရားဖူးကားများကို အသွားတစ်ခါ၊ အပြန်တစ်ခါ ကောက်ခံနေသော တိုးဂိတ်ကို အမှန်ရှိရမည့်နေရာဖြစ်သော ကျိုက်ထိုမှ ဘီးလင်းအထွက်လမ်းသို့ အမြန်ပြောင်းရွှေ့သင့်ကြောင်း တင်ပြအပ်ပါသည်။

**ကိုယ်တွေ့ကြုံရသူ**

### စည်းကမ်းမဲ့စက်သုံးဆီဆိုင်များ အရေးယူသင့်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း ကုမ္ပဏီများက ဖွင့်လှစ်ထားသော စက်သုံးဆီဆိုင်အရောင်းအချို့မှာ သတ်မှတ်အခြင်အတွယ်များထက် လျော့နည်းစွာ ချိန်တွယ်ရောင်းချနေကြသည်။ ဈေးနှုန်းကိုလည်း အခြားမြို့နယ်ရှိဆိုင်များထက် ပိုမိုအမြတ်တင် ရောင်းချနေသည်ကို တွေ့ရသည်။ ဆီထည့်နေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း၊ ဆေးလိပ်သောက်နေခြင်းကိုလည်း မတားမြစ်ပါ။ မီးဘေးအန္တရာယ်ကို ဂရုမစိုက်ကြပါ။

သို့ပါ၍ ကျိုက်ထိုမြို့ စည်းကမ်းမဲ့ စက်သုံးဆီဆိုင်များကို ဝေါမြို့နယ်၌ ရှောင်တခင်ဝင်ရောက် စစ်ဆေးသကဲ့သို့ သက်ဆိုင်ရာမှ လာရောက်စိစစ်နိုင်ပါရန် တင်ပြအပ်ပါသည်။

**ကျိုက်ထိုသား**

ပြည်တွင်းသတင်း

# အဝေးပြေးကုန်တင်ယာဉ်များ ဘီးနှင့်ဝင်ရိုးတန်းတစ်စုံအပိုထပ်မံတပ်ဆင် ယာဉ်+ကုန်အလေးချိန် ပိုမိုတင်ဆောင်နိုင်ရန် လုပ်ဆောင်မှုများရှိ

**ရန်ကုန် အောက်တိုဘာ ၈**

အဝေးပြေး ကားလမ်းများပေါ် ကုန်တင်ယာဉ်များပြေးဆွဲရာတွင် ဘီးနှင့်ဝင်ရိုး အရေအတွက်ပေါ်မူတည်၍ ယာဉ်+ကုန်တန်ချိန်သတ်မှတ်မှုကို ၂၀၁၁ နှစ်လယ်နှောင်းပိုင်းမှ စတင်ကျင့်သုံးလာပြီးနောက် ယခုနှစ်ပိုင်းတွင် ဝင်ရိုးနှစ်ခုတပ် ခြောက်ဘီးကုန်ကားများကို ဝင်ရိုးသုံးခုပါ ၁၀ ဘီးကုန်ကားအဖြစ် လည်းကောင်း၊ ဝင်ရိုးသုံးခုပါ ၁၀ဘီးကုန်ကားများကို ဝင်ရိုးခုနစ်ခုပါ ၁၂ ဘီးကုန်ကားများအဖြစ် လည်းကောင်း ပြုပြင်ပြောင်းလဲပြီး အဝေးပြေး ကုန်တင်ဆောင်ရေး လုပ်ငန်းများတွင် အသုံးပြုနေကြောင်း ယာဉ်မောင်းများက ဆိုသည်။

ခြောက်ဘီးကုန်တင်ယာဉ်၊ ၁၀ ဘီး ကုန်တင်ယာဉ်သည် အာဆီယံစံချိန်စံညွှန်းအရ ယာဉ်+ကုန်တန်ချိန် ငါးတန်ကွာခြားမှုရှိပြီး ၁၀ ဘီး ကုန်ကားထက် ၁၂ ဘီး ကုန်ကားသည် ယာဉ်+ကုန်တန်ချိန် လေးတန် ပိုမိုတင်ဆောင်ခွင့်ရှိသဖြင့် ပြုပြင်ပြောင်းလဲ အသုံးပြုလာခြင်းဖြစ်ကြောင်း၊ ကုန်ကားသွားရာ လမ်းကြောင်းများတွင် နားလည်မှုကြေး၊ ကြိုးစားကြေးများပေး၍ အသုံးပြုနေခြင်းဖြစ်ကြောင်း၊ ကတ္တားချိန်တွယ်ရာ လမ်းအသုံးပြုခ၊ တံတားအသုံးပြုခ ကောက်ခံရေးစခန်းများတွင် ဘီးနှင့်ဝင်ရိုးအရေအတွက်ကိုသာ ကြည့်ပြီး ဆုံးဖြတ်သဖြင့် ကတ္တားများကို လွယ်ကူစွာ ဖြတ်သန်းသွားနိုင်ကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

နှစ်စဉ် ကညနတွင် သက်တမ်းတိုးသည့်အခါ နှစ်တိုင်းအစစ်ဆေးမခံဘဲ နှစ်လွှန်ဒဏ်ကြေးပေးပြီး သုံးနှစ်ဝန်းကျင်မှတစ်ကြိမ် ကညနတွင် အစစ်ဆေးခံကြောင်း၊ ယင်းတို့ အစစ်ဆေးခံချိန်တွင် အပိုတပ်ဆင်ထားသော ဘီးနှင့်ဝင်ရိုးများကို ပြန်လည်ပြုပြင်ပြီးမှ သက်တမ်းတိုးလေ့ရှိကြောင်း၊ သို့ဖြစ်၍ ကုန်တင်ယာဉ်များ သက်ဆိုင်ရာမှ တရားဝင်ခွင့်ပြုချက်မရှိသောဘီးနှင့် ဝင်ရိုးတန်းတစ်စုံ အပိုထပ်မံတပ်ဆင်ပြီး ယာဉ်+ကုန်အလေးချိန်ပိုမိုတင်ဆောင်နိုင်ရန် လုပ်ဆောင်ခြင်း များပြားလာရာ မှန်မှန်ကန်ကန် မူလဘီးနှင့် ဝင်ရိုးအတိုင်းသာ မပြုမပြင်ဘဲ ကုန်တင်ပြေးဆွဲနေသော ခြောက်ဘီး၊ ၁၀ ဘီး ကုန်ကားပိုင်ရှင်များအတွက် အတုယူမှားလာမည်ကို စိုးရိမ်ရကြောင်း၊ လမ်းကြောင်းများတွင် နားလည်မှုကြေး၊ ကြိုးစားကြေးများပေး၍ သွားလာနေသော်လည်း ကတ္တားများတွင် ကညနမှ အမှန်တကယ်ထုတ်ပေးသော ဗီးတက်-VIC အထောက်အထားများဖြင့် ယာဉ်ပကတိအခြေအနေကို တိုက်ဆိုင်စစ်ဆေးကြည့်လျှင် အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများတွင် စည်းကမ်းပျက်ယာဉ်ပြုပြင်ပြောင်းလဲနေမှုများကို မြင်တွေ့နိုင်ကြောင်း၊ အဝေးပြေး ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

**အလေးအနက်ထား**

အကျင့်ပျက် လာဘ်စားမှုများ တိုက်ဖျက်နေချိန်တွင် အဝေးပြေး ကုန်စည် ပို့ဆောင်ရေးလောကတွင် တရားမဝင် ကုန်တင်ယာဉ်အမျိုးအစား ပြုပြင်ပြောင်းလဲပြေးဆွဲနေမှုများကို လမ်းကြောင်းများတွင်သာမက ကုန်တန်ချိန် ချိန်တွယ်ရာ ကတ္တားများတွင်ပါ အလေးအနက်ထား စစ်ဆေးဖော်ထုတ်ရန် လိုလာပြီဟု ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

**ခင်ဆိုင်**

# မန္တလေးမြို့ ဆိုင်ကယ်ဈေးကွက်အရောင်းသွက်

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးမြို့ ဆိုင်ကယ်ဈေးကွက်တွင် လူငယ်ကြိုက် အော်တိုဂီယာ အမျိုးအစားဖြစ်သော ကလစ်ဆိုင်ကယ်များ အရောင်းအဝယ်သွက်လျက်ရှိကြောင်း ဆိုင်ကယ်ပွဲစားများထံမှ သိရသည်။

"ယခင် တရုတ်နိုင်ငံထုတ် CZI အမျိုးအစားဆိုင်ကယ်များ အရောင်းသွက်ခဲ့သော်လည်း ယခုအချိန်တွင် အဆိုပါကလစ်ဘီးများ ဈေးကွက်အတွင်း အစားထိုးနေရာယူလျက်ရှိကြောင်း၊ လက်ရှိ ကလစ်ဆိုင်ကယ်တစ်စီးဈေးနှုန်းမှာ ကုမ္ပဏီမှ တိုက်ရိုက်ဝယ်ယူဈေး ၁၉ သိန်းဝန်းကျင်ရှိပြီး ဆိုင်ကယ်ဝိုင်းတွင် ရောင်းဈေးမှာ ဆိုင်ကယ်မော်ဒယ်ကိုကြည့်၍ ဈေးပေးဝယ်ယူလျက်ရှိပြီး လက်ရှိ ၂၀၁၃ မော်ဒယ်ကို ၁၇ သိန်းအထိ ဈေးပေးဝယ်ယူလျက်ရှိကြောင်း ဆိုင်ကယ်ဝယ်ရောင်း ကိုမဟာလွင်ကပြောပြသည်။

ထို့အပြင် ယခင်ဈေးကွက်တွင် အရောင်းအဝယ် ကျဆင်းနေသည့် ဂျပန်နိုင်ငံထုတ် စူပါကပ်ဆိုင်ကယ်များမှာလည်း အရောင်ကိုလိုက်၍ ဈေးနှုန်းမြင့်တက်လာကာ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာအမျိုးအစား စကိုဘီဆိုင်ကယ်များသည်လည်း ယခုဈေးကွက်တွင် ကလစ်ဘီးပြီးလျှင် ဒုတိယ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်းပွဲစားတစ်ဦးက ထပ်မံပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၁၀-၂၀၁၃

**ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေဈေး | တစ်ကျပ်သား | ၆၉၁၅၀၀-၆၅၀၈၀၀ |
| မန္တလေးရွှေဈေး | တစ်ကျပ်သား | ၆၉၁၀၀၀-၆၅၀၀၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (ပြင်ပငွေလဲပေါက်ဈေး)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၆၅-၉၇၃ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၀၉-၁၃၂၆ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၁-၇၈၁ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀. ၈-၃၁. ၁ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅-၁၅. ၇ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၇-၁၅၉ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇-၃၀၂ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၄၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၅၀၀-၆၈၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၅၀၀-၄၀၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၀၀၀-၆၀၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၆၀၀-၇၀၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၄၅၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၉၅၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၄၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၃၅၀၀-၇၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၁၀၀၀-၁၅၀၀၀ | ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| ၁။ နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၁၀၀ |
| ၂။ ပေါ်ကြွဲ | တစ်အိတ် | ၂၀၅၀၀ |
| ၃။ ပေါ်ဆန်း | တစ်အိတ် | ၂၄၀၀၀-၂၈၀၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၅၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၄၇၀ |
| ၆။ ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၆၃၀-၈၂၀ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၀၀-၁၈၅၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၂၀၀-၁၂၅၀ |
| ၉။ အာလူး (အောင်ပန်း) | တစ်ပိဿာ | ၃၈၀-၄၈၀ |
| ၁၀။ ငရုတ်ရှည် (ဝါးခယ်မ) | တစ်ပိဿာ | ၂၁၀၀-၂၂၀၀ |
| ၁၁။ ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၂၆၀၀-၂၉၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၉၇၀-၁၀၄၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**

## ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ


၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် ကျရောက်သော (၁၃၉)နှစ်မြောက်
ကမ္ဘာ့စာပို့တိုက်များနေ့ (World Post Day) အား
လှိုက်လှဲစွာဂုဏ်ပြုအပ်ပါသည်
WORLD POST DAY 9 OCTOBER
ROYAL Express
လုံခြုံ၊ စိတ်ချ၊ မြန်ဆန်မှုနှင့် အသေချာဆုံးသော


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင် ၃ လမ်း၊ အမှတ် ၁၄၀နေ ဒေါ်ကြည်ကြည်ဌေး ၁၀/ခဆန(နိုင်)၀၁၄၅၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃စီ/၂၊ မြေကွက် အမှတ် ၈၃၊ ဧရိယာ ပေ ၂၅×၅၀ အကျယ်အဝန်းရှိ နှစ် ၉၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ် ၁၅ ဟုခေါ်တွင်သော အဆောက်အအုံမှ ပထမထပ်(ခေါင်းရင်းခန်း)နှင့် ပထမထပ်(ခြေရင်းခန်း) တိုက်ခန်း နှစ်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄ စီ/၂၊ လူနေရပ်ကွက်အမှတ် S-၇၁၊ မြေကွက်အမှတ် V၁၇၂၊ ဧရိယာ ၀ ဒသမ ၀၄၁၈ဧ အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၉၈ဟုခေါ်တွင်သော နှစ်ခန်းတွဲရှစ်ထပ်တိုက် အဆောက်အအုံမှ မြေရှင်၊ အိမ်ရှင် ရပိုင်ခွင့်ရှိသည့် အိမ်လခ၊ အမည်ပြောင်းခအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်

တို့မှာ ကွယ်လွန်သူဖခင်ဦးစန်းကြည်နှင့် မိခင်ဒေါ်နှင်းကြည်တို့ ကျန်ရစ်သည့်အမွေပုံပစ္စည်းများ ဖြစ်ပါသည်။ ဖခင်ဦးစန်းကြည်မှာ ၁၁-၆-၂၀၁၃ ရက်တွင်လည်းကောင်း၊ မိခင်ဒေါ်နှင်းကြည် မှာ ၆-၁၂-၂၀၀၇ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ပြီးဖြစ်၍ အထက်ဖော်ပြပါ မြေနှစ်ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်မှာ ကျန်ရစ်သူသမီးနှစ်ဦးဖြစ်သော ဒေါ်စန်းမြင့်နှင့် ဒေါ်ကြည်ကြည်ဌေးတို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်သောပစ္စည်းများဖြစ်၍ ဒေါ်ကြည်ကြည်ဌေး၏ သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်းနှင့် အခြားနည်းစီမံခန့်ခွဲခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီဆောင်ရွက်ရန် ညွှန်ကြားချက်များ ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှလွင်(စဉ်-၅၇၇၃) ဒေါ်လွင်မာ(စဉ်-၈၉၀၉)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးအောင်ကျော်ကျော်မြတ်(စဉ်-၂၇၀၀၉)၊ ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄)၊**
**ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)၊ ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)၊ ဒေါ်သဇင်အေး(စဉ်-၄၁၄၅၉)**
**အထက်တန်းရှေ့နေများ**
**အမှတ် ၅၅၊ ဒုတိယထပ်၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းသန်းဝင်း ၁၃/သပန(နိုင်) ၀၄၄၉၁၂၏ နိုင်ငံကူးလက်မှတ်အမှတ် ၂၇၆၄၆၈ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၃၁၈၇၈၈၈၀၊ ၀၉-၄၇၁၂၂၃၄၅**

## ရုံးခန်းလိပ်စာ ပြောင်းလဲဖွင့်လှစ်ခြင်း

Myanmar Digital Signature Co.,Ltd. သည် ၂၁-၁၀-၂၀၁၃ ရက်မှစတင်၍ အမှတ် ၁/အေ၊ စိမ်းလဲ့ရိပ်သာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်သို့ ရုံးခန်းလိပ်စာ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၁-၅၄၅၀၂၉၊ ၀၁-၈၆၀၅၁၅၂၊ ၀၁-၈၆၀၅၁၅၃၊ ၀၁-၈၆၀၅၁၅၄၊ ၀၉-၇၃၃၃၃၃၃၄၊ ၀၉-၄၃၀၉၄၄၄၄**

**ကန့်ကွက်နိုင်ပါကြောင်း**

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ ဘီ၊ မြေကွက်အမှတ် ၄/၁ စီ/၂၊ မြေကွက်တည်နေရာအမှတ် ၁၅၆၊ ဥယျာဉ်လမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ (မောင်မျိုးမြင့်အတွက် အုပ်ထိန်းသူဖခင်ဦးဘသိန်း) အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်မောင်မျိုးမြင့်ထံမှ အပိုင်ပေးစာချုပ်အမှတ် ၄၀/၁၉၇၀ဖြင့် မြောက်ဘက်ခြမ်း(Portion) ပိုင်ဆိုင်သူဦးဘသိန်း၊ ဒေါ်ခင်ချိုချိုတို့ထံမှ အပိုင်ပေးစာချုပ်-၁၂၂၃/ ၂၂-၁၂-၁၉၈၉ ဖြင့် ပိုင်ဆိုင်သူဒေါ်တင်တင်(မိခင်)၊ ဦးတင်ဦး(ဖခင်)ကွယ်လွန်သဖြင့် သားတစ်ဦးဖြစ်သူ မြေကွက်ပူးတွဲပိုင်ရှင် (၁) ဦးကြည်စိုး ၁၂/ဗဟန(နိုင်)၀၇၀၀၁၅နှင့် ကျန်မောင်နှမများဖြစ်သော (၂) ဒေါ်ခင်ဆွေဝင်း ၁၂/ဗဟန(နိုင်)၀၆၉၉၈၄၊ (၃) ဦးမြင့်သူ ၁၂/ဗဟန(နိုင်)၀၉၅၃၉၂၊ (၄) ဒေါ်လှလှမြင့် ၁၂/ဗဟန(နိုင်)၀၇၀၂၄၆ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃(တိုးချဲ့)၊ မြေကွက်အမှတ် ၈၉၉၊ အကျယ်(ပေ၄၀× ပေ ၆၀)ရှိ ပါမစ်မြေအား ဒေါ်သန်းကြည် ISN-၃၁၅၂၈၉ (၁၂/လကန(နိုင်)၀၉၈၁၉၀) ၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင် အမှတ်(၅၇၃၄/၉၇)အရ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သန်းဝင်း DKU-၀၀၀၇၃၇ (၁၂/ဥကမ(နိုင်)၀၄၂၆၄၀) ထံမှ ဦးမောင်မောင်ဝင်း ၇/ဖမန(နိုင်)၀၃၈၅၁၁မှလည်းကောင်း၊ ဦးမောင်မောင်ဝင်းထံမှ လွှဲပြောင်းဝယ်ယူသူ ဒေါ်နုနုသိန်း ၁၂/သဃက(နိုင်)၀၁၃၄၆၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်မည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ၂၃-၁၀-၂၀၁၃ ရက် နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမေလွင် ဒေါ်မေဝိုင်း**
**တရားလွှတ်တော်ရှေ့နေ (၄၉၇၄) တရားလွှတ်တော်ရှေ့နေ(၆၅၄၄)**
**အမှတ် ၅၆၃၊ အခန်းအမှတ် ၂၀၃၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၃၄၁၄၊ ၀၉-၈၅၉၁၃၃၄**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ခ/၂၂၀၀၊ Toyota Mark II,S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်နုဝါ ၁၂/သဃက(နိုင်) ၀၆၂၃၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ကြော်ငြာ


Help Desk : (95)-1-378 905
Call Center : 1874
E-mail: contact@cbbankmm.com
Website: www.cbbankmm.com
https://www.facebook.com/CBBankmyanmar
C B BANK
EASi Travel
C B BANK
5126 0000 0000 0000
5126
VALID FROM
MONTH/YEAR
07/13
GOOD THRU
MONTH/YEAR
07/18
EASI TRAVEL CASH
MasterCard
"EASi Travel Around the World"
EASi Travel
Prepaid MasterCard

# နဂါးမောက်သီးနှင့် ကြက်မောက်သီး

ဈေးတကာအနှံ့ သစ်သီးဆိုင်များတွင် နီနီရဲရဲအသွင်ဖြင့် စားသုံးသူများကို ဆွဲဆောင်နေသည်မှာ ကြက်မောက်သီးနှင့်နဂါးမောက်သီးများပင် ဖြစ်သည်။ ဈေးရောင်းသူက မခေါ်မီပင် သစ်သီးအသွင်က စားချင်စရာဖြစ်သောကြောင့် တစ်တွဲတစ်ခိုင် တစ်လုံးမျှတော့ ဝယ်မိတတ်ကြသည်။

နဂါးမောက်သီးပင်ကို တောင်အမေရိကတိုက်နှင့် မက္ကဆီကိုဒေသများတွင် စတင်တွေ့ရှိခဲ့ကြပြီး အာရှတိုက်၏ ထိုင်း၊ ဗီယက်နမ်နှင့်ဖိလစ်ပိုင်နိုင်ငံများတွင် စီးပွားဖြစ်စိုက်ပျိုးနေကြပြီဖြစ်သည်။ နဂါးမောက်သီး၏ အရည်သည် သစ်တော်သီး၊ ကီဝီသီး၊ သခွားမွှေးသီးတို့နှင့် ဆင်တူပါသည်။ အရသာပြင်းသော သစ်သီးမဟုတ်သော်လည်း ပိုးမွှားကျရောက်မှုနည်းကာ ဓာတုပစ္စည်းကင်းလွတ်သည့် အော်ဂဲနစ်သီးနှံဖြစ်သည်။ ယနေ့အခါတွင် စားသုံးသူများအနေဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုသောယင်း၏တန်ဖိုးများကို သိရှိလာကြသောကြောင့် လူကြိုက်များသော သီးနှံဖြစ်လာသည်။

ပြင်သစ်လူမျိုးများသည် နဂါးမောက်သီးကို လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်လောက်က ဗီယက်နမ်နိုင်ငံသို့ ယူဆောင်လာခဲ့ပြီး တော်ဝင်မိသားစုများနှင့် ကြေးရတတ်များ စားသုံးရန်အတွက် စိုက်ပျိုးပေးခဲ့ရကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် နဂါးမောက်သီးကို နိုင်ငံခြားမှတင်သွင်းလာပြီး စိုက်ပျိုးလာကြသည်မှာ နှစ်များစွာမကြာသေးပေ။ နဂါးမောက်သီးတွင် အနီရောင်၊ အဖြူရောင်၊ ပန်းရောင်၊ အဝါရောင်သန်းသော ပန်းရောင်အခွံဟူ၍ အမျိုးကွဲများရှိရာ အနီရောင်နဂါးမောက်သီးသည် ကျန်းမာရေးအတွက် အထူးသင့်လျော်သည်ဟု သိရသည်။ အတွင်းတွင် အနီရောင်အသား၊ အဖြူရောင်အသားများနှင့်အတူ အမည်းရောင်အစေ့ငယ်လေးများ မြောက်မြားစွာ ပါဝင်သည်။

နဂါးမောက်သီးသည် သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးသည်။ ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးသည်။ ကိုလက်စထရောကို လျှော့ချပေးနိုင်သည့်အပြင် အသားအရေကို ချောမွေ့စေပါသည်။ မျက်လုံးအားကောင်းစေသည်။ အရိုးနှင့်သွားများကို ခိုင်မာစေသည်။



ကြက်မောက်သီး

ဓားရှမိသောဒဏ်ရာများကို လျင်မြန်စွာ အနာကျက်စေသည်။ မှတ်ဉာဏ်အားကို ကောင်းစေသည်။ ခံတွင်းကောင်းစေသည်။ အမြင်အာရုံကြည်လင်စေသည်။ အစာကိုကြေစေပြီး အဆိပ်အတောက်ကို ချေပျက်စေသည့်အပြင် အူမကြီး ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးသည်။ နာလန်ထစလူမမာများအတွက် အထူးသင့်လျော်သော အသီးဖြစ်သည်။ အာဟာရအတွက် စားသုံးခြင်းအပြင် ကျန်းမာရေးအတွက် အထောက်အကူပြုသော နဂါးမောက်သီး၏တန်ဖိုးများကြောင့် ဆေးတစ်လက်အဖြစ် နေ့စဉ်စားသုံးပေးသင့်သည်။

နဂါးမောက်သီးကဲ့သို့ပင် အရသာရှိရှိစားသုံးနိုင်ပြီး ကျန်းမာရေးအတွက် အထောက်အကူပြုသော သီးနှံနောက်ထပ်တစ်မျိုးမှာ ကြက်မောက်သီးဖြစ်သည်။ ကြက်မောက်သီးတစ်လုံးတွင် ပျမ်းမျှအားဖြင့် ကယ်လိုရီ ၆၀ ခန့် ပါဝင်ကြောင်း သိရှိရသည်။ ဗီတာမင်များစွာပါဝင်ပြီး



နဂါးမောက်သီး

ပိုတက်စီယမ်၊ သံဓာတ်၊ မဂ္ဂနီဆီယမ်၊ သွပ်(ဇင့်)၊ ဆိုဒီယမ်၊ နိုင်ယာစင်၊ ဖော့စ်ဖရပ်စ်၊ အမျှင်ဓာတ်၊ ကြေးနီဓာတ်၊ ပရိုတင်းဓာတ်နှင့် ကယ်လ်စီယမ်အနည်းငယ်တို့ ပါဝင်သည်။ သွေးနီဥ၊ သွေးဖြူဥများ ထုတ်လုပ်ရေးအတွက် လိုအပ်သော ကြေးနီဓာတ်လည်း ပါဝင်သည်။

ကြက်မောက်သီးကို စားခြင်းဖြင့် အူလမ်းကြောင်းရှိ ကပ်ပါးကောင်များကို သေစေခြင်း၊ ဝမ်းလျှောဝေဒနာကိုလည်း သက်သာခြင်း၊ ကင်ဆာရောဂါများကို တိုက်ဖျက်ပေးခြင်း၊ ရောင်ရမ်းမှုကို လျော့ကျစေခြင်း၊ ခန္ဓာကိုယ်တွင်း အောက်ဆီဂျင်ကို ထိန်းညှိပေးခြင်း၊ သွေးအားနည်းခြင်းကြောင့် မူးဝေခြင်း၊ နုံးချည့်ပင်ပန်းခြင်း၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့်အခြားနာမကျန်းဖြစ်မှုများအတွက် အသုံးဝင်သည်။ ကြက်မောက်သီးအခွံကို ပါးပါးလှီးပြီး သုံးခွက်တစ်ခွက်တင် ကျိုချက်အအေးခံကာ တစ်နေ့ နှစ်ကြိမ် သောက်သုံးပေးပါက ဝမ်းကိုက်ရောဂါကို ပျောက်ကင်းစေကြောင်းသိရသည်။ အစေ့ကိုအစိမ်းလိုက်စားနိုင်သည့်အပြင် ကြိတ်ခြေကာ အခြားအစားအစာများနှင့် တွဲဖက်စားခြင်းဖြင့် ခန္ဓာကိုယ်အဆီဓာတ်များကို ထိရောက်စွာ လျှော့ချပေးနိုင်သည်။ ထို့အပြင် မျက်နှာအသားအရေကို နူးညံ့ချောမွေ့လှပစေပြီး ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေသည်။ အရွက်ကို ထောင်းထု၍ အနာအုံဆေးအဖြစ်လည်းကောင်း၊ ခေါင်းကိုက်သောအခါတွင် နားထင်ပတ်လည်၌ အုံပေးခြင်းဖြင့် သက်သာစေသည်။ ပင်စည်သားပြုတ်ရည်ဖြင့် မှက္ခရုနာများကို လိမ်းပေးပါကသက်သာပျောက်ကင်းစေကြောင်းလည်း သိရသည်။ အမြစ်ပြုတ်ရည်ကို သန်ချဆေးအဖြစ် သောက်သုံးနိုင်ကြောင်း သိရသည်။ ကြက်မောက်သီးကို လတ်လတ်ဆတ်ဆတ် စားသုံးလိုပါက ကွဲနေသော အသီးကိုရှောင်၍ အခွံပေါ်ရှိ အမွေးဆူးလေးများ အတန်ငယ်မာပြီး တင်းတင်းရင်းရင်းရှိနေသောအသီးကိုသာ ရွေးချယ်စားသုံးသင့်သည်။

ထို့ကြောင့် အာဟာရဆိုင်ရာ အကျိုးကျေးဇူးများနှင့် ဆေးဖက်ဝင် အသုံးတည့်မှုများသော နဂါးမောက်သီးနှင့် ကြက်မောက်သီးများကို စားသုံးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

လပြည့်သော်တာ

# အခြေခံလူတန်းစားများ အားထားသွားလာနေရသည့် ရေကြောင်းပို့ဆောင်ရေးအဖွဲ့ပိုင်ရေယာဉ်များအရှုံးပေါ်နေ

**ဖျာပုံ အောက်တိုဘာ ၈**

နိုင်ငံတော်မှ လမ်းတံတားများ တည်ဆောက်ပြုပြင်ပေးမှုကြောင့် ခရီးသွားပြည်သူများနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုများ အချိန်တိုအတွင်း လိုရာခရီးသို့ရောက်ရှိပြီး ကုန်ပစ္စည်းများ ဒေသတစ်ခုနှင့်တစ်ခု ဈေးနှုန်းကွာဟမှုများ နည်းပါးသွားကြောင်းသိရသည်။

တစ်ဖက်သောင်ထွန်း တစ်ဖက်ကမ်းပြိုဆိုသကဲ့သို့ကား၊ ရထားလမ်းကြောင်းများ တိုးတက်အဆင်ပြေသော်လည်း ရန်ကုန်အခြေပြုထွက်နေသည့် (မြစ်/ဝ)ရေကြောင်းပို့ဆောင်ရေး ရေယာဉ်များ အရှုံးပေါ်နေကြောင်း သိရသည်။

ရန်ကုန်-မော်ကျွန်း မကြာခဏသွားလာနေသည့် ခရီးသွားတစ်ဦးက ရန်ကုန်အခြေပြုထွက်သည့်ရေကြောင်းပို့ဆောင်ရေးအဖွဲ့မှ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာသို့ထွက်ရှိသည့် ရေယာဉ်လိုင်းများဌာနမှ တာဝန်ယူပြေးဆွဲမှု အရှုံးပေါ်ခဲ့ကြောင်း၊ သို့အတွက် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်ပြီး ငှားရမ်းပြေးဆွဲသည့်စနစ် စတင်ခွင့်ပြုခဲ့ကြောင်း၊ ငှားရမ်းသူများတွင် လက်ရှိဌာနဝန်ထမ်းများဖြစ်သည့် မြို့နယ်မန်နေဂျာများ၊ ရေယာဉ်လိုက်စာရေးများ၊ ကုန်တာဝန်ခံ(စူကာနီ)နှင့် ရေယာဉ်တာဝန်ခံများ စုပေါင်းငှားရမ်းကြောင်း၊ အစပိုင်းတွင် အဆင်ပြေနေသော်လည်း မော်တော်ကားလိုင်းများ တိုးချဲ့လာမှုကြောင့် ရေကြောင်းမှ လူနှင့် ကုန်ပစ္စည်းများ သွားလာသယ်ယူမှု နည်းပါးလာသဖြင့် အရှုံးပေါ်နေကြောင်း သတင်းကြားသိရသည်။

မကြာမီရက်က နေ့စဉ်ထုတ်သတင်းစာများနှင့် ဂျာနယ်များတွင် ရေကြောင်းပို့ဆောင်ရေးရေယာဉ်များ လူစီးခနှင့် ကုန်တင်ခများ လျှော့သည့်သတင်းများ ဖတ်ရှုခဲ့ရသည်။ ဈေးနှုန်းလျှော့ပြီး ပုဂ္ဂလိကရေယာဉ်များနှင့် အပြိုင်ပြေးဆွဲသော်လည်း ရေကြောင်းပို့ဆောင်ရေးရေယာဉ်များက အဘက်ဘက်မှ ဝန်ဆောင်မှု၊ တာဝန်ယူမှု အားနည်းသည့်အတွက် လူနှင့်ကုန်များ တိုးမြှင့်မရရှိ၍ အရှုံးပေါ်နေဆဲဖြစ်ကြောင်း၊ ဖျာပုံ-ရန်ကုန်ပြေးဆွဲနေသည့် ဧရာဝတီရေယာဉ်ဖြင့် မကြာခဏ ခရီးသွားလာနေသူများက ဆိုသည်။ အခေါက်တိုင်းရှုံးနေသည့်အတွက်ငှားရမ်းရေယာဉ်များ ပြန်အပ်လိုသော်လည်း(မြစ်/ဝ)လက်ထောက်အထွေထွေ မန်နေဂျာက ပွင့်လင်းရာသီ (သီတင်းကျွတ်ပြီး)မှ စဉ်းစားပေးနိုင် မည်ဆိုသည့်အတွက် ငှားရမ်းပြေးဆွဲသူများ အခက်အခဲ ဖြစ်နေကြောင်း ကြားသိရသည်။

ရေကြောင်းပို့ဆောင်ရေးအဖွဲ့ပိုင်ရေယာဉ်များကို အားထားစီးသူများသည် အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများဖြစ်ကြသည်။ ရေယာဉ်နှင့်ဝန်ထမ်းများ၏ အဘက်ဘက်က ယိုယွင်းနေမှုများ အချိန်မီပြုပြင်ပြောင်းလဲပေးရန် လိုအပ်နေပြီဖြစ်သည်။

လက်ရှိ အခြေအနေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက မကြာတော့မည့်ကာလတွင် ရေယာဉ်လိုင်းများ၊ ရပ်စဲပိတ်သိမ်းရမည်ဆိုပါက အခြေခံလူတန်းစားများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**အောင်ဝင်း(ဖျာပုံ)**

## သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင် လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**


## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)
## မြိတ်တက္ကသိုလ် (၂)ထပ်စာကြည့်တိုက်
## အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)မှ မြိတ်တက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူတည်ဆောက်မည့် (၂)ထပ်စာကြည့်တိုက် အဆောက်အအုံအတွက် လိုအပ်လျက်ရှိသော အောက်ပါတည်ဆောက်ရေးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဘိလပ်မြေ | (၃၆၂၃) | အိတ် |
| ၂။ | သံချောင်း(ရွယ်စုံ) | (၃၅·၃) | တန် |
| ၃။ | တောသစ်(ရွယ်စုံ) | (၆၇·၆) | တန် |
| ၄။ | သဲကြမ်း | (၁၂၈·၅) | ကျင်း |
| ၅။ | သဲချော | (၂၆·၅) | ကျင်း |
| ၆။ | ကျောက်စရစ် | (၁၂၂) | ကျင်း |
| ၇။ | အုတ် | (၁၄၁၈၇၉) | ချပ် |
| ၈။ | သစ်မာ(ရွယ်စုံ) | (၂၀·၆၀) | တန် |
| ၉။ | (၂'×၂')မျက်နှာကြက်ပြား | (၁၉၃၇) | ချပ် |
| ၁၀။ | (၈'×၈')ကြမ်းခင်းကြွေပြား | (၁၂၄၇) | ချပ် |
| ၁၁။ | (၈"×၁၀")နံရံကြွေပြား | (၂၈၀၇) | ချပ် |
| ၁၂။ | သံပန်း | (၂၁၆၂·၅) | စ/ပေ |
| ၁၃။ | တံခါး+ပြတင်း ကျည်းပေါင် | (၂၆၅၃) | ပေ |
| ၁၄။ | တံခါးရွက် ပြတင်းရွက် | (၂၅၅၂·၅) | စ/ပေ |
| ၁၅။ | ရေဆေး | (၂၁၂) | ဂါလန် |
| ၁၆။ | ဆီဆေး | (၈၁) | ဂါလန် |
| ၁၇။ | ၃၀ ဂိတ် အမိုးသွပ်ပြား | (၄၉၇၄) | ပေ |

၂။ **တင်ဒါပုံစံစတင်ရောင်းချရက်** - ၅-၁၀-၂၀၁၃ရက်

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၁၀-၂၀၁၃ရက် ၁၇း၀၀နာရီ

၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၈-၁၀-၂၀၁၃ရက် ၁၀း၀၀နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန် အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ခရိုင်အင်ဂျင်နီယာမှူးရုံး**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**မြိတ်ခရိုင်၊ မြိတ်မြို့၊**
**ဖုန်း-၀၅၉-၄၁၀၀၇**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင် အရောက်တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 16/HPGE/2013-2014
(က) Micom Relay (P 643) (4) Nos

Tender No. 17/HPGE/2013-2014
(ခ) စက်ရုံများအတွက် Digital Meter (61) Nos

Tender No. 18/HPGE/2013-2014
(ဂ) ကင်းတားနှင့်ဆည်တော်ကြီးစက်ရုံအတွက် 132 kV LA (2) Sets

Tender No. 19/HPGE/2013-2014
(ဃ) ရုံးချုပ်နှင့်စက်ရုံများအတွက် ဘက်ထရီအမျိုးအစား(၅)မျိုး (280) Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ် ၃၈၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် အဆောက်အအုံများအား အထွေထွေပြုပြင်ခြင်းလုပ်ငန်းများဖြစ်သည့် လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပိတ်ရက်နှင့်အချိန် ၃၁-၁၀-၂၀၁၃ရက် မွန်းလွဲ ၁း၀၀နာရီ။

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်) ဖုန်း-၀၆၄-၂၃၅၈၀၊ ၀၉-၄၀၂၇၃၉၈၀၅ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်-၅၆/ခ၊ နှစ် ၆၀ ဂရန်မြေအမျိုးအစား၊ အလျားပေ ၆၀×အနံပေ ၂၀ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အမှတ်(၅၆-ခ)၊ သုတလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးဇော်ဝင်း ပါ(၄)ဦးထံမှ ကွျန်မ၏မိတ်ဆွေ ဒေါ်ရီရီမြင့် ၈/ရနခ(နိုင်)၀၀၃၁၂၄က ၃-၅-၂၀၀၇ရက်ကတည်းက ဝယ်ယူပိုင်ဆိုင်၍ ယနေ့တိုင်နေထိုင်လျက်ရှိပါသည်။ ဒေါ်ရီရီမြင့်မှ မိမိအမည်ပေါက်ဂရန်မြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ရောင်းချရန် စရန်ငွေရယူထားခြင်း၊ ပေးကမ်းထားခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းထားခြင်းတို့ လုံးဝ(လုံးဝ)မရှိပါ။ ယခုအခါ ဒေါ်ရီရီမြင့်အမည်ပေါက် ဂရန်မူရင်းမှာ ပျောက်ဆုံးနေပါသည်။ မမှန်မကန်သောနည်းလမ်းဖြင့် လက်ဝယ်ထားသူနှင့် အားပေးကူညီသူများကို တရားဥပဒေရှိသည့်အတိုင်း အရေးယူဆောင်ရွက်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ရီရီမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်ဝင်းမြင့် (LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၂)**
**အမှတ်(၁၆)၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၅၁၂၀၈၅၈**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ကားမီးလောင်ကျွမ်းမှု ရှို့မီးဟုယူဆ

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက် ခရေအိမ်ရာ တိုက်(၁၃၆) ကားရပ်နားဝင်းအတွင်း အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မြန်မာမီးရထားရုံးချုပ်၌ လက်ထောက်အထွေထွေ မန်နေဂျာ တာဝန်ထမ်းဆောင်နေသော ဦးအောင်ကျော်ဝင်း တိုက်(၁၃၆) အခန်း(၁၃)နေထိုင်သူ စီးနင်းရန်အတွက် ဌာနမှထုတ်ပေးထားသောကား ရပ်နားထားစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းရာ၌အိမ်ရာနေဝန်ထမ်းများက မီးသတ်ဆေးဘူးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ၁နာရီခွဲတွင် မီးငြိမ်းသွားသည်။ မီးလောင်ကျွမ်းရာသို့ အမှတ်(၃)မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး မြတ်သူဆွေနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မီးသတ်ယာဉ်ငယ်တစ်စီး၊ အမှတ်(၅)နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်သန်းဇော်လင်းပါ ရဲတပ်ဖွဲ့ဝင်ငါးဦးတို့ ရောက်ရှိစစ်ဆေးခဲ့ရာ ကားမီးလောင်ကျွမ်းမှုသည် ရှို့မီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အမှတ်(၅)နယ်မြေ ရဲစခန်းမှ ဒုရဲအုပ်သန်းဇော်လင်းသည် အဆိုပါ မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ မီးရှို့သူအား ဖော်ထုတ်နိုင်ရေး ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကျော်သူရ(နေပြည်တော်)**



# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ မိတ္ထီလာ ဘိုးဘွားရိပ်သာ၌ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၈**

မိတ္ထီလာခရိုင် မိတ္ထီလာမြို့ဘိုးဘွားရိပ်သာတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာ ဘိုးဘွားရိပ်သာမှ သက်ကြီးရွယ်အို ဘိုးဘွား ၃၆ ဦးအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အသင်းသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် စေတနာရှင် အလှူရှင်များက မျက်နှာသုတ်ပဝါများ၊ ဝတ္ထုငွေများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဘိုးဘွားရိပ်သာ ရန်ပုံငွေအတွက် အလှူရှင်များကစုစုပေါင်း လှူဒါန်းငွေကျပ် ၂၃၈၉၇၀၀ ကို ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြောင်းသိရသည်။ **(အပေါ်ပုံ)**

**ချမ်းသာ(မိတ္ထီလာ)**



# ဆိုင်ကယ်တစ်စီးနှင့်လူလေးဦးအန္တရာယ်ဖိတ်ခေါ်

မော်တော်ဆိုင်ကယ်တစ်စီးတွင် လူလေးဦးစီးလျက်၊ စီးသောသူတို့ကလည်း အကာအကွယ်ဦးထုပ်မပါ၊ အန္တရာယ်ကိုဖိတ်ခေါ်နေသည့် မြင်ကွင်းတစ်ရပ်ကို ရွှေကူမြို့ ဆောက်လုပ်ရေးရုံးရှေ့၌ ကျောင်းဆင်းချိန်တွင် တွေ့လိုက်ရခြင်းဖြစ်သည်။ **(၀၇၃)**

# မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သန်းခေါင်စာရင်းကောက်ယူရေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာအုပ်စု ကျောင်လူးကျေးရွာဘုန်းတော်ကြီးကျောင်းတွင် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်သန်းခေါင်စာရင်းကောက်ယူရေး ဟောပြောပွဲကို အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးစိုးလှိုင်မြင့်က မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာမြင့်သိန်းက မွေးမြူရေး ကျွဲ၊ နွားကူးစက်ရောဂါများနှင့် တိရစ္ဆာန်မှလူကိုကူးစက်ရောဂါများနှင့် ခွေးရူးရောဂါကာကွယ်ဆေး အကြောင်းအရာများကို ဟောပြောခဲ့သည်။ ထို့နောက် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးက ၂၀၁၄ ခုနှစ် မတ်လတွင် ကောက်ယူမည့် သန်းခေါင်စာရင်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက် ၄၁ ချက်ကို ဒေသခံများသဘောပေါက်စေရန်ဟောပြောခဲ့ပြီး တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာမြင့်သိန်းနှင့် အဖွဲ့သည် ခွေးရူးရောဂါမဖြစ်ပွားစေရန် ကျေးရွာအတွင်းရှိ ခွေးများကို ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း သိရသည်။

**ကိုကိုရူပ(နေပြည်တော်)**

# ကသာမြို့တွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ကသာ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် ခွေးရူးပြန်ကာကွယ်ဆေးများ အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

ကသာခရိုင် ကသာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကုဆရာဝန် ဒေါက်တာဝင်းထွန်းနှင့်သင်တန်းသားများသည် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသော ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းကို ကသာအမှတ်(၁)ရပ်ကွက်တွင် အောက်တိုဘာ ၄ ရက်က ခွေးအကောင်ရေ ၂၀၀ ကျော် ဆေးထိုးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **လူအောင်(ကသာ)**

# နောင်ယားကန်သာသို့လာရောက်သည့် ယာဉ်များကို စောင့်ရှောက်မှုပေးရန်လိုအပ်

**လှိုင်ကော် အောက်တိုဘာ ၈**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နောင်ယားကန်သာတွင်အများပြည်သူတို့အပန်းဖြေ နားနေနိုင်ရန်အတွက် ကန်ပတ်လမ်းဖောက်လုပ်ပေးခြင်း၊ ရေလယ်တံတားတည်ဆောက်ပေးခြင်း၊ နားနေဆောင်ဇရပ်များဆောက်လုပ်ပေးခြင်း၊ ညအချိန်အန္တရာယ်ကင်းစေရန် လျှပ်စစ်မီးတိုင်များတပ်ဆင်ပေးထားခြင်းတို့ကြောင့် အပန်းဖြေနားနေသူများဖြင့် စည်ကားလျက်ရှိသည်။ ထို့အပြင် နောင်ယားကန်သာနှင့်ကန္တရဝတီသစ်တောဥယျာဉ်အစပ်၌ စားသောက်ဆိုင်များလည်း စီစဉ်ဖွင့်လှစ်ပေးထားရာ နောင်ယားကန်သာ ရေပြင်ပေါ်မှ ဖြတ်သန်းလာသော လေကောင်းလေသန့်ကို ရှူရှိုက်ရင်း၊ သစ်တောရနံ့ကို ရှူရှိုက်ရင်းအေးအေးသက်သာနားနေအပန်းဖြေနိုင်ကြပြီဖြစ်သည်။ သို့ရာတွင် နောင်ယားကန်သာသို့ အပန်းဖြေနားနေရန် လာရောက်ကြသူများအနေဖြင့် မိမိတို့၏ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးများကို စောင့်ရှောက်သူမဲ့စွာ ကန်စောင်း၌သင့်လျော်သလို ထားရစ်ခဲ့ကြရသဖြင့် အပန်းဖြေရာ၌ စိတ်မဖြောင့်ဘဲရှိနေကြရသည်။ မော်တော်ဆိုင်ကယ်ပျောက်ဆုံးမှုများလည်း ရှိနေကြောင်းကြားသိရသည်။

"နောင်ယားကန်သာမှာ အပန်းဖြေလာသူတွေရဲ့မော်တော်ဆိုင်ကယ်တွေ ပျောက်ဆုံးမှုရှိတယ်။ ပျောက်ဆုံးတာသုံးစီးလောက်ရှိပြီ။ ထိုက်သင့်တဲ့အခကြေးငွေနဲ့ယာဉ်အပ်နှံရာ ဌာနဖွင့်လှစ်ပြီး စောင့်ရှောက်ပေးဖို့လိုတယ်။ နောင်ယားကန်သာကိုလာရောက် အပန်းဖြေသူတွေကလည်း စောင့်ရှောက်ခကိုနှမြောမနေဘဲ ယာဉ်အပ်နှံရာ ဌာနမှာပဲ မိမိတို့ယာဉ်တွေကို အပ်နှံပြီး စိတ်ချလက်ချအပန်းဖြေသင့်တယ်။ အကာအရံမဲ့၊ စောင့်ရှောက်သူမဲ့ဖြစ်နေတော့ သူခိုးဝမ်းသာစရာဖြစ်နေတယ်။ယာဉ်အပ်နှံရာဌာနကိုအမြန်ဆုံး စီစဉ်ဆောင်ရွက်သင့်ပါတယ်"ဟု ရဲအရာရှိတစ်ဦးက ပြောသည်။ နောင်ယားကန်သာရှိ စားသောက်ဆိုင်သို့ အပန်းဖြေနားနေရန်လာရောက်သူအမျိုးသားတစ်ဦးကလည်း "စားသောက်ဆိုင်မှာ ထိုင်နေရပေမယ့် မော်တော်ဆိုင်ကယ်ပျောက်မှာကြောက်တော့ စိတ်တထင့်ထင့်ပဲ။ စားသောက်ဆိုင်က ထလာပြီး မော်တော်ဆိုင်ကယ်ကိုမြင်မှ စိတ်အေးရတယ်။ စားသောက်ဆိုင်တွေအနေနဲ့ဖောက်သည်တွေရဲ့ ယာဉ်တွေလုံခြုံမှုရှိဖို့ ဝန်ဆောင်မှုပေးတာဖြစ်ဖြစ်၊ သီးခြားအပ်နှံရာဌာန ဖွင့်လှစ်ပြီးတော့ဖြစ်ဖြစ် လုံခြုံမှုပေးဖို့တော့လိုအပ်နေတာအမှန်ပဲ" ဟု ပြောသည်။

သို့ဖြစ်ပါ၍နောင်ယားကန်သာရှိ စားသောက်ဆိုင်များသို့အပန်းဖြေလာရောက်သူများ၏ယာဉ်များ လုံခြုံမှု ရှိရေးအတွက် စားသောက်ဆိုင်များမှ ဝန်ဆောင်မှုအဖြစ် စောင့်ရှောက်ပေးခြင်းဖြင့်သော်လည်းကောင်း၊ အခကြေးငွေရယူ၍ အပ်နှံရာဌာနဖွင့်လှစ်၍သော်လည်းကောင်း တစ်နည်းတစ်လမ်းဖြင့် စောင့်ရှောက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

# မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ထောက်ပံ့ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်း၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အဖွဲ့ဝင်သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ အသင်းရုံးခန်းမ (ရည်ညွှန်းစာကြည့်တိုက်)၌ အောက်တိုဘာ၆ရက် နံနက်၉နာရီက ကျင်းပရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးခင်ဇော်(ဦးခင်ဇော်-မရမ်းကုန်း)က အမှာစကားပြောကြားသည်။ အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး မောင်စိန်လှိုင်(ဥသာ)က အဖွဲ့ဝင်သားသမီးများကို ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(၀၁၅)**

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနရှိ နိုင်ငံတော်ပိုင်ယာဉ်များတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

(က) တာယာ - ၁၆ မျိုး
(ခ) ဘက်ထရီ - ၁၃ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၁၀-၂၀၁၃ရက်မှ ၂၃-၁၀-၂၀၁၃ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ရုံးအမှတ်(၃၂) နေပြည်တော်တွင်လည်းကောင်း၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၁၀-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

**တင်ဒါကြီးကြပ်ကွပ်ကဲရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**
**ရုံးအမှတ်(၃၂)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၆၁၆၇**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**
**အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်းမြို့)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Computer Table | ၃၀ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၉-၁၀-၂၀၁၃ရက် ၁၅း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း) ဖုန်း-၀၆၁-၅၀၅၄၅ နှင့် ၀၆၁-၅၁၃၅၈ တို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း)**

**သတ္တုတွင်းဝန်ကြီးဌာန**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး(DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ရုံးသုံးပရိဘောဂပစ္စည်း ၈ မျိုး
(ခ) Air Conditioner အပါအဝင် ရုံးသုံးလျှပ်စစ်ပစ္စည်း ၄ မျိုး
(ဂ) စာရေးကိရိယာ ၆ မျိုး
(ဃ) Copier Toner & Printer Toner Catridge ၉ မျိုး
(င) သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်း ၉ မျိုး
(စ) မြို့ပြရေသွယ်ပစ္စည်း ၇ မျိုး
(ဆ) X-Ray Tube(For XRD-6000 Shimudzu) ၁ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၇-၁၀-၂၀၁၃ ရက် မှ ၆-၁၁-၂၀၁၃ ရက် ၁၂း၀၀နာရီအတွင်း မည်သူမဆိုလွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၄၀၇၉**

**ကန့်ကွက်ရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာရှိ တိုက်အမှတ် ၂၀၊ အခန်းအမှတ် ၀၀၁ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးလွင်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်တင့်တင့်ရီ ၁၃/ကမန(နိုင်)၀၀၂၁၉၃က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထား လာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဃ/၅၅၆၁၊ Honda CRV,RD,S/W(4x4)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော်မော်ခိုင် ၁၃/လရန(နိုင်)၀၈၃၉၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ



# ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

**မောင်တော   အောက်တိုဘာ   ၈**

ရခိုင်ပြည်နယ် မောင်တောခရိုင် အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်) ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ကျင်းပရာ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး၊ မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်စန်း၊ ဘူးသီးတောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**စုံညီတက်ရောက်**

အခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘူးသီးတောင် မောင်တောမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များ၊ ဝါသနာရှင်များပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုံညီစွာတက်ရောက်ကြသည်။ ပြိုင်ပွဲတွင် ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဇီးကုန်းမြို့နယ် တည်ငြိမ်မှုထိန်းသိမ်းရေးပူးပေါင်းအဖွဲ့၏ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးကျင်းပ

**ဇီးကုန်း   အောက်တိုဘာ   ၈**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် တည်ငြိမ်မှုထိန်းသိမ်းရေးပူးပေါင်း အဖွဲ့၏ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးကို အောက်တိုဘာ ၅ရက် နေ့လယ်၂ နာရီက မြို့လယ်သံဓမ္မာရုံ၌ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်တည်ငြိမ်မှုထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့ နာယကဆရာတော်၁၀ပါးကြွရောက်တော်မူပြီးသမားတော်ကျောင်းဆရာတော် ဦးတေဇဝန္တက ဩဝါဒက မိန့်ကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ် စားလှယ် ဦးထူးခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်တို့က လူထုအတွင်း လုံခြုံစိတ်ချမှု၊ ယုံကြည်မှုများ တိုးမြှင့်ပေးရန်နှင့် အကြမ်းဖက်မှု ပဋိပက္ခများအား ပူးပေါင်းကာကွယ်နိုင် မည့် လုပ်ဆောင်မှုများကို တိုးမြှင့်ပေးနိုင် ပေးနိုင်ရေးတို့ အတွက် ပြောကြားသည်။

အစည်းအဝေးသို့တက်ရောက်လာကြသော ပူးပေါင်းအဖွဲ့ဝင် ၅၆ ဦးတို့ အနက် ဘာသာကြီးလေးခုမှ ကိုယ်စားလှယ်များကလည်းကောင်း၊ နိုင်ငံရေးပါတီသုံးခုတို့မှ ပါတီခေါင်းဆောင်များကလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။ မြို့နယ်တည်ငြိမ်မှုထိန်းသိမ်းရေးပူးပေါင်းအဖွဲ့ကို စက်တင်ဘာ ၁၄ ရက်တွင် နာယက ဆရာတော် ၁၀ ပါး၊ ဘာသာရေးခေါင်းဆောင်များ၊ ပါတီခေါင်းဆောင်များ၊ ဌာနဆိုင်ရာများ၊ အင်န်ဂျီအိုများ အဖွဲ့ဝင်ပေါင်း ၅၆ဦး ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

# ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ

**သရက်   အောက်တိုဘာ   ၈**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သရက်ခရိုင် အကြိမ်(၂၀) မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲက သရက်ခရိုင် ခရိုင်ခန်းမ၌ ကျင်းပရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းကျော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဒေါ်ယဉ်ယဉ်လှ၊ သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အစီအစဉ်အရ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေက အမှာစကား ပြောကြားပြီး ဆက်လက်၍ ပြိုင်ပွဲများကိုသရက်မြို့အထက(၁)ကျောင်း စိန်ရတုခန်းမ၌ အကပြိုင်ပွဲများဖြင့်လည်းကောင်း၊ သရက်ခရိုင်ခန်းမ၌ အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲများကျင်းပရာ အသက် ၁၀ နှစ်မှ ၁၅နှစ်အထိ မဟာဂီတကာလပေါ် တစ်ဦးချင်းအက၊ ကဗျာလွတ်အက၊ အတီးပြိုင်ပွဲများနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကများကို ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ ဝါသနာရှင်များဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယဆုရရှိသော အဖွဲ့များ၊ ဆုရရှိသူများကို ပြိုင်ပွဲကျင်းပရေးကော်မတီ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကမ္ဘာ့ဆရာများနေ့ ဆီဆိုင်၌ ကျင်းပ

**ဆီဆိုင်   အောက်တိုဘာ   ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၏ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက်က အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ကျင်းပရာ ကျောင်းအုပ် ဆရာ ဆရာမများ၊ သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဆုများပေးအပ်**

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း ဆီဆိုင်မှ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်အေးက အမှာစကား ပြောကြားပြီး နဝမတန်းကျောင်းသူ တစ်ဦးက ဆရာ၏ ဂုဏ်ကျေးဇူးကို ပြောကြားသည်။ စာစီစာကုံးနှင့်ကဗျာ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို မြို့နယ်လက်ထောက် ပညာရေးမှူး ဦးသက်ဝင်း၊ အခြေခံပညာ အထက်တန်းကျောင်း ဆီဆိုင်မှ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်အေး၊ တာဝန်ရှိသူများက ဆုများပေးအပ် ခဲ့သည်။

ထို့နောက် သက်ကြီးဆရာ ဆရာမများကို ကန်တော့ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**မော်လူး   အောက်တိုဘာ   ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကို ဖြတ်သန်းသွားသည့် ရွှေဘို-မြစ်ကြီးနားမော်တော်ကားလမ်းမကြီးပေါ်ရှိ တံတားအမှတ် ၆/၁၆၁ မှာ ပျက်စီးယိုယွင်းလျက်ရှိပြီး ပြင်ဆင်ရန်လိုအပ်နေကြောင်း သိရသည်။

**ပြန်လည်ပြုပြင်**

မော်လူးဒေသကို ဖြတ်သန်းသွားသည့် ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်းမကြီးသည် မန္တလေး၊ ရွှေဘိုစသည့် မြန်မာနိုင်ငံ အလယ်ပိုင်းမြို့ကြီးများမှတစ်ဆင့် အထက်မြန်မာပြည် ကချင်ပြည်နယ် မြို့ကြီးများသို့ ကုန်စည်စီးဆင်းရန်အတွက် အရေးပါလှသည့်လမ်းမကြီးတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအထက်ပိုင်းသို့ ကုန်းလမ်းဖြင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း

# တံတားအမှတ် ၆/၁၆၁ အမြန်ပြုပြင်ပေးစေလို



ဆောင်ရွက်ရာတွင် မီးရထားလမ်းနှင့် မော်တော်ကားလမ်းသည် အဓိက အရေးပါသည်။ အထူးသဖြင့် မော်တော်ကားလမ်းပိုင်းများပေါ်ရှိ တံတားများ အထူးကြံ့ခိုင်မှုရှိရန် လိုအပ်ပေသည်။ ယခုအင်းတော်-နန့်စီးအောင်လမ်းပိုင်းမှာ ပျက်စီးယိုယွင်းလျက်ရှိပြီး တံတားကြီးနှင့်တံတားငယ်များမှာလည်း ကြံ့ခိုင်မှုအားနည်းလျက်ရှိသည်။ တံတားအမှတ် ၆/၁၆၁ မှာ တံတားကြမ်းခင်းပျက်စီးလျက်ရှိသောကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် အန္တရာယ်ရှိသဖြင့် အဆိုပါ တံတားဘေးတွင် ကွင်းလမ်းအဖြစ် ဖောက်လုပ်ထားသည့် တံတားငယ်တစ်စင်းရှိသော်လည်း အပြီးသတ်ဆောင်ရွက်ခြင်းမရှိ၍ ယာဉ်မောင်းများ၊ ခရီးသွားပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံများ အတွက်သွားလာရေးတွင် အခက်အခဲများနှင့်တွေ့ကြုံနေရသည်။ သို့ပါ၍ အဆိုပါတံတားမှာ ကြံ့ခိုင်မှုမရှိသည့်အတွက် သတိပေးဆိုင်းဘုတ်များတပ်ဆင်ပြီး ကွင်းလမ်းတံတားကို အမြန်ဆုံးအပြီးသတ်ဆောင်ရွက်ကာ ၆/၁၆၁ တံတားကို ပြန်လည်ပြုပြင် တည်ဆောက်သင့်ကြောင်း တာဝန်သိပြည်သူတစ်ဦးက ပြောကြားခဲ့သည်။

**နီတိုး**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးတင်ညိုနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေတိုက်နယ်(ဗဟန်းမြို့နယ်) ကြေးတိုင်အမှတ် ၃၉ ရပ်ကွက်၊ အမှတ် ၃၅-H၊ မြေကွက်အမှတ် ၇၉၊ အမည်ပေါက် ၀၉၅၃၊ အောင်သိဒ္ဓိကုန်းဟုခေါ်တွင်သောမြေကွက်နှင့် ၎င်းပေါ်ရှိ အဆောက်အအုံများ ဧရိယာ ၀ဒသမ ၇၀၀ကို ၁၉၄၉ခုနှစ်က (ဦးမင်းအောင်-ဒေါ်နှင်းရည်)တို့က ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ပါသည်။

ရန်ကုန်မြို့၊ အမှတ် ၁၈၇(က)၊ သူရ ၆ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးသန်းဝင်းနှင့် ညီအစ်ကိုမောင်နှမများက အထက်ဖော်ပြပါပစ္စည်းများ၏ အကျိုးခံစားခွင့်ရှိသူများ ဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့၏ ခွင့်ပြုသဘောတူညီချက် မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်တို့ ရောင်းချပြီးသည့်အစိတ်အပိုင်းမှ ကျန်ရှိသောအစိတ်အပိုင်းများကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အငှားချထားခြင်း၊ နေထိုင်ခွင့်ပေးခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းပေးခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**(ဦးမင်းအောင်-ဒေါ်နှင်းရည်)၏ သားသမီးများ၊**
**ဦးသန်းဝင်း ၁၂/သဃက(နိုင်)၁၁၅၅၈၆**
**ဖုန်း-၀၉-၇၃၂၅၇၅၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်နန်းခင်လေးမြင့် ၁၃/မနန(နိုင်)၀၁၀၂၂၃သည် တာချီလိတ်မြို့၊ ဟောင်လိတ်အုပ်စု၊ တော်ကော့(အပြင်)၊ အိမ်အမှတ် ၁၃၄ ရှိ မြေကွက်အလျား ၅၄ ပေ၊ အနံပေ ၁၄၀ ရှိ မြေကွက်အား ဦးညီကွက် ၁၃/တယန(နိုင်)၀၃၁၉၅၅ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့် လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နန်းခင်လေးမြင့်   ၁၃/မနန(နိုင်)၀၁၀၂၂၃**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ မခင်သီတာဝင်း ၁၄/ပသန(နိုင်)၀၀၀၁၀၁ ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ မခင်သီတာဝင်း ၁၄/ပသန(နိုင်)၀၀၀၁၀၁ ကိုင်ဆောင်သူက ၁၉-၉-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့်၂၁-၉-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာပါ ဦးသန်းထွန်း အမှတ် ၁၆၉၃၊ ပန်းတင်ကုန်းရပ်၊ အမှတ်(၅)ရပ်ကွက်၊ ဝင်းရတနာစတိုး၊ ရွှေပြည်သာဈေးကြီး၊ ပုသိမ်မြို့နေသူနှင့် အများသိစေရန်ကြေညာချက်တွင် ဖော်ပြပါရှိသော ဦးသန်းထွန်းသည် အမှတ် ၁၆၉၃၊ ပန်းတင်ကုန်းရပ်၊ အမှတ်(၅)ရပ်ကွက်တွင် လုံးဝနေထိုင်ခြင်းမရှိပါကြောင်းနှင့် ဝင်းရတနာစတိုးမှာလည်း ကျွန်မ မာမာစိန်၏ စတိုးဆိုင်သာဖြစ်ခြင်းကြောင့် နောက်နောင်တွင် ကျွန်မ၏ ဝင်းရတနာစတိုးဆိုင်ကို ထင်ယောင်ထင်မှားဖြစ်အောင် ထည့်သွင်းကြေညာခြင်းကို တားမြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ထပ်မံ၍ ကျွန်မပိုင် ဝင်းရတနာစတိုးနှင့်ပတ်သက်ပြီး ထိခိုက်နစ်နာစေမည့် ကြေညာချက်များပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**မမာမာစိန်**
**ဝင်းရတနာစတိုး**
**ရွှေပြည်သာဈေး၊ ပုသိမ်မြို့**

## ၂၉-၉-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၉ ပါ ကွမ်းခြံကုန်းမြို့နေ ဦးကိုကိုအောင်၏ ဇနီးအဖြစ် မသက်ဆိုင်တော့ပါကြောင်း ကြေညာချက်နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းအသိပေးခြင်းနှင့် ကျွန်မသာလျှင် တရားဝင်ဇနီးမယားကြီးဖြစ်ပါကြောင်း ဦးကိုကိုအောင်နှင့် အများသိစေရန်ကြေညာခြင်း

ကွမ်းခြံကုန်းမြို့၊ မင်းပိုင်းရပ်ကွက်နေ ကျွန်မ မခင်ငြိမ်းငြိမ်းခန့် ၁၂/ကခက(နိုင်)၀၅၂၀၁၃နှင့် ကွမ်းခြံကုန်းမြို့နယ်၊ ကမာပါကျေးရွာအုပ်စု၊ ထန်းတောကျေးရွာနေ (ဘ) ဦးဌေးရီ (ဒုတိယခရိုင်တရားသူကြီး၊ မိုးညှင်းမြို့နယ်)နှင့် (အမိ) ဒေါ်ဘောဘီသိန်းလှတို့၏ တစ်ဦးတည်းသောသား ဦးကိုကိုအောင် ၁၂/ကတန(နိုင်)၀၇၇၇၃၇တို့သည် ဥပဒေအရ အရွယ်ရောက်ပြီး လွတ်လပ်သူ အပျို/လူပျိုများဖြစ်၍ ၂၀၀၉ခုနှစ် ဇွန် ၉ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံးတွင်နှစ်ဦးသဘောတူ ထိမ်းမြားမင်္ဂလာ ကတိသစ္စာပြုလွှာပြုလုပ်ကာအကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ရာ သမီးလေး မယွန်းမီမီကိုအား ၁၃-၁၀-၂၀၁၀ရက်တွင်မွေးဖွားခဲ့ပြီး နှစ်ဘက်မိဘများ၏နေအိမ်တွင် နေထိုင်ခြင်းမပြုဘဲ မင်းပိုင်းရပ်ကွက်တွင် မိသားစုအေးချမ်းစွာဖြင့် အိမ်ငှားရမ်းနေထိုင်ခဲ့ပါသည်။

၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် ဦးကိုကိုအောင်သည် အပြစ်မဲ့သူ ဇနီးနှင့်သမီးလေးအား အကြောင်းမဲ့စွန့်ပစ်ကာ မိသားစုနေထိုင်ရာနေအိမ်မှ မိမိဆန္ဒအလျောက်ဆင်းသွားခဲ့ပြီး ထန်းတောကျေးရွာရှိ မိဘများ၏နေအိမ်တွင် နေထိုင်ခဲ့သော်လည်း ဇနီးဖြစ်သူ ကျွန်မနှင့် အကြင်လင်မယားအဖြစ် ပြတ်စဲခြင်းမရှိခဲ့ပါ။ ခင်ပွန်းဖြစ်သူအား ဂုဏ်သိက္ခာကျဆင်းစေရန် မမှန်မကန်စွပ်စွဲပြောဆိုခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ ရန်ပြုခြင်းအပါအဝင် မိဘများအား စော်ကားပြောဆိုခြင်းစသည်ဖြင့် လုံးဝ(လုံးဝ)ပြုမူပြောဆိုခဲ့ခြင်းမရှိပါ၍ မမှန်မကန်စွပ်စွဲပြောဆိုမှုများသာဖြစ်ပါသဖြင့် ဦးကိုကိုအောင်၏ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း တစ်ဖက်သတ်ကြေညာချက်အပေါ် အသိအမှတ်မပြုနိုင်ပါကြောင်း ပြန်လည်ရှင်းလင်းအသိပေးခြင်းနှင့် ကျွန်မသာလျှင် ဦးကိုကိုအောင်၏ တရားဝင်ဇနီးမယားကြီးဖြစ်ပါကြောင်း ဦးကိုကိုအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မခင်ငြိမ်းငြိမ်းခန့်   ၁၂/ကခက(နိုင်)၀၅၂၀၁၃**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်နန်းခင်လေးမြင့် ၁၃/မနန(နိုင်)၀၁၀၂၂၃သည် တာချီလိတ်မြို့၊ ဟောင်လိတ်အုပ်စု၊ တော်ကော့(အပြင်)၊ အိမ်အမှတ် ၁၃၄ ရှိ မြေကွက် အလျား ၅၀ဒသမ ၈ပေ၊ အနံပေ ၄၀ရှိ မြေကွက်အား ဦးကွတ်လီး ၁၃/တခလ(နိုင်) ၀၀၄၈၅၃ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နန်းခင်လေးမြင့်**
**၁၃/မနန(နိုင်)၀၁၀၂၂၃**

နယ်သတင်းနှင့်ဆောင်းပါး



# တောင်ငူမြို့ရှိ နံ့ရုံကပ်စာပေရေချမ်းစင်များတွင် စာစဉ်အတွဲ(၁)၊ အမှတ်(၄) စာအုပ်များဖြည့်

**တောင်ငူ အောက်တိုဘာ ၈**

တောင်ငူခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှနံ့ရုံကပ်စာပေရေချမ်းစင်များအား ဆေးရုံ၊ တောင်ငူတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကညနရုံး၊ မြို့မဈေး၊ တရားရုံး၊ အမေ့စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်စသည့် လူစည်ကားရာနေရာ၁၈ခုတွင်ဖွင့်လှစ်ထားရှိရာ အောက်တိုဘာ ၂ရက်က တောင်ငူ ပညာရေးကောလိပ်တွင် စာပေရေချမ်းစင် စာစဉ်အတွဲ(၁)၊ အမှတ် (၄)စာအုပ်များကို ထည့်သွင်းခဲ့သည်။ **(အပေါ်ပုံ)**

နံ့ရုံကပ်စာပေရေချမ်းစင်က စာအုပ်တွေဖတ်ရတာ ကျွန်မတို့အတွက် အကျိုးကျေးဇူးများစွာ ရရှိပါတယ်။ စာသင်ချိန်အားတိုင်း စာဖတ်ဖြစ်ပါတယ်။ ကျွန်မတို့ရရှိတဲ့ အသိပညာတွေကိုလည်း တာဝန်ကျရာမြို့ရှိ ကျောင်းသား ကျောင်းသူများနဲ့ ပြည်သူလူထုကို ထပ်ဆင့်ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်ဟု ပညာရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသူ မစုလှိုင်ဖြိုးက ပြောကြားသည်။

**မောင်ရွှေဝင်း(ပြည်)**

# အနောက်ပိုင်းခရိုင် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး၊အနောက်ပိုင်းခရိုင်၏ အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက်က အလုံမြို့နယ် မြို့နယ်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီးအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပညာရှင်များနှင့် ပြိုင်ပွဲဝင်သူများ၏ အဆို၊ အက၊ အရေး၊အတီးတို့ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုပန်းခြင်း လက်ဆောင်ပေးအပ်ခဲ့သည်။ **(ယာပုံ)**

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**



# ကျောက်မဲ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်

**ကျောက်မဲ အောက်တိုဘာ ၈**

ကျောက်မဲမြို့နယ် နားအိုက်ခန်း ကျေးရွာအုပ်စု နားအိုက်ခန့်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်လှစ်ပွဲကို အောက်တိုဘာ ၃ရက် ညနေ ၄နာရီက အဆိုပါရွာရှိ လျှပ်စစ်ထရန်စဖော်မာရှေ့တွင်ပြုလုပ်ရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာဦးသန့်ဇော်မြင့်၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆစ်ဗဟာဒူး HK ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးကုမ္ပဏီဥက္ကဋ္ဌ ဦးလေးခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က မီးခလုတ်နှိပ်ပြီး လျှပ်စစ်မီး စတင်ဖွင့်ပေးလိုက်သည်။

၎င်းနောက် ဖွင့်ပွဲအခမ်းအနားကို နားအိုက်ခန့်ရွာ မူလတန်းလွန်ကျောင်းတွင်ပြုလုပ်ရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဌေး၊ ကျေးရွာမီးလင်းရေးအတွက် မတည်လှူဒါန်းငွေကျပ်သိန်း ၅၀ကျော် လှူဒါန်းခဲ့သော HK ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးကုမ္ပဏီဥက္ကဋ္ဌ ဦးလေးခိုင်နှင့်ဇနီး ဒေါ်နန်းလောင်ခမ်း၊ မီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ၊ ရှမ်းယဉ်ကျေးမှုအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အဆိုပါ မီးလင်းရေးလုပ်ငန်းတွင် ကျပ်ငွေသိန်း ၁၂၀၀ကုန်ကျခဲ့ပြီး အိမ်ခြေ ၂၁၇အိမ်ကို ၂၄နာရီ လျှပ်စစ်မီးလင်းနိုင်ခဲ့ပြီး ဖြစ်သည်။

**မောင်မောင်(ကျောက်မဲ)**

# အော်ဂဲနစ်မြေဩဇာအကြောင်း အသိပညာပေး

**မြဝတီ အောက်တိုဘာ ၈**

မြဝတီခရိုင် မြဝတီမြို့နယ်ကရင်စာပေယဉ်ကျေးမှုရုံး၌ အောက်တိုဘာ ၂ရက်ကအော်ဂဲနစ်ဇီဝမြေဩဇာအကြောင်း ဟောပြောပွဲကိုကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး Organic မြေဩဇာအကြောင်း အသိပညာပေးဟောပြော၍မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစောလှကြည်က မြဝတီခရိုင်အတွင်း ကွင်းဆင်းအတွေ့အကြုံများကိုတောင်သူဦးကြီးများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လောင်းလိုက်(ဖ်)ထရေးဒင်းကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းထွန်းအောင်က ဇီဝအော်ဂဲနစ်မြေဩဇာအကြောင်းများနှင့်သုံးစွဲပြုပုံများကိုလက်တွေ့သရုပ်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**နဒီမြင့်မိုရ်(မြဝတီ)**

# လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်း ပဲခူးတိုင်းဒေသကြီးတွင်ဖွင့်

**ပဲခူး အောက်တိုဘာ ၈**

လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်း အမှတ်စဉ်(၂/၂၀၁၃)ဖွင့်ပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုးနှင့် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးတင်အောင်ဝင်းတို့ တက်ရောက်အမှာစကား ပြောကြားကြသည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် အမြင့်ဆုံးအထွက်နှုန်းကိုရရှိရေးအတွက် သီးနှံများကိုဖျက်ဆီးတတ်သည့် ပိုးမွှားရောဂါများကို သိရှိထားရန်နှင့် ဆောင်ရွက်ရမည့် ဘက်စုံသီးနှံ ကာကွယ်ရေးလုပ်ငန်းများ၊ ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ စနစ်တကျကိုင်တွယ်သုံးစွဲနည်းများ၊ စားသုံးမှုလုံခြုံစိတ်ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုရေး စသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်ခဲ့ခြင်းဖြစ်သည်။

ပဲခူးတိုင်း ဒေသကြီးအတွင်း ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း မြို့နယ် (၁၄)မြို့နယ်မှ ပိုးသတ်ဆေးနှင့်ဆေးဖျန်းကိရိယာအရောင်းဆိုင်ပိုင်ရှင်များ၊ တောင်သူများ၊ ကုမ္ပဏီဝန်ထမ်းများ၊ စိတ်ပါဝင်စားသူ ၁၇၆ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ၄ရက်ဖြစ်သည်။သင်တန်းအမှတ်စဉ်(၁)ကို စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ ပြည်မြို့တွင် ဖွင့်လှစ်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၁၅၀ တက်ရောက်ခဲ့သည်။

(၁၂၁)

# နောင်ချို၌ ဘိန်းဖြူနှင့်အတူတွေ့ သူနှစ်ဦး ဖမ်းဆီးရမိ

**လားရှိုး အောက်တိုဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူးယစ်တပ်ဖွဲ့စု ၂၄၊ နောင်ချိုလှုပ်ရှားမှုရဲအုပ်တင်ဌေး ဦးစီးအဖွဲ့သည် အောက်တိုဘာ၂ရက် မွန်းလွဲ ၂ နာရီခွဲက နောင်ချိုမြို့အဝင်တွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် မူဆယ်မှ မန္တလေးဘက်သို့ ခရီးသည်တင်မှန်လုံယာဉ်အသင်းမှယာဉ်မောင်းဇော်အောင်မောင်းနှင်လာသော ယာဉ်အမှတ် ၆ဃ/...အား သက်သေများနှင့်အတူ ခုံအမှတ်၁၇နှင့် ၁၈တွင် လိုက်ပါလာသည့် ခရီးသည် မင်းသူအောင်နှင့် ဒေါ်ထမ်းဆန်တို့ နှစ်ဦးအား ရှာဖွေရာ မင်းသူအောင်၏ခရီးဆောင်အိတ်အတွင်းရှိ DVD အောက်စက်အတွင်းလျှို့ဝှက်ထည့်သွင်းသယ်ဆောင်လာသော ပလတ်စတစ်အိတ်ဖြင့်ထည့်ထားသော ဘိန်းဖြူမှုန့် အလေးချိန်၁၅၇ဂရမ်ခန့်စီပါလေးထုပ်စုစုပေါင်း ဘိန်းဖြူအလေးချိန် ၆၀၀ဂရမ်တန်ဖိုး တစ်ဂရမ်လျှင်၁၉၀၀၀ကျပ်နှုန်းဖြင့် ငွေကျပ်၁၁၄၀၀၀၀တန်ဖိုးအားတွေ့ရှိသိမ်းဆည်းရမိသဖြင့် မင်းသူအောင်(၂၄)နှစ်ရွှေလက်ရွာ၊ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနေသူနှင့် ထမ်းဆန်(မ) (၅၄)နှစ် အသဲကွဲမှော်(ရွှေစတား)၊ ရှားဒူးဇွပ်ကျေးရွာ၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်နေသူတို့နှစ်ဦးအားအရေးယူထားရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## အသိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဘားအံလမ်း၊ (၉)ရပ်ကွက်၊ အမှတ် ၂၆၅ နေ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီဂီဝင်း ၁၂/ကမတ(နိုင်)၀၃၁၅၇၀ ၏အမည်ကို အလွဲသုံးစားပြုခြင်း၊ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းအောင်ပြုမူပြောဆိုခြင်း၊ ၎င်း၏ပိုင်ရေးဆိုင်ခွင့်တို့ကို ထိပါးနှောင့်ယှက်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် ဂုဏ်သိက္ခာထိခိုက်စေရန် ရည်ရွယ်၍ပြုမူခြင်းတို့ကို လုပ်ဆောင်နေသူများရှိနေပါ၍ ယင်းလုပ်ဆောင်မှုတို့ကို ယနေ့မှစ၍ ရပ်တန့်စေရန် အသိပေးတားမြစ်လိုက်ပါသည်။ ယင်းတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်၍ ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက လုပ်ဆောင်သူမည်သူကိုမဆို တည်ဆဲဥပဒေအရ ပြင်းထန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအောင် (အင်းတကော်) LL.B**
**အထက်တန်းရှေ့နေ**
**အမှတ် ၃၃၊ ငါးလွှာ၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၇၀၀၇၆**

## ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄ ဂျီ၊ မြေကွက်အမှတ် Southern ½ of III 46၊ မြေကွက်တည်နေရာအမှတ်(၄၂/၄၆)၊ ၄၄လမ်း၊ (၆)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် မောင်စိုးမြင့်အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် မောင်စိုးမြင့်ကွယ်လွန်သဖြင့် ဒေါ်ပိုအိန်(ခ)ဒေါ်ကြည်ကြည်နု(ခ)ဒေါ်ကြည်ကြည်အေး ၁၂/အလန(နိုင်)၀၃၄၉၇၈က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာရှိ တိုက်အမှတ် ၁၇၊ အခန်းအမှတ် ၂၀၁ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ဝင်းထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ချိုချိုဝင်း ၁၂/ကမတ(နိုင်)၀၁၉၈၀၂က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်များဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက် C-3၊ အခန်း ၁၀၁ ကို မူလအမည်ပေါက်ပိုင်ရှင် ဦးထွန်းဆွေထံမှ စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူထားသူ ဦးဇော်မျိုးကြည် ၁၄/မမန(နိုင်)၀၀၁၅၁၁ က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ ရတနာလမ်းသစ်အိမ်ရာရှိ တိုက်အမှတ် ၅၊ အခန်းအမှတ် ၀၀၃ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သိန်းနုထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူ ဦးဝင်းမြင့် ၁၂/ပဇတ(နိုင်)၀၁၈၅၅၇ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊မြေကွက်အမှတ် ၁၀၁၊ မြေဧရိယာ ၀ဒသမ၀၅၅၈ဧက၊ စတုရန်းပေ ၂၄၀၀၊ (အလျားပေ၄၀×အနံ ပေ၆၀)ရှိ ဦးငွေသိန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့်အားလုံးတို့ကို ဦးငွေသိန်းမှ ဦးကိုကိုအုန်း (ဘ)ဦးမောင်မောင်အုန်း သို့ ရောင်းချထားပါသည်။ ထိုမြေကွက်ကို ၂၀၁၃ခုနှစ် စက်တင်ဘာလ ၁၃ရက်တွင် တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဦးကိုကိုအုန်း ၁၀/သထန (နိုင်)၀၆၉၉၃၂ထံမှ ကျွန်မ ဒေါ်နွယ်နွယ်ဝင်း ၉/မထလ(နိုင်)၀၀၁၇၆၂ သည် အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်နွယ်နွယ်ဝင်း**
**၉/မထလ(နိုင်)၀၀၁၇၆၂**
**အမှတ် ၇၃၆၊ စုပေါင်းရုံးလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၅၀၆၈၃၀၄၊ ၀၉-၇၃၀၇၃၈၈၇၊ ၀၁-၅၈၄၄၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၂၊ မြေကွက်အမှတ် ၁၀၀၁၊ မြေကွက်တည်နေရာအမှတ် ၁၀၀၁၊ ၁၃၂ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးထွန်းကြည် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးထွန်းကြည်ကွယ်လွန်သဖြင့် ဒေါ်ခင်နွယ်သိန်း ၁၂/လမန(နိုင်)၀၆၄၂၁၁ က တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ သေစာရင်းများတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ပုသိမ်မြေ၊ မြေကွက်အမှတ် ၆၅၊ မြေကွက်တည်နေရာအမှတ် ၆၅၊ (၃)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးဝင်းမြင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဝင်းမြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်စန်းမြင့် ၁၂/ဒပန(နိုင်)၀၁၀၄၅၃ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Housing Project အိမ်ရာစီမံကိန်း၊ တိုက်အမှတ် (၅/၅)၊ အခန်းအမှတ် ၄၂ကို မူလအမည်ပေါက်ပိုင်ရှင် ဗိုလ်ကြီးအောင်မြတ်မိုး (ငြိမ်း)ထံမှ ဦးမျိုးချစ် ၁၂/မရက(နိုင်)၀၇၉၄၀၂က တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆စီ၊ မြေကွက်အမှတ် V ၂၀၉၊ မြေကွက်တည်နေရာ ၃၄၊ အင်းစိန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်လှအေး၊ ဒေါ်လှကြည်အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်လှအေး(အပျိုကြီးဘ၀)၊ ဒေါ်လှကြည်နှင့် ခင်ပွန်း ဦးလှသွင်တို့ ကွယ်လွန်သဖြင့် ဦးဉာဏ်ဝင်း ၁၂/ကမတ(နိုင်)၀၀၇၇၉၂ က တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဝဏ္ဏကျော်ထင် မဟာသဒ္ဓမ္မဇောတိကဓဇ**
**ဝိပဿနာတရားပြဆရာကြီး**
**ဦးဆတျယာနာရားယန်ဂိုအင်ကာ (S.N GOENKA)**

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ချုပ်၏ တရားပြဆရာကြီးနှင့် ဗန္ဓုလခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက် (MD)ဦးမောင်ရွှေ(ခ)B.L GOENKA-ဒေါ်နီနီရွှေတို့၏ ဖခင်ကြီးသည် ၂၉-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရသည့်အပြင် တပည့်ယောဂီများနည်းတူ သတိသံဝေဂများစွာ ဖြစ်ရပါကြောင်း။

**Chairman ဒေါ်စိန်စိန် (အောင် သံဆန်ခါ)နှင့်**
**ဒါရိုက်တာအဖွဲ့ဝင်များ**
**Aung Generation Seven Co.,Ltd.**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)စက်မှုဇုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဝဏ္ဏကျော်ထင် မဟာသဒ္ဓမ္မဇောတိကဓဇ**
**ဝိပဿနာတရားပြဆရာကြီး**
**ဦးဆတျယာနာရားယန်ဂိုအင်ကာ (S.N GOENKA)**

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ချုပ်၏ တရားပြဆရာကြီးနှင့် ဗန္ဓုလခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက် (MD)ဦးမောင်ရွှေ(ခ)B.L GOENKA-ဒေါ်နီနီရွှေတို့၏ ဖခင်ကြီးသည် ၂၉-၉-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရသည့်အပြင် တပည့်ယောဂီများနည်းတူ သတိသံဝေဂများစွာ ဖြစ်ရပါကြောင်း။

**ဒေါ်စိန်စိန်နှင့် သားများမိသားစု၊ ရန်ကုန်မြို့**

## ဦးစိန်ငွေး (ကျောက်ဆည်)
**(၁)နှစ်ပြည့် လွမ်းဆွတ်တမ်းတအမှတ်ဝေခြင်း**

ဖေကြီးရေ၊ ဒီနေ့ (၉-၁၀-၂၀၁၃ရက်)ဟာ အဖေကြီးနဲ့ခွဲခွာခဲ့ရတာ (၁)နှစ်ပြည့်မြောက်တဲ့နေ့ပါပဲ။ ဗုဒ္ဓရဲ့အဆုံးအမ၊ ဆရာသမားတို့ရဲ့ အဆုံးအမကို နှလုံးသွင်းပြီး ဖြေလို့ရတဲ့ အချိန်ရှိသလို၊ သဲအူပြတ်မျှ ဆွေးမြည့်ကြေကွဲလွမ်းဆွတ်နေရတဲ့ အချိန်တွေကလဲ လွမ်းမိုးဆဲပါပဲ၊ အဖေကြီးရဲ့ ကျေးဇူးတရားတွေ၊ ပုံရိပ်တွေက မိသားစုအတွက် အမြဲရှင်သန်လင်းလက်နေရာယူနေဆဲပါ။ လစဉ် အဖေကြီးအတွက် ရည်စူးပြီး သံဃာတော်များကို ဆွမ်း၊ ဆွမ်းဟင်းကပ်လှူပူဇော်ခဲ့ပါတယ်။ အခုလည်း (၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျောက်ဆည်မြို့ သပြေပင်ကျောင်းတိုက် မိုးကုတ်ရိပ်သာတရားစခန်းမှာ သံဃာတော်များနဲ့ယောဂီများကို သင်္ကန်း၊ ဝတ္ထုငွေ၊ ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ယောဂီတိုက်ကျောင်းဆောင် ဆောက်လုပ်ရေစက်ချ လှူဒါန်းခြင်းတို့ဖြင့် ဖေကြီးအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုလုပ်ပါတယ်။ ရောက်ရာဘုံဌာနက သာဓုခေါ်လိုက်ပါ အဖေကြီးရေ။

ကျေးဇူးရှင်အဖေကြီး အမျှ-အမျှ-အမျှ ရပါစေ။

ကောင်းမွန်မြင့်မြတ်ရာ ဘုံဌာနမှာ ချမ်းသာစွာခံစားရပါစေ။ **ကျန်ရစ်သူမိသားစု**

**ချစ်ဇနီး-မိနွယ်လေး၊ ချစ်သား၊ ချစ်သမီးများ၊ ချစ်မြေးများ**

## ဒေါ်အမြင့်(ခ)ဒေါ်မြင့်မြင့်
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ ၁/ ရပ်ကွက်၊ အနော်မာ ၁၂လမ်းအရှေ့၊ အမှတ် ၅၁၀နေ (ဦးဆယ်-ဒေါ်လှတင်)တို့၏ သမီးကြီး၊ ဦးအောင်တင့်-ဒေါ်စိန်စိန်၊ဦးသန့်ဇင်-ဒေါ်ခင်ခင်၊ဦးသိန်းဟန်- ဒေါ်တင်တင်ဝေ(ခ)ဒေါ်အဝေ (MPPE၊ ဓနိတော)၊ ဦးတင်ဦး-ဒေါ်စိုးစိုးထွေးတို့၏အစ်မ၊ ဦးမျိုးဝင်းမောင်၊ ဦးလှထွန်းဦး-ဒေါ်ဖြိုးဝေဟန်၊ ဦးခိုင်ဝင်းထွန်း-ဒေါ်နှင်းဝါဝါလှိုင်၊ မောင်ဗိုလ်ရှိန်၊ မခင်အိအိဇင်၊ မအေးမြမြသက်၊ မနှင်းဝတ်ရည်ဦးတို့၏အဒေါ်၊ မဆွေဇင်ရွှန်းလဲ့၊ မစောယွန်းနဒီတို့၏ အဘွားသည် ၅-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၃ ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးမြသိန်း
**လက်ထောက်ညွှန်မှူး(ငြိမ်း)**
**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်**
**အသက်(၇၆)နှစ်**

မုံရွာမြို့နေ (ဦးကျော်-ဒေါ်မ)တို့၏သား၊ မုံရွာမြို့နေ (ဦးစန်းမောင်-ဒေါ်တင်အေး)တို့၏ ညီ၊ ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ တိုက် ၃၃၊ အခန်း ၁၂၊ ဝေဠုဝန်အိမ်ရာစခန်း (ဝေ/မြောက်) နေ ဒေါ်တင်တင်အေး (အထက-၁၊ ကြည့်မြင်တိုင်၊ အလပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်နုနုခိုင် (အမေ့ရင်ခွင်မူကြို)၏ဖခင်၊ မထက်ထက်ရည် (1st Eng)၏အဘိုးသည် ၅-၁၀-၂၀၁၃ရက် (စနေနေ့) ည ၁၁း၃၀နာရီတွင် ဂျပန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၈၉၅၊ မြေကွက်တည်နေရာအမှတ် ၈၉၅၊ ဗိုလ်စောဦး ၂ လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်ခင်မူ ၁၂/မဂတ(နိုင်)၀၁၄၄၁၃အမည်ပေါက် နှစ် ၆၀ဂရန်မြေအားအမည်ပေါက် ဒေါ်ခင်မူနှင့်ခင်ပွန်း ဦးသိန်းအုန်း မိခင်၊ ဖခင်တို့အသီးသီးကွယ်လွန်သဖြင့် ဒေါ်ဝေဝေသိန်း ၁၂/ရကန(နိုင်)၀၀၅၆၆၆က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၆၈၁/၁၃(၁-၇-၂၀၁၃)ဖြင့်ရရှိသူ ဒေါ်တင်တင်ငွေး ၁၂/ စခန(နိုင်)၀၀၉၉၃၅က ပါဝါပေးသူသက်ရှိ ထင်ရှားရှိကြောင်းနှင့်ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြောက်၊ မြေကွက်အမှတ် ၁၁/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁/ခ၊ လယ်ယာ ၇ လမ်း၊ (၁၀)ရပ်ကွက်၊ သာကေတမြို့နယ် ဦးကံညွှန့် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကံညွှန့်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၉၆၄/၁၃)ရရှိသူ ဦးတင်ဝင်း ၁၂/ဥကတ(နိုင်)၀၆၅၆၃၃ က ပါဝါရုပ်သိမ်းထားခြင်းမရှိကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၄၊ မြေကွက်အမှတ် ၁၅၅၃၊ မြေကွက်တည်နေရာအမှတ် ၁၅၅၃၊ ကျောင်း ၃ လမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးသိန်းထွဋ်ဦး ၉/ပမန(နိုင်)၀၁၃၂၀၁ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးသိန်းထွဋ်ဦးထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးထွန်းလှိုင် ၁၄/ပသန(နိုင်)၀၆၉၉၉၇ ကွယ်လွန်သဖြင့် တရားဝင်ဇနီး ဒေါ်စန်းရီ ၁၄/ပသန(နိုင်)၀၆၉၉၉၅က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄၈၊ မြေကွက်အမှတ် ၁၀၅၀၊ မြေကွက်တည်နေရာအမှတ် ၁၀၅၀၊ (၁၄၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးကျော်ရဲထွန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်ရဲထွန်း ၁၂/ကမရ(နိုင်)၀၂၂၃၃၉ ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သင့်သွေးဖြင့် အသက်ကယ်ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်အောင်နိုင်(ခ)ဦးအေးလှိုင်**
**နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်၊ မော်ကွန်းဝင်ဒုတိယဆင့်**
**ဂျပန်ဘုရင့်စစ်တက္ကသိုလ် ဒုတိယပတ်ဗိုလ်သင်တန်းဆင်း(မင်္ဂလာဒုံ)**
**(ဂျပန်ခေတ်လေတပ်ပညာတော်သင်)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၇၄၊ သာယာအေးလမ်းနေ ဒေါ်စောရှိန်၏ခင်ပွန်း၊ ဦးကျော်လင်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်နီနီအောင်တို့၏ ချစ်လှစွာသောဖခင် ဗိုလ်အောင်နိုင်(ခ)ဦးအေးလှိုင်သည် ၃၀-၉-၂၀၁၃ ရက် ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ခရိုင်အင်ဂျင်နီယာမှူးနှင့် ဝန်ထမ်းများ**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**မော်လိုက်ခရိုင်**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်(ရန်ကုန်) ဥက္ကဋ္ဌ ဦးရွှေ၏ မွေးသဖခင်၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့၊ ကမ္ဘာ့ဝိပဿနာဆရာကြီး ဝဏ္ဏကျော်ထင် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ အသက်(၉၀)သည် ၂၉-၉-၂၀၁၃ရက် အိန္ဒိယစံတော်ချိန် ည၁၀း၄၀နာရီတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ဘဝတစ်ပါးကူးပြောင်းသွားသည်ကို သိရှိရသည့်အတွက် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အထက်မြန်မာပြည်ဟိန္ဒူဘာသာရေးအဖွဲ့ခွဲ**
**အမှုဆောင်ကော်မတီ(မန္တလေး)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်စိန်စိန်**
**အသက်(၉၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အိမ်အမှတ် H.1 နေ ဦးမောင်ကလေး ကျောင်းအုပ်ဆရာကြီး(ငြိမ်း)၏ဇနီး၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ချစ်လှစွာသောမိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်စိန်စိန် အသက်(၉၁)နှစ်သည် ၆-၁၀-၂၀၁၃ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

အမှတ် ၅၊ တပ်မတော်ဆေးရုံ(ခုတင် ၃၀၀)မှ တပ်မှူး ဗိုလ်မှူးကြီးမျိုးသန့်-ဒေါက်တာဒေါ်ခင်ခင်ဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်လှရင်သည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၅၀၀)တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင် ၅၀၀)**

**တပ်မှူးနှင့် ခွဲစိတ်ကုသမှုဌာန၊ အထူးကြပ်မတ်ကုသမှုဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်အောင်မြင့်**
**ဆရာမ(ငြိမ်း)၊ အထက(၁)တောင်ငူ**
**အသက်(၇၀)**

Htoo Groups of Company မှ Managing Director ဦးဖိုးသင်မောင်၏ မိခင် ဒေါ်ခင်အောင်မြင့် အသက်(၇၀)သည် ၃-၁၀-၂၀၁၃ရက် မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Kandawgyi Palace Hotel, Aureum Palace Hotel**
**Myanmar Treasure Hotels & Resort**
**မိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း
**ဦးသောင်းအေး**
**မန်နေဂျာ(အင်/ယာ)-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း**
**အသက်(၆၃)နှစ်**

၂၉-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် အရှေ့ဒဂုံမြို့နယ်၊ (၁၀) ရပ်ကွက်၊ ချမ်းသာရွှေပြည်အိမ်ရာဝင်း၊ C-28နေအိမ်၌ ကွယ်လွန်သွားသော ဦးသောင်းအေး၏နာရေးတွင် တရားတော်များကို ချီးမြှင့်ပေးပါသော ဆရာတော်၊ သံဃာတော်များ၊ နာရေးကိစ္စဆောင်ရွက်စဉ် တစ်လျှောက်လုံးကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ဖျာပုံမြို့နယ်၊ မအူပင်မြို့နယ်နှင့်အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသူငယ်ချင်းများ၊ မြန်မာ့သစ်လုပ်ငန်းမိသားစုဝင်များ၊ လှူဒါန်းရန် သင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများ၊ တရားအလှူတော်စာအုပ်ဓမ္မဒါန ကူညီသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်း၊ Emailတို့ဖြင့် အားပေးနှစ်သိမ့်ကြသော အဝေးရောက်ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ၊ ၅-၁၀-၂၀၁၃ရက် ရက်လည်ဆွမ်းကျွေးသည်အထိ အဘက်ဘက်မှ ကူညီပေးပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်စိန်စိန် အသက်(၉၂)နှစ်**

ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းသန်း-ဒေါ်တင်ဝင်း**
**ဒုတိယဝန်ကြီး(လယ်ယာ)**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်စိန်စိန်**
**အသက်(၉၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အိမ်အမှတ် H-1 နေ ဦးမောင်ကလေး (ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)၏ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ (စစ်ကိုင်းတိုင်းဒေသကြီး ပါတီဥက္ကဋ္ဌ)၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ချစ်လှစွာသော မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်စိန်စိန်အသက်(၉၁)နှစ်သည် ၆-၁၀-၂၀၁၃ရက် နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဟန်ရွှေ(ခ)လျောင်ချင်းဟွမ်**
**နန်ယန်ကျောင်းသားဟောင်း**
**အသက်(၈၃)နှစ်**

ဦးထွန်းလွင် (Managing Director, Shwe Me Co.,Ltd.) ဒေါက်တာ ယဉ်ယဉ်လှတို့၏ ဖခင်ကြီး ဦးဟန်ရွှေ(ခ)လျောင်ချင်းဟွမ်သည် ၃-၁၀-၂၀၁၃ရက် မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း

အထက(၁)ရန်ကင်း ကျောင်းအုပ်ကြီး ဦးစိုးသန်းသည် ၇-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ၊ဆရာမများ**
**အထက(၁)ရန်ကင်း**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**ဦးအေးသိန်း (မာမက်ဘိုင်)**
**(မော်လမြိုင်မြို့)**
**အသက်(၆၂)နှစ်**

[ဦးစူလ်တန်း(ခ)ဦးစိုးမြင့်-ဒေါ်လှရင်(ခ)ဒေါ်ဆဖူ] တို့၏သားထွေး၊ အမှတ် ၁၁၂၅၊ ကမ္ဘာ့ဌာန်းလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်ကြည်ကြည်မြင့်၏ခင်ပွန်း၊ ကိုတင်ထွန်းအောင်(Bobby) ရွှေယင်းမာ ပရိဘောဂ-ဒေါက်တာ ကေသီအေး(ရွှေဗဟိုဆေးရုံ)၊ မောင်မျိုးမင်းဇော်-မခင်စန္ဒီလင်း၊ မောင်နိုင်လင်း တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉း၄၅နာရီတွင် ပင်လုံဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အစွရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဗလီ၌ ဂျနာဇဟ်နမာလ်ဝတ်ပြုပြီး ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ရဲမှူးတင်ထွန်း
**ရဲ-၂၃၅၈၊ ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှူး၊**
**(ပျော်ဘွယ်)**
**အသက်(၅၈)နှစ်**

ပျော်ဘွယ်မြို့နေ (ဦးတင်အောင်-ဒေါ်တင်အုန်း)တို့၏တတိယသား၊ ရန်ကုန်မြို့နေ (ဦးသာရင်-ဒေါ်စန်းစန်းမြင့်)တို့၏သားသမက်၊ ဦးအေးဖေ-ဒေါ်ဆွေဆွေရှိန်၊ (ဦးစိုးတင့်)-ဒေါ်ကြူကြူစိန်တို့၏ညီ၊ ဦးသန်းထိုက်-ဒေါ်ခိုင်မြတ်ချစ်၊ (ဦးညီညီဝင်း)-ဒေါ်မာမာအေးတို့၏အစ်ကို၊ ဗိုလ်အေးချမ်းကို၊ မအေးမြတ်မွန် (B.Tech 2nd Years Civil,Mhaw Bi)၊ မောင်ရဲနိုင်ထွန်း(Grade 10-A၊ အထက၊ အဖျောက်)တို့၏ဖခင်၊ ဒေါ်ယဉ်ယဉ်မြင့်(ရဲအုပ်၊ ငြိမ်း)၏ခင်ပွန်းသည် ၇-၁၀- ၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၄၂/က၊ ဝါဦး ၃လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း
**ဦးထွန်းအောင်ဦး**
**(လ/ထ)ကထိက ( EC ဌာန-W.Y.T.U)**

၁-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)တွင် ဘဝတစ်ပါးပြောင်းသွားသူ ဆရာကြီး၏ နာရေးနှင့်ရက်လည်ဆွမ်းကျွေးသည်အထိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော လှိုင်သာယာနည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ်၊ EC ဌာနမှူး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ(မအူပင်၊ ပြည်၊ မော်လမြိုင်) GTIမှ ကျောင်းသားကျောင်းသူဟောင်းများနှင့်ရပ်ဝေးရပ်နီးရှိ မိတ်ဆွေများ၊ သူငယ်ချင်းများ၊ တပည့် များအား အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

# မြန်မာ-ထိုင်း နယ်ခြားတွင် ထိုင်းနိုင်ငံမှ စက်မှုဇုန်အမြန်ထူထောင်နိုင်ရေး အလားအလာများဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းနိုင်ငံ Amata Foundation ဥက္ကဋ္ဌ Mr. Vikrom Kromadit ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာတင်ရွှေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ မြန်မာ-ထိုင်း နယ်ခြားတွင် ထိုင်းနိုင်ငံမှ လာရောက်၍ စက်မှုဇုန်အမြန်ထူထောင်နိုင်ရေး အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# အာဆီယံနိုင်ငံများ၏ ထောက်လှမ်းရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အကြိမ်(၄၀)မြောက် အာဆီယံထောက်လှမ်းရေးအသိုက်အဝန်းညီလာခံသို့ တက်ရောက်လာကြသည့် ခေါင်းဆောင်များအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံအနေဖြင့် အာဆီယံထောက်လှမ်းရေးအသိုက်အဝန်းညီလာခံကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ညီလာခံကျင်းပသည့်အတွက် ဒေသတွင်းနိုင်ငံများရှိ ထောက်လှမ်းရေးအဖွဲ့အချင်းချင်း ပုဂ္ဂိုလ်ရေးအရ ထိတွေ့မှုများရှိစေပြီး နားလည်ယုံကြည်စိတ်ချမှု အလေ့အထကောင်းများနှင့် သတင်းအချက်အလက်များကို *စာမျက်နှာ ၃ ကော်လံ ၃* ❐

**ဒုတိယသမ္မတ ဦးညဏ်ထွန်း အာဆီယံထောက်လှမ်းရေး အသိုက်အဝန်းညီလာခံသို့ တက်ရောက်လာကြသည့် ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

# ကမ္ဘောဇအသင်း ဗိုလ်လုပွဲတက်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

ရန်ကုန် အောက်တိုဘာ ၈

**၂၀၁၃ MNL Cup ဘောလုံးပြိုင်ပွဲ ပထမဆီမီးဖိုင်နယ်ပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ ကမ္ဘောဇအသင်းက ရတနာပုံအသင်းကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။**




**ကမ္ဘောဇအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

**ကမ္ဘောဇ - နှစ်ဂိုး**
**(စိုးမင်းဦးနှင့်စထက်နိုင်ဝင်း)**
**ရတနာပုံ - ဂိုးမရှိ**

ကမ္ဘောဇအသင်းမှာ တစ်ပွဲထက်တစ်ပွဲ ပိုမိုကောင်းမွန်သည့် ခြေစွမ်းကို ပြသကာ နာမည်ကြီး ရတနာပုံအသင်းကိုအနိုင်ယူပြီး ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ ပွဲတိုင်းအနိုင်ယူပြီး ဆီမီးအဆင့်ကို တက်ရောက်လာသော်လည်း ယခုပွဲတွင် ကမ္ဘောဇနောက်တန်းကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ ကမ္ဘောဇအသင်းအတွက် အနိုင်ဂိုးများကို ၂၇ မိနစ်တွင် စိုးမင်းဦး၊ ၇၂ မိနစ်တွင် စထက်နိုင်ဝင်းတို့က သွင်းယူပေးခဲ့သည်။

**ယနေ့ပွဲ**

**(ဒုတိယဆီမီးဖိုင်နယ်)**

**ဟံသာဝတီ - မကွေး**

# မုံရွာမြို့ စိုးရိမ်ရေမှတ်

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၈၅စင်တီမီတာ(ခြောက်ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

# ထိုက်သင့်သောပြစ်ဒဏ်များ ကျခံပြီးဖြစ်သော အကျဉ်းသားများ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေး

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီမှ တင်ပြခဲ့သည့် အကျဉ်းထောင်/အလုပ်စခန်းများတွင် ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီးဖြစ်သော အကျဉ်းသား ၅၆ ဦးတို့အား နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကိုနားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (က)နှင့်အညီ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့မှစ၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# စဉ့်ကူးမြို့နယ်တွင် ထူးထူးကဲကဲ မိုးသည်းထန်စွာရွာ၊ ဈေး/ရုံးများနှင့် အိမ်ခြေ ၅၀၀ ခန့်နစ်မြုပ်

**စဉ့်ကူး အောက်တိုဘာ ၈**

စဉ့်ကူးမြို့နယ်တွင် အောက်တိုဘာ ၅ ရက်ညက ထူးကဲစွာရွာချသည့် မိုးကြောင့် စဉ့်ကူးမြို့ လက်ပန်လှကျေးရွာ၊ ညောင်ဝန်းကျေးရွာ၊ ရှောက်ပင်ရိုးကျေးရွာ၊ ရွာသစ်ကြီးကျေးရွာနှင့် ကြို့ပင်ကျေးရွာတို့ရှိ ဆေးခန်း၊ ရုံးဌာနအချို့နှင့် လူနေအိမ် ၅၀၀ ခန့် သုံးပေမှ ခြောက်ပေအထိ မိုးရေများ လျှံတက်နစ်မြုပ်ခဲ့ကြောင်း **(ယာပုံ)** သိရသည်။

စဉ့်ကူးမြို့ ဆင်ခြေဖုံးအနိမ့်ပိုင်း ရပ်ကွက်များတွင် နှစ်စဉ်မိုးရွာတိုင်း ရေနစ်မြုပ်မှုများ ကြုံတွေ့နေရသည်။ လက်ပန်လှကျေးရွာတွင် ဈေးနှင့်အိမ်များနစ်မြုပ်ခြင်းသည် ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် နစ်မြုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ကျေးလက်

*စာမျက်နှာ ၆ ကော်လံ ၁* ◆



မြန်မာ့အလင်း ကြော်ငြာကဏ္ဍ
၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၉ ရက်။ ဗုဒ္ဓဟူးနေ့
Advertisement













## ကျော်ကျော်နိုင်မိသားစု ကုမ္ပဏီလီမိတက်

# အောင်ချမ်းမြေ့

## ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း

**[JAPANESE LANGUAGE TRAINING CENTRE]**

**No.249, 2B**၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

ဖုန်း-၀၉-၅၁၅၉၈၇၀၊ ၀၁-၅၀၄၇၅၀၊ ၀၁-၅၀၉၀၇၉၊ ၀၉-၂၁၀၆၀၂၁၅

* **၁၇-၁၀-၂၀၁၃ ရက်မှ စတင်မည်။**
* သင်ကြားနိုင်သည့်အချိန် 09:00 AM to 04: 00 PM (Break 1 hour)
* သင်တန်းကာလ လေးလ၊ တစ်ပတ်ငါးရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ။
* ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအတွက် ဂျပန်စာ၊ စကား နာရီပေါင်း ၄၅၀ အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
* ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
* အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
* "အောင်"ပြီး "ချမ်းမြေ့"မှု တွေ့ရှိဖို့ "အောင်ချမ်းမြေ့" ကိုလာခဲ့ပါ။
* ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများအတွက် ကူညီပါသည်။







## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

အမှတ် ၃၈၈၊ မြေညီထပ်၊ မင်္ဂလာဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော မွေးမွေးကြိုင် အထည်ဆိုင်ပိုင်ရှင် ဦးအောင်ပြည့်ဖြိုး ၁၂/လမတ(နိုင်)၀၂၆၁၅၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**တရားဝင်မှတ်ပုံတင်သွင်းမည့် မူပိုင်အမည်အမှတ်တံဆိပ်**







မွေးမွေးကြိုင် အထည်ဆိုင်ပိုင်ရှင် ဦးအောင်ပြည့်ဖြိုးသည် အထက်ဖော်ပြပါ H2k ဟူသော အမည်တံဆိပ် အမှတ်အသားကို ကျား၊မ ဆိုက်စုံ ကလေးဝတ်အင်္ကျီ၊ ဘောင်းဘီ၊ ဂါဝန်၊ စကတ်၊ ကုတ်အင်္ကျီ၊ မိုးကာ၊ အတွင်းခံအင်္ကျီ၊ ဘောင်းဘီ၊ ဂျာကင်မှအစပြု၍ ကလေးဝတ် အဝတ်အစားမျိုးစုံတွင် ကပ်နှိပ်အသုံးပြုပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချရန်အတွက် မူပိုင်အဖြစ် တရားဝင်သုံးစွဲလိုပါသဖြင့် အမည်တံဆိပ် အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းကြေညာမည် ဖြစ်ပါသည်။

အဆိုပါ H2k အမည်တံဆိပ် အမှတ်အသားကို အသုံးပြုထားပြီးသူများရှိနေပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်ကြောင်း သတင်းစကား ပေးပို့အကြောင်းကြားစေလိုပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ H2k အမည်တံဆိပ်အမှတ်အသားကို ဦးအောင်ပြည့်ဖြိုးမှ တစ်ဦးတည်းမူပိုင်သုံးစွဲရန်အတွက် တရားဝင် မှတ်ပုံတင်သွင်းမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မွေးမွေးကြိုင် အထည်ဆိုင်ပိုင်ရှင် ဦးအောင်ပြည့်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာသျှား** B.A(Law), LL.B **(စဥ်-၄၁၉၆)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက် ၆၇(စီ)၊ အခန်း ၆ (ဒီ)၊ ယုဇနကွန်ဒို၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၄၃၅၁**







## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ကွင်းနံပါတ် ၂(ဘီ)၊ ဦးပိုင်အမှတ် ၃၃၊ ဧရိယာ ၀ဒသမ၀၉၈ ဧကရှိ မြေကွက်၏အနောက်ဘက်ခြမ်း(သို့မဟုတ်) ခြေရင်းဘက်ခြမ်း အနံ ၁၇½ပေ×အလျား ၉၃ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၅၉၀ဟုခေါ်တွင်သည့်နေအိမ်အား မူလပိုင်ရှင်ထံမှ အဆင့်ဆင့် ဝယ်ယူခဲ့ပြီး လက်ဝယ်ထားရှိပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးစိုးလင်းနှင့် ဒေါ်ခင်သန်းဌေးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်၊ နေအိမ်တို့နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနိုင်ဦး**(LL.B) **(စဥ်-၂၁၃၉၉)** **ဒေါ်လေးမြိုင်** (LL.B,D.B.L) **(စဥ်-၁၀၇၈၀)**

**အထက်တန်းရှေ့နေများ**

**အမှတ် ၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၂၉၂၆၄၊၀၉-၄၂၀၁၇၆၁၃၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန့်ဆည်မြို့နယ်၊ တိုင်းရင်းဆေးကုဌာန ပေ ၄၀×၃၀×၁၂ အုတ်ညှပ်သွပ်မိုး၊ ရေ၊ မီး၊ မိလ္လာ အပါအဝင် အဆောက်အအုံဆောက်လုပ်ရန်ရှိပါ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါ တင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူမည့်ရက်** - ၁၇-၉-၂၀၁၃ ရက်မှ ၁၆-၁၀-၂၀၁၃ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၁၇-၁၀-၂၀၁၃

(ဂ) **တင်ဒါတင်သွင်းရမည့်အချိန်** - ညနေ ၁၆:၀၀ နာရီ

၂။ သတ်မှတ်ရက် အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၈၇၀၊ ၂၂၅၃၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

[illegible]

## အများသိစေရန် ကြေညာချက်

[illegible]

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ခရိုင်ကျန်းမာရေးဦးစီးဌာန၊ ရမည်းသင်းမြို့**
**ခွဲစိတ်ခန်းအသစ် ဆောက်လုပ်ခြင်းလုပ်ငန်းအတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ခန်းအသစ် ဆောက်လုပ်ခြင်းလုပ်ငန်းပြုလုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** -၁၀-၁၀-၂၀၁၃
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၁၀-၁၁-၂၀၁၃၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန် အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့**
**ဖုန်း-၀၆၄-၄၀၄၆၉**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ အိုင်၊ မြေကွက်အမှတ် ၃၆၊ မြေအကျယ် ၆၆'၈" × ၂၉'၆" မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၀၉၊ ၉၁ လမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေအိမ်ပိုင်ဆိုင်ကြောင်းနှင့် ကန်ထရိုက်တိုက်သစ်ဆောက်ရန် 3m ဆောက်လုပ်ရေးသို့ အပ်နှံခြင်းအား အမွေဆိုင်များနှင့် သက်ဆိုင်သူ**

## အများသိစေရန်ကြော်ငြာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အရှေ့ရပ်ကွက်၊ ၉၁ လမ်း၊ အမှတ် ၈၅ နေသူ ဒေါ်တင်ကြည် ၁၂/မဂတ(နိုင်)၀၄၃၅၂၀ ထံမှ G.P မှတ်ပုံတင်-၉၅၉၁/၂၀၁၂ ဖြင့် ရရှိထားသူ ဒေါ်စန္ဒာ ၁၂/မဂတ(နိုင်)၀၄၉၃၂၇ ၏ ညွှန်ကြားချက်အရ အထက်ဖော်ပြပါ မြေကွက်နှင့် အိမ်ဟောင်းသည် မေတ္တာဖြင့် အပိုင်ပေးမှတ်ပုံတင်စာချုပ်အမှတ် ၅၁၅/၁၉၅၉ အရ မိခင် ဒေါ်အုန်းမြက သမီးဖြစ်သူ (၁) ဒေါ်တင်ကြည်၊ (၂) ဒေါ်ညွန့်ညွန့်သီ၊ (၃) ဒေါ်ညွန့်ညွန့်ရီတို့သို့ ပေးကမ်းခဲ့သော ပစ္စည်းဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်နှင့် အိမ်ဟောင်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာ၏မိခင် ဒေါ်တင်ကြည်က သုံးပုံတစ်ပုံပိုင်ဆိုင်ပါသည်။ ဒေါ်ညွန့်ညွန့်သီနှင့် ဒေါ်ညွန့်ညွန့်ရီတို့၏ အမွေဆက်ခံခွင့်ရှိသူများက သုံးပုံနှစ်ပုံ ပိုင်ဆိုင်ပါသည်။ ဒေါ်တင်ကြည်၏ သုံးပုံတစ်ပုံ ပိုင်ဆိုင်မှုကို အိမ်ဟောင်း ဖျက်၍ အိမ်သစ်ဆောက်ရန် ကန်ထရိုက်တာ ဦးတင်မြင့် 3m ဆောက်လုပ်ရေးအမှတ် ၈၄၊ ပထမထပ်၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ထံ အပ်နှံထားပြီးဖြစ်ပါကြောင်းနှင့် ဒေါ်ညွန့်ညွန့်သီနှင့် ဒေါ်ညွန့်ညွန့်ရီတို့၏ အမွေဆက်ခံခွင့်ရှိသူများအနေဖြင့် ကန်ထရိုက်တာ ဦးတင်မြင့် 3m ဆောက်လုပ်ရေးထံ ဤကြော်ငြာပါပြီး ၁၅ ရက်အတွင်း စာရွက်စာတမ်းများ ပြသဆက်သွယ်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဒေါ်ညွန့်ညွန့်သီနှင့် ဒေါ်ညွန့်ညွန့်ရီတို့၏ အမွေဆက်ခံခွင့်ရှိသူများအပေါ် တရားမကြောင်း တရားစွဲဆိုရလိမ့်မည်ဖြစ်ပါကြောင်း သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**၁။ ဦးလှမြင့်(ဒဂုံ) စဥ်-၉၀၁၂ ၂။ ဦးတင်အောင်ကြည် (တောင်သုံးလုံး) စဥ်-၃၀၇၂၂**
**အထက်တန်းရှေ့နေအဖွဲ့၊ အမှတ် ၇၊ မြေညီ၊ ၃၃ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀**

## ဆိုင်ခန်းငှားမည် (ပွဲစားမလို)

၂၅ပေ×ပေ၅၀၊ မြေညီထပ်၊ ဆိုင်ခန်းကျယ်
နေရာကောင်း၊ စိန်ဂေဟာရှေ့
လှည်းတန်းလမ်းမ၊ ဖုန်းပါ။
**ဆက်သွယ်ရန် - ဖုန်း-၀၉-၅၁၆၉၁၁၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄ လမ်း၊ အမှတ် ၄၄ မြေညီ/ညာဘက်တိုက်ခန်းတစ်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တန်ဟုန်းဟုန်း(ခ)စီစီနန်း(ခ) ကောလင်း ၁၂/မဂတ(နိုင်)၀၇၆၇၄၁ နှင့် ဒေါ်နီလာစိုး YKN-၀၀၆၁၄၉ ထံမှ ကျွန်တော် ဦးတင်ဟန် ၁၂/မဂတ(နိုင်)၀၀၁၅၇၀ က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းစရန်ပေး ကတိစာချုပ်ကို ချုပ်ဆိုလျက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ**
**ဦးတင်ဟန်**
**၁၂/မဂတ(နိုင်)၀၀၁၅၇၀**
**အမှတ် ၁၈၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၃၄၅၇၉**

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ လူနေရပ်ကွက်အမှတ် မြခွာညို၊ မြေကွက်အမှတ် ၁၀၉၊ ဧရိယာ ၀ ဒသမ ၁၀၃ ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြခွာညိုရိပ်မွန်၊ ရောဝဏ် ၃ လမ်း၊ အမှတ် ၅ ဟု ခေါ်တွင်သော နေအိမ်တို့နှင့်ပတ်သက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၇၀၄/၂၀၁၁ ၏ ၂၄-၄-၂၀၁၃ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအား အများသိစေရန်**

## ကြေညာခြင်း

အထက်ဖော်ပြပါ မြေနှင့်အိမ်ကို ဦးလူပေါ် ၁၂/မဂတ(နိုင်)၀၂၂၉၉၀ က ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခဲ့ရာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှု အမှတ် ၇၀၄/၂၀၁၁ ဦးလူပေါ်နှင့် ဒေါ်လေဘီ(ခ)ဒေါ်ချူလေဘီ ပါ-၂ ဖြင့် တရားရုံးက စစ်ဆေးကြားနာပြီးနောက် မြေနှင့်အိမ်ကို ကျွန်တော် ဦးလူပေါ် ပိုင်ဆိုင်ကြောင်း မြွက်ဟ ဒီကရီကို စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးခဲ့ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဦးလူပေါ်**
**၁၂/မဂတ(နိုင်)၀၂၂၉၉၀**
**အမှတ် ၅၊ ရောဝဏ် ၃ လမ်း၊**
**မြခွာညို(ယုဇန)၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

| | |
|---|---|
| [illegible] | [illegible] |

| | |
|---|---|
| [illegible] | [illegible] |

